

www.burmeseclassic.com
အချစ်နဲ့စွန့်စားခန်း လုံးချင်းဝတ္ထုသန့်သန့်
ရွှေဘဝင်
သွေးမြစ်ဝန်း
သစ္စာမွန်စာပေ
TSM
BURMESE CLASSIC
L လင်း
www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေခြင်း – ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်

အုပ်ရေ – ၅၀၀

တန်ဖိုး – (၅၀၀) ကျပ်

ထုတ်ဝေသူ – ဦးသက်လွင်(သစာမွန်စာပေ)(၀၀၇၇၃)
အမှတ်(၃၈)၊ မလွှကုန်းလမ်း
ကျောက်မြောင်း၊ တာမွေ။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ– ဦးသက်လွင် (၀၀၆၅၁)
သစာမွန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊
တာမွေလမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ကွန်ပျူတာ – ပန်းအိစံ

ဖြန့်ချိရေး – သစာမွန်စာပေ

စာအုပ်ချုပ် – သစာမွန်

၈၉၅.၈၃

ရွှေဘဝင်

သွေးမြစ်ဝန်း/ရွှေဘဝင်။–ရန်ကုန်

သစ္စာမွန်စာပေ၊ ၂၀၁၇။

၂၀၆–စာ၊ ၁၂×၁၈ စင်တီ။

(၁) သွေးမြစ်ဝန်း


BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

သစ္စာမွန်စာပေတိုက်
၂၀၁၊ ဒုတိယထပ်၊ (၃၂)လမ်းအထက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁-၃၄၁၄၂၁

www.burmeseclassic.com

www.burmeseclassic.com

(၁၉၈၈ ခုနှစ် အရေးတော်ပုံကြီးကို အခြေခံထားပြီး ရေးသားလိုက်သော ဝတ္ထုကလေးတစ်ပုဒ်ဖြစ်ပါသည်။ နိုင်ငံရေးဝတ္ထုမဟုတ်ပါ။ ချစ်ခြင်းနှင့်ပတ်သက်ပြီး စွန့်စားခဲ့သော ဇာတ်လမ်းကလေးပင်ဖြစ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

## စရိုက်ခရီးသည်များ

"ဒေါင်…ဒေါင်…ဒေါင်"

ခပ်ဝေးဝေးကင်းတဲမှ သံချောင်းခေါက်သံကို ကြားလိုက်သည်နှင့်လက်မှနာရီကို ကြည့်လိုက်တော့ ည (၁၂:၀၀)နာရီ တိတိ။

"ဟူး…."

သက်ပြင်းတစ်ချက်နှင့်အတူ စီးကရက်မီးခိုးငွေ့ကိုပါ မှုတ် ထုတ်ရင်း ကောင်းကင်ကြီးဆီသို့ မော့ကြည့်လိုက်မိပါသည်။ လပြည့်ကျော် (၃) ရက်နေ့မို့ ကောင်းကင်ထက်တွင် လမင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ကို တိမ်ဖြူလေးတွေက ဝိုင်းရံထားတာကို တွေ့မြင်ရသဖြင့် စိတ်ထဲမှာ ကြည်လင်သလို ခံစားလိုက်ရသည်။ သူထိုင်နေသော နေရာမှာ သခွတ်ပင်တံတားကြီး သံသုမာလမ်းကြီး၏ ပထမဦးဆုံး ချောင်းကူးတံတား၊ လူတော်တော်များများက သခွတ်ပင်တံတားလို့ ခေါ်ကြတယ်… နာမည်ကောင်းတစ်ခုနှင့် ရပ်တည်ခဲ့သော တံတားတော့မဟုတ်ခဲ့ပါ။ ခေတ်အဆက်ဆက် မကောင်းမှုတွေနှင့် ကျော်ကြားခဲ့သော တံတားပင်ဖြစ်ပါသည်။ တံတား၏တစ်ဖက်မှာ ဆို နယ်မြေပိုင်းခြားထားသော အခြေအနေတွေရှိနေသည်။ သူ့အုပ်စု နှင့်သူခေါင်းဆောင်လုပ်ပြီး ကြီးစိုးနေကြတဲ့ လူဆိုး၊ လူမိုက်တွေ ကျင်လည်ကျက်စားနေသော ကာလတစ်ခုဆိုရင် မမှားပါ။ ဒါပေမဲ့ သခွတ်ပင်တံတားကြီးကိုတော့ ပန်းအောင် ဆိုတဲ့သူက ကြီးစိုးထားသည်။ သူတို့ဘက်မှာက အစိုးရ အရက်ဆိုင်က ရောက်နေတာမို့ လူဆိုး၊ လူမိုက်တွေအတွက် သခွတ်ပင်တံတားကြီးကို မဖြစ်မနေဖြတ်ကျော်ခဲ့ပြီးမှ လာကြ ရမှာမို့ ပန်းအောင်ဆိုတဲ့ သူ့အတွက် သခွတ်ပင်တံတားကြီးမှာ အဓိကကျသောနေရာ တစ်ခုမဟုတ်လား။ ထိုတံတားကို စိုးမိုး ဖို့အတွက် ရိုက်ပွဲပေါင်းများစွာကို ဆင်နွှဲပြီးမှ စိုးမိုးသိမ်းပိုက်ခဲ့ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ပန်းအောင်ဆိုသည့်သူဟာ လူဆိုးလူမိုက်ဘဝကို မျိုးရိုးအဆက်ဆက်အမွေခံခဲ့သူတော့မဟုတ်ပါ။ ရပ်ကွက်ထဲတွင်ခပ်အေးအေးနေတတ်သူ၊ ပတ်ဝန်းကျင်တွင် လူချစ်လူခင်ပေါများသူလည်းဖြစ်သည်။ ရပ်ကွက်၏ သာရေး၊ နာရေး၊ ဘာသာရေးနှင့်လူမှုရေး ကိစ္စတွေမှာ တက်တက်ကြွကြွ ပါဝင်သူ ဖြစ်သည်။ ဖခင်ဖြစ်သူမှာ ရေဝတီသင်္ဘောလိုင်းတွင် ဆလင်ဖြစ်၍ မိခင်ဖြစ်သူမှာ အလယ်တန်းပြကျောင်းဆရာမဖြစ်ကာ ပန်းအောင်မှာ တစ်ဦးတည်းသောသားဖြစ်လေသည်။ ယဉ်ကျေးလိမ္မာသော မိခင်ကြီး၏ထိန်းသိမ်း မှုအောက်တွင်ကြီးပြင်းခဲ့ရသူဖြစ်သောကြောင့် ရိုင်းစိုင်းမှုတွေဆိုရှောင်ရှားခဲ့သူတစ်ဦးပါ။ ပန်းအောင်ဘဝတွင် ငယ်ပေါင်း သူငယ်ချင်း(၃)ယောက်ရှိခဲ့သည်။ ခင်မောင်ဦး၊ ဝင်းဇော်နှင့် စန်းဝင်းတို့ ဖြစ်ပြီး မူလတန်းကျောင်းသားဘဝတည်းမှ အထက်တန်းကျောင်း သားဘဝထိတွဲခဲ့ကြသော သူငယ်ချင်းတွေဖြစ်သလို ဘာကိုပဲ လုပ်လုပ်စိတ်တူကိုယ်တူလုပ်တတ်ကြသော သူများပင်ဖြစ်သည်။ ပညာရေးတွင်လည်း တော်ကြသူတွေဖြစ်သဖြင့် မိဘတွေက



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုအရင်းများသဖွယ် အသိအမှတ်ပြုကာ သူ့အိမ်ကိုယ်အိမ် ဝင်ထွက် စားသောက်နေထိုင်ခွင့်ပြုခဲ့ကြသည်။ တစ်နေ့…

"ပန်းအောင်…ပန်းအောင်"

ပန်းအောင်သူ့အိမ်ရှေ့တွင် ဂစ်တာတီးဖို့ ကြိုးညှိနေစဉ် ခင်မောင်ဦးရောက်လာပြီး ခေါ်လိုက်သဖြင့်

"ကိုဦးရာ မင်းကြည့်ရတာ အထိတ်တလန့်နဲ့ ဘာဖြစ်လာတာလဲ"

"ပြောစရာရှိလို့ကွ ဟိုကောင်(၂)ကောင်ရောက်မလာသေးဘူးလား"

"လာတော့မှာပါ၊ ခုမှ မိုးချုပ်ကာစရှိသေးတာ"

"မင်းဘာဖြစ်လာသလဲဆိုတာကို အရင်ပြောပါဦး"

"ဘောက်ထော်မှာ ဒီည (Play Boy) သန်းနိုင်တီးဝိုင်းရှိတယ်ကွ"

"ဟုတ်တယ်လေ မနေ့ကတည်းကသိနေတာဘဲ၊ အဲဒါဘာဖြစ်လဲ ကိုဦး"

"ငါတို့ သွားကြရင်ကောင်းမလား၊ စာမေးပွဲက နီးနေပြီဆိုတော့ ကျောင်းမှမတက်ရတာပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဦး ငါ့အိမ်ကလွတ်မှာမဟုတ်ဘူး ပြီးတော့ သွားရမှာ အဝေးကြီး စာမေးပွဲကကပ်နေတော့ ပိုပြီးတောင်လွတ်မှာ မဟုတ်ဘူးကွ"

"စာတွေက ကျေနေပါပြီ ငါ့ကိုယ်ငါယုံတယ်၊ ပြီးတော့ တီးဝိုင်းက လူစုံမှာကွာ ကြေညာထားတာအများကြီးပဲ၊ ဒီနေ့ ငါ မြို့ထဲကပြန်လာရင်း ဖတ်ကြည့်လာတာ"

ခင်မောင်ဦးပြောသလို သူလည်းထိုသတင်းကို ကြားပြီး ကတည်းက သွားကြည့်ချင်စိတ်ပေါက်နေတာ၊ စာမေးပွဲကြောင့် သာ စကားမဟဘဲ နေရခြင်းဖြစ်သည်။

"ဘယ်လိုလဲ ပန်းအောင်လိုက်မယ်မဟုတ်လား"

"အေးကွာ သွားတော့သွားချင်တယ်၊ ဟိုကောင်(၂) ကောင်လာရင်တိုင်ပင်ကြည့်တာပေါ့"

ပန်းအောင်တို့သူငယ်ချင်း(၄)ယောက်မှာ ဘာပဲလုပ်လုပ် စိတ်တူကိုယ်တူလုပ်တတ်ကြတာမို့ တစ်ဦးတည်း ချွန်ထွက်ပြီး တော့ဘာတစ်ခုမှ လုပ်ကြခြင်းမရှိခဲ့ကြပါ။ ခဏကြာတော့ ဝင်းဇော် နှင့်စန်းဝင်းတို့ရောက်လာကြသည်။ စန်းဝင်းမှ ရောက်ရောက်ချင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဦး ငါတို့ ဘောက်ထော်ကွင်းက တီးဝိုင်းကို လစ်ကြ မလား"

"မင်းပြောတာတောင် နောက်ကျနေပြီ ငါနဲ့ ပန်းအောင် ဒီကိစ္စကိုပဲပြောနေတာ"

"ဟုတ်တယ် မင်းတို့နှစ်ယောက် သဘောထားကို သိချင်လို့ စောင့်နေတာကွ"

"ဒါဆို ဘာမှ ညှိမနေနဲ့တော့ သွားကြမယ်"

"သွားတာတော့ ဟုတ်ပါပြီ ဝင်းဇော်ဘယ်လိုပုံစံမျိုးနဲ့ ထွက်မလဲ အိမ်က တီးဝိုင်းသွားမယ်ဆိုရင် လွှတ်မှာမဟုတ်ဘူး"

"ဒီလိုလုပ် ဆရာဦးအောင်မြင့်အိမ်မှာ သချာသွားပြီး တွက်ရမယ်ဆိုပြီးလစ်မယ်"

"ဝှတ်··ဝင်းဇော်··မင်းပြောတဲ့မဟာအကြံ အကောင်း ဆုံးပဲ···· အိမ်တွေကို သွားပြောပြီးတာနဲ့ လမ်းထိပ်မှာဆုံကြမယ်၊ ကားတော့ မှီနိုင်သေးတယ်"

"အေး···"

ပန်းအောင်တို့အားလုံး ကိုယ်စီလမ်းခွဲလိုက်ကြသည်။ နာရီ ဝက်လောက်ပင်မကြာ၊ လမ်းထိပ်တွင် ရှေ့ဆင့်နောက်

www.burmeseclassic.com



ဆင့်ရောက်လာကြပြီး ကားဂိတ်ရှိရာသို့ ထွက်လာခဲ့ကြသည်။

(၁)ကားဂိတ်သို့ရောက်တော့ မြို့ထဲဘက်ကိုတက်သည်။ နောက်ဆုံးကားထွက် တော့မှာမို့ ကံကောင်းကြသည်။

"ဟူး…တော်ပါသေးရဲ့ ဒီကားသာမမီရင် ဘောက်ထော်ထိကို လမ်းလျှောက်ရမယ့်ကိန်းပဲကွ"

ပန်းအောင်တို့ ကားပေါ်ကိုရောက်ပြီး သိပ်မကြာခင်မှာပဲ ခရာဗွတ်သံနှင့်အတူ ဘတ်(စ်)ကားကြီးထွက်သည်။

"ငါတို့ရပ်ကွက်ကလဲ မြို့နဲ့ဝေးလိုက်တာ လိုင်းကားတွေက ရှားမှရှားဆိုတော့ သွားရလာရတာခက်တယ်"

"မင်းက ငါတို့ဘက်ကိုမပြောနဲ့ဦး ဘဝမြင့်ဘက်ဆိုရင် ပိုပြီးဒုက္ခရောက်တယ်။ မြို့ထဲကိုသွားချင်ရင် သဃ်န်းကျွန်းဘက်ကနေသွားကြရတာ ညဆိုရင် ဘယ်ကားမှမလိုက်တော့ဘူး"

"ကိုဦးရ ညဘက်မပြောနဲ့ တစ်ခါတစ်ခါ နေ့ဘက်ပေါ်တင်ကြီး ဝင်လုတာတွေ မိုက်ကြေးခွဲတာတွေတောင် လုပ်နေကြတာ"

"လူမိုက် ဆင်ကြီးဆိုတဲ့ကောင်က နာမည်တော်တော်ကြီးနေတယ်၊ သူ့ကြောင့် ကွဲခဲ့တဲ့ကောင်တွေမနည်းဘူး၊ ငါတို့လမ်း

www.burmeseclassic.com



ထိပ်က ကိုစံမြင့် အဲလုပ်ကညနေအပြန်မှာ ပေါ်တင်ကြီးရိုက်လွှတ်လိုက်တယ်။ ပြီးတော့ ပြောသေးတယ် (၃)ရပ်ကွက်ထဲက ကောင်တွေမို့ရိုက်တာတဲ့"

"အေးပေါ့ကွာ သူ့ပိုင်နက်ထဲမှာဆိုတော့ ခံရမှာပေါ့ကွာ အုပ်စုဖွဲ့ပြီး လူမိုက်ခေါင်းဆောင်လုပ်နေတာ"

"ဒီလိုကောင်မျိုးကို ပုလိပ်တွေက မဖမ်းဘူးလား"

"ဘယ်ဖမ်းမလဲကွ ဒီလိုကောင်တွေကို လက်သပ်မွေးပြီး သူ့ကြိုးနဲ့ သူ့ကိုချည်ထားတာကွ"

"ဒါကြောင့် ဒီကောင်တွေ လူပါးဝပြီး ရိုင်းစိုင်းနေတာ"

"ကဲပါကွာ၊ ဒီအကုသိုလ်ကောင်တွေအကြောင်းတွေ ပြောမနေပါနဲ့ ခေါင်းစားတယ်"

ပန်းအောင်တို့ ဘောက်ထော်ကွင်းကိုရောက်တော့ တီးဝိုင်းက စနေပြီဖြစ်သည်။ ရုံဝင်ကြေးမပေးနိုင်သလို လက်မှတ်မရှိတာကြောင့် ရုံတွင်လူပြည့်ပြီး ရုံကွဲချိန်စောင့်ကြရင်း အပြင်ကပဲ တီးဝိုင်းနှင့်သီချင်းဆိုသံကို နားထောင်နေကြရသည်။ အကယ်၍ ရုံကွဲပြီဆိုသည်နှင့် တိုးကြိတ်ဝင်ကြရင်း လူစုကွဲသွားရင် ဆုံကြရမည့်နေရာကိုတစ်ခါတည်း ပြောထားကြပြီး ရုံကွဲ

www.burmeseclassic.com



မည့်အချိန်ကို စောင့်နေကြသည်။

"ဘေးဘက်မှာပေါက်သွားပြီ"

သူတို့လိုပင် အခြေအနေစောင့်နေကြသူတစ်ဦးအသံကြောင့် ပန်းအောင်တို့(၄)ယောက် ဘေးဘက်ဆီသို့ပြေးကြရင်း (၂)ဦးစီဖြစ်သွားကြသည်။ ပန်းအောင်နှင့်ကိုဦးက တစ်တွဲ၊ ဝင်းဇော်နှင့် စန်းဝင်းကတစ်တွဲ ပေါက်သွားသွားသော ထရံချပ်မှ ရုံထဲသို့ တိုးဝင်ကြသလို ရှေ့မှမီးသတ်နှင့်လုံခြုံရေးပုလိပ်တွေက တားပေမဲ့မရကြပါ။ ပရိသတ်အားကောင်းတာကြောင့် နောက်ဆုံး ရုံကို ဖွင့်ပေးလိုက်ရတော့သည်။

ထိုကဲ့သို့ ပွဲတွေဟာ ပန်းအောင်တို့အတွက်ဘာမှမခဆန်းကြယ်သော ပွဲတွေပင်ဖြစ်ပါသည်။ အကြိမ်ကြိမ် ခုလိုပဲ ရုံပွင့်ချိန်ကိုစောင့်ပြီး တီးဝိုင်းကြည့်ခဲ့ကြတာမဟုတ်လား။

တီးဝိုင်းပြီးသည်နှင့် ဆုံနေကျနေရာတွင် ပန်းအောင်တို့(၄)ယောက် ပြန်ပြီးဆုံခဲ့ကြသည်။ အိမ်အပြန်ခရီးတွင် ကားမရှိတော့သဖြင့် ထုံးစံအတိုင်းလမ်းလျှောက်ပြီးစပြန်ခဲ့ရတာ ခုလို တီးဝိုင်းရှိသည့်အခါတိုင်းပင်ဖြစ်၏။ တချို့ကြားကားတွေ ရှိပေမဲ့ ပန်းအောင်တို့ တောင်ဥက္ကလာပမြို့နယ်အစွန် ရပ်ကွက်ထိကို

www.burmeseclassic.com



ဘယ်ကြားကားမှ မသွားကြတော့ပါ။

သူငယ်ချင်း(၄)ယောက် တီးဝိုင်းအကြောင်းတွေကို စကားပြောရင်း ပြန်ခဲ့ကြသည်။ ဒီဇင်ဘာလထဲကို စတင်ဝင်ရောက်နေပြီဖြစ်တာမို့ ချမ်းစိမ့်စိမ့်ဒဏ် စတင်ပြီးခံစားနေကြရသည်။ တစ်ယောက်ကိုတစ်ယောက် ဖက်ပြီး ကဏ္ဍာရာလမ်းအတိုင်းလျှောက်ခဲ့ကြရင်း.....

"ငါတို့ ဘယ်လမ်းကပြန်မလဲ ကိုဦး..."

"ကျိုက္ကစံ ဘုရားလမ်းရှေ့ကနေ ဖြတ်ပြီးပြန်ရင်ကောင်းမယ်၊ ဝေဇယန္တာလမ်းအတိုင်းဆိုရင် အဝေးကြီး ပတ်ပြန်ရမှာ"

တီးဝိုင်းပြီးချိန်က ည (၂း၀၀)နာရီရှိနေပြီတာမို့ အားလုံးအိပ်ချင်နေကြပြီဖြစ်သည်။

"ကိုဦး ကျိုက္ကစံဘုရားလမ်းဘက်ကဆို ဘဝမြင့်ဘက်က နေဖြတ်ရမှာ..ဖြစ်ပါ့မလား"

"ဘာလို့မဖြစ်ရမှာလဲ၊ ကိုယ့်လမ်းကိုယ်သွားတာ"

ဝင်းဇော်မှာ ငယ်ငယ်လေးကတည်းက ကြောက်တတ်သူဖြစ်တာကြောင့် ဘဝမြင့်ဘက်ကနေ သွားရမှာကို တွန့်ဆုတ်နေခြင်းဖြစ်သည်။

www.burmeseclassic.com



လူဆိုးလူမိုက်တွေ သောင်းကျန်း ဆိုးသွမ်းသောနယ်မြေ ဖြစ်တာကြောင့် ညဘက်ဆိုရင် ထိုလမ်းမကြီးကို လူတော်တော် များများက ရှောင်ရှားကြသည်။ ပန်းအောင်တို့ မကြာခဏ သတင်း ကြားကြားနေရသည်။ ထိုလမ်းမကြီးပေါ်တွင် ရိုက်မှု၊ လုယက်မှု၊ ရမ်းကားမှုတွေကြောင့် မိဘတွေက ညဘက်မဆို ထားနှင့်နေ့ ဘက်တောင် ဘဝမြင့်ဘက်ဆိုရင် မသွားခိုင်းပေ။

"ကိုဦး…ကြောက်လို့ပြောတာမဟုတ်ဘူး၊ ငါတို့ ဘဝမြင့်ဘက်က မသွားဘဲ မင်္ဂလာလမ်းဘက်ကနေ ရပ်ကွက် ထဲကို ဖြတ်ဝင်ရင်ကောင်းမယ်၊ ဟိုရက်ပိုင်းက ငါတို့ရပ်ကွက်က လူတွေနဲ့ ဘဝမြင့်ကလူတွေ ရိုက်ပွဲဖြစ်တာ၊ ဘဝမြင့်ဘက်က ကောင်တွေ အထိနာသွားတယ်၊ ဒါကို ဒီကောင်တွေ အစာကြေမှာ မဟုတ်ဘူး"

"ဟုတ်တယ်…ပန်းအောင်ပြောသလို မင်္ဂလာလမ်း ဘက်ကနေ သွားတာ အန္တရာယ်ကင်းတယ်"

"မင်းတို့သဘောပဲကွာ"

အာရုဏ်လာချိန်တဖြည်းဖြည်းနီးကပ်လာသဖြင့် အအေးကပိုပြီးကောင်းလာသည်။ အိပ်ချင်စိတ်ကြောင့် ခြေလှမ်း

www.burmeseclassic.com



ခပ်သွက် သွက်လေးလျှောက်ခဲ့ကြရင်း ကျိုက္ကစံဘုရားကြီးနားသို့ ရောက်ခဲ့ကြသည်။ နည်းနည်းထပ်သွားပြီးလျှောက်လိုက်လျှင် မင်္ဂလာလမ်းဘက်ကိုရောက်တော့မှာဖြစ်သဖြင့် သူငယ်ချင်း(၄) ယောက် ခြေလှမ်းတွေမှာ ပို၍မြန်ဆန်နေကြတော့သည်။

ကျိုက္ကစံဘုရားလမ်းမကြီးနှင့်မင်္ဂလာလမ်းကွေ့မှာ အတတ်တိုင် မီးတွေက မလင်းသဖြင့်မှောင်မဲနေသည်။ ထိုနေရာသို့ အရောက်တွင်ပန်းအောင်စိတ်ထဲတွင်အန္တရာယ်တစ်ခု၏ အငွေ့ အသက်ကို ရလိုက်သလို ခံစားလိုက်ရသည်။

"ဟင်...ဟာ..."

စိတ်ထဲတွင် ထင်သည့်အတိုင်း မင်္ဂလာလမ်းအကွေ့တွင် လူ(၅)ယောက် တုတ်များကိုယ်စီနှင့် လမ်းကိုပိတ်ပြီးရပ်နေတာ ကို တွေ့လိုက်ရသည်။

"ဟော့ကောင်တွေ ရပ်စမ်း"

"ကိုဦး..."

ဝင်းဇော်ရှေ့မှလူတွေကိုမြင်သည်နှင့် သွေးပျက်ကာ ကိုဦး နားတွင်ဝင်ပြီးကပ်နေသည်။

"ဝင်းဇော် ဘယ်လိုဖြစ်နေတာလည်း"

www.burmeseclassic.com



"ပန်းအောင်အခြေအနေမကောင်းရင် ထွက်ပေါက်ကိုရှာ ထား ကိုယ့်မှာဘာလက်နက်မှမပါဘူး"

ရန်ပွဲအတွေ့အကြုံမရှိကြပေမယ့် ကြားဖူးနားဝတွေရှိတာ မို့ အခြေအနေပေါ်မှာမူတည်ပြီး လှုပ်ရှားကြရမှာဖြစ်သည်။

ဓားရှည်ကို ကိုင်ထားတဲ့ကောင်မှ ပန်းအောင်တို့ရှေ့သို့ ရောက်လာပြီး…

"မင်းတို့ (၁၃)ရပ်ကွက်က ကောင်တွေမဟုတ်လား"

"ဟုတ်တယ်"

ကိုဦးအသံက ခပ်မာမာပဲပြောလိုက်သဖြင့် တစ်ဖက် ကောင်မျက်နှာမှာ ခက်ထန်သွားသည်။

"မင်းတို့နဲ့ ငါတို့ကြားမှာ ဘာကိစ္စမှ အရှုပ်အထွေးဘူး ပြဿနာမရှာပါနဲ့"

"ဘာလို့ အရှုပ်အထွေးမရှိရမှာလဲကွ မင်းတို့(၁၃) ရပ်ကွက် ကကောင်တွေ ငါတို့ကောင်တွေကို ကျွေးမွေးထားတဲ့ ရာဇဝင်ကို ဆပ်ရမှာကွ"

"မင်းတို့နဲ့ ဖြစ်တဲ့ကောင်တွေဆီက အကြွေးသွားတောင်း ငါတို့နဲ့ ဘာမှမပတ်သက်ဘူး၊ ရပ်ကွက်တူပေမယ့် သမိုင်းကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ဘူး"

"ခုမှ သွေးပျက်မနေနဲ့ ငါတို့ကတော့ ရစရာရှိတဲ့ အကြွေးကို တောင်းရမှာပဲကွ"

ပန်းအောင် သဘောပေါက်လိုက်ပြီဖြစ်သည်။ အခြေ အနေတွေက အကောင်းဘက်ကို ကူးပြောင်းနိုင်သောအခြေအနေ ဟုတ်တော့ပေ။ ခုပွဲတွင် သူနှင့်ကိုဦးသာ အဓိက ကျနေတာ မို့ ဝင်းဇော်နှင့်စန်းဝင်းကို ထွက်ပေါက်ပေးရတော့မည်ဖြစ်သည်။ ဘက်နက်ရှိသူနှင့်လက်နက်မဲ့သူ ရင်ဆိုင်ကြရမှာဖြစ်ပေမဲ့ ကိုဦး နှင့်သူ့ကို ငယ်စဉ်ကတည်းက ကိုဦးဖခင် ဦးအောင်မြင့်မှ ကိုယ်ခံ ပညာကို သင်ကြားပေးထားသူတွေဖြစ်တာမို့ အရှောင်အတိမ်း ကောက်တော့ကျွမ်းကျင်ကြသည်။ ကျောင်းတွင်ပြုလုပ်သော နိုင်းပြိုင်ပွဲတွေ၊ မြို့နယ်လိုက်သိုင်းပြိုင်ပွဲတွေတွင် ဆုတော့ မရခဲ့ပေမဲ့ ပြိုင်ပွဲဝင်ခဲ့သော အတွေ့အကြုံတွေတော့ရှိကြသူတွေ ဖြစ်သည်။

ပန်းအောင်က တချို့သော ကရာတေးကလပ်သင်တန်း တွေမှာတောင် သွားရောက်ပြီး လက်ရည်စမ်းဖူးသူဖြစ်သည်။

"ကိုဦး..သတိထား"

"အေး…"

တစ်ယောက်နှင့်တစ်ယောက် သတိပေးလိုက်ပြီး တစ်ဖက်မှ လှုပ်ရှားမှုကို စောင့်နေချိန်မှာပဲ…

"ဆွဲကွာ… ရှင်းတော့"

"ဝို…"

အမှောင်ထုထဲမှ ဝင်ရောက်လာသော တိုက်ခိုက်မှုတွေကို အသင့်အနေအထားကနေ အရင်ဆုံးစားရှည်ကိုင်ထားတဲ့သူကို ပန်းအောင် အနီးကပ်ရင်ဆိုင်လိုက်သည်။

"ဖြောင်း…ဒုတ်…အီး…အ…"

တစ်ဖက်ရန်သူမှာ သူတို့ထင်ထားသလို ခပ်လွယ်လွယ် နှင့်ပြီးမည်ဟု လျော့တွက်မှုကြောင့် ပန်းအောင်နှင့်ကိုဦးတို့ တုံ့ပြန်တိုက်ခိုက်မှုကို လှုလှုပပကြီးခံလိုက်ကြရသည်။

ထိုအခြေအနေကို အခွင့်ကောင်းစောင့်ပြီး…

"စန်းဝင်း…ဝင်းဇော်ကိုခေါ်ပြီးလစ်တော့"

"မင်း…မင်းတို့…"

"သွားမှာသာ သွားစမ်းပါကွာ"

စန်းဝင်းကို တွန်းလွှတ်ပြီး သူနှင့်ကိုဦးတစ်ဖက်

www.burmeseclassic.com



တိုက်ခိုက်သူကိုဟန့်တားနိုင်ရန် ကျောချင်းကပ်လိုက်သည်။

"မင်းတို့က ဒီလိုလား ရတယ်"

အထိနာသွားတဲ့ ကျားဆိုးတွေလို သူနှင့်ကိုဦးကို သဲကြီးမဲကြီးဝင်ရောက် တိုက်ခိုက်တော့သည်။ (၅)ယောက် (၂)ယောက် လက်နက်ရှိနှင့် လက်နက်မဲ့တို့၏ ရန်ပွဲဖြစ်တာကြောင့် ရှောင်တိမ်းရင်း ထွက်ပေါက်ကိုရှာကြရတော့သည်။

"ဒုတ်…အီး…"

"ဟင်…ကိုဦး"

"ရ…ရတယ် ဘေးဘက်ကထွက်တော့"

ကိုဦးကို ထိသွားပြီးဆိုတာသိပေမဲ့ ဘယ်လိုမှဝင်ပြီး ကာလို့မရတာကြောင့် ကိုဦးလက်ကိုဆွဲပြီး ဘေးဘက် ထောင့်ချိုးကို ပြေးခဲ့ကြရတော့သည်။ သူတို့ကို ရန်ပြုတဲ့ကောင်တွေက ခပ်ကွက်ထဲထိဝင်ပြီးတော့ မလိုက်တော့ဘဲ လမ်းဝတွင်ကျန်ရစ်ခဲ့ကြတော့ မှ…

"ကိုဦး…ကိုဦး"

"ပန်းအောင် ငါ…ငါ့…ရင်ဘတ်မှာ"

"ဟာ…"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးတွေ ပြာဝေသွားသည် ခေတ်တိုင် မီးရောင်အောက်တွင်တွေ့လိုက်ရသော သွေးတွေမှာ မြင်၍မကောင်း…။

“ငါ….ငါ…အသက်ရှူ..ကျပ်..ကျပ်တယ်”

ဝင်းဇော်နှင့် စန်းဝင်းမှာ အရိပ်အယောင်တောင်မမြင်ရတော့တာကြောင့် သူဘာလုပ်မည်ဆိုတာကို စဉ်းစားပြီး.. သူ့အပေါ်အင်္ကျီကို ချွတ်ပြီးကိုဦးရင်ဘတ်တွင် ပတ်ပေးလိုက်သည်။ ယခုချိန်မှာ သူလုပ်ရမှာက ကိုဦးကို ဆေးရုံပို့ပေးရေးပင်ဖြစ်သည်။ ဒီလိုချိန် ဒီလိုနေရာမှာ ကားရဖို့က လုံးဝမဖြစ်နိုင်သူ့အတွက် နောက်ဆုံးလုပ်စရာဆိုလို့ ရပ်ကွက်ကောင်စီရုံးကိုသွားပြီး အကူအညီတောင်းရုံတစ်ခုပဲ ရှိတော့သည်။

“ကိုဦး ငါ့ပုခုံးပေါ်ကိုတက်”

“ပန်းအောင်”

“တက်ဆိုတက်ကွာ”

ကိုဦးကို ပုခုံးပေါ်ကိုတက်ခိုင်းပြီး ကျောပိုးကာ ရပ်ကွက်ကောင်စီရုံးဆီသို့ ထွက်လာခဲ့တော့သည်။

“ပန်းအောင်…ကိုဦး”

လမ်းတွင် ဝင်းဇော်…စန်းဝင်းတို့နှင့် ရပ်ကွက်လူကြီး

www.burmeseclassic.com



တွေကို တွေ့လိုက်ရလေသည်။

"ကျွန်တော့် သူငယ်ချင်းကိုကယ်ပါ သူ ခါးထိထား တယ်"

"ဟာကွာ..."

" ဆေးရုံကိုပို့ဖို့ မြန်မြန်စီစဉ်ကြလေ...ဪ ....င်းတို့ထဲက တစ်ယောက်က ဒဏ်ရာရတဲ့ကလေးမိဘတွေဆီကို သွားပြီး အကြောင်းကြားလိုက်ဦး၊ ပြီးရင် ဆေးရုံကိုလိုက်ခဲ့ကြ"

"ဝင်းဇော်နဲ့စန်းဝင်း မင်းတို့တို့အိမ်တွေကို သွားပြီး အကြောင်းကြားလိုက်တော့ ငါကိုဦးနဲ့လိုက်သွားမယ်"

မိဘတွေကို ထိန်ချန်လို့မရနိုင်သော အခြေအနေသို့ ရောက်သွားပြီဖြစ်တာမို့ အဖြစ်အားလုံးကို ဝန်ခံပြီး ရင်ဆိုင်ဖို့ပဲရှိ ...တော့သည်။

ဤအခြေအနေသည် ပန်းအောင်ဆိုသော လူတစ် ...ယောက်အတွက် ဘဝပြောင်းလဲမှုကြီးတစ်ခုဖြစ်ဖို့ အစပြုခဲ့သည့် ...ဟုပင် ဆိုရတော့မည်။ ကိုဦးတစ်ယောက် ဆေးရုံသို့ရောက်ပြီး ...ဆိုင်းအတွင်းမှာပင် ဆုံးပါးသွားခဲ့လေသည်။ အရွယ်ကောင်း ...မှာ ဘဝကိုအဆုံးသတ်သွားတာကြောင့် မိဘတွေမှာ ယူကျုံး



www.burmeseclassic.com

www.burmeseclassic.com



မရဖြစ်ကြသလို ငယ်ငယ်လေးတည်းက ညီအစ်ကိုရင်းခြာလို ခင်မင်ခဲ့ကြသော သူတို့ပေါ်တွင်လည်း ခင်မောင်ဦးမိဘတွေ၏ သဘောထားမှာပြောင်းလဲကုန်ကြသည်။ ကိုဦးသေဆုံးရတာ သူငယ်ချင်းတွေ မကောင်းခဲ့လို့ဆိုသော စကားလုံးတွေက သူတို့ မိဘတွေနားသို့ ရောက်ခဲ့ကြပြီး တစ်အိမ်နှင့်တစ်အိမ် မိသားစု တစ်စုနှင့်တစ်စု မခေါ်မပြောဘဲ ဖြစ်ကုန်ကြတော့သည်။ ကိုဦး အသုဘလည်းပြီးသည်နှင့် သူတို့ သူငယ်ချင်း (၄)ယောက်ဘဝ လည်း အဆုံးသတ်သွားတော့သည်။ ဝင်းဇော်မိဘတွေက ရောဝတီတိုင်း ဘိုကလေးဘက်သို့ပြောင်းလဲရေးကိစ္စဖြင့် ပြောင်း သွားကြသလို စန်းဝင်းကိုလည်း သူ့မိဘတွေက ပဲခူးမှ သူ့အဒေါ် ဆီကို ပို့လိုက်ကြသည်။ (၁၀)တန်းစာမေးပွဲကို ဝင်းဇော်နှင့် စန်းဝင်းတို့ကတော့ ဆက်ပြီး ဖြေဆိုကြပေမဲ့ ပန်းအောင်ကတော့ လုံးဝမဖြေဆိုတော့ပါ။ သူငယ်ချင်းဖြစ်သူ ကိုဦးနှင့်အတူ (၁၀) တန်းစာမေးပွဲကြီးကို မြှုပ်နှံပြစ်လိုက်တော့သည်။

ကိုဦးမရှိတော့ပေမဲ့ သူ့ဘဝတွင် ကျန်နေသူကတော့ ကိုဦး ညီမဖြစ်သူ မိုးမြင့်မိုရ်ဖြစ်သည်။ (၉)တန်းကျောင်းသူ… သူတို့အုပ်စုတွင် အလိုလိုက်ခြင်း ဦးစားပေးခြင်းကိုခံထားရသူ

www.burmeseclassic.com



တစ်ဦး၊ သူတို့ကိုအစ်ကိုလို၊ သူငယ်ချင်းလို ခင်တွယ်နေသူလေး ပင်ဖြစ်သည်။ ငယ်စဉ်ကတည်းက သူတို့နှင့်အတူ ပြေးလွှား ဆော့ကစားနေသော မိန်းကလေးတစ်ဦး၊ ခုတော့ အဝေးမှာ သွားခဲ့ရပြီဖြစ်သည်။

မိုးမြင့်မိုရ် ရင်ထဲတွင် သူခင်တွယ်ခဲ့ရသော အစ်ကိုဖြစ်သူ နှင့် ပတ်သက်ပြီး သူ့အပေါ်မှာလွဲမှားသော ခံစားချက်တွေ ဖြစ်နေမယ်ဆိုတာကို သူယုံကြည်လိုက်မိသည်။ ကိုဦးနှင့် ပတ်သက်ပြီး သူဘယ်သူ့ကိုမှ ရှင်းပြလိုစိတ် မရှိတော့ပေ။ ဒါပေမယ့် သူ့ဘဝအတွက်တော့ အကြီးမားဆုံးဒဏ်ရာတစ်ခုကို ရခဲ့ပြီးဖြစ်သည်။

ကိုဦးကို သတ်ခဲ့သော သူတွေကို သက်ဆိုင်ရာမှ ဖမ်းဆီး နိုင်ခြင်းမရှိသေးတာကြောင့် ရင်ထဲတွင် အရှမ်းကိုခံပြင်းနေမိ သည်။ နာကြည်းချက်၊ နာကျင်ခြင်းတွေကြောင့် မိုက်မဲသော စိတ်ရိုင်းများစွာတို့ သူ့ရင်မှာ သန္ဓေတည်နေပြီဟုဆိုရမည်။

"မင်း ဘာဆက်ပြီးလုပ်မလဲ ပန်းအောင်.."

ပန်းအောင်တစ်ယောက် အစိုးရအရက်ဆိုင်လေးတွင် စတည်းချနေတာ (၇)ရက်တိတိရှိနေခဲ့ပြီဖြစ်သည်။ အရက်ကို

www.burmeseclassic.com



ကြိုက်နှစ်သက်ခြင်းကြောင့်တော့မဟုတ်။ သူ့စိတ်၏ထွက်ပေါက်ကို ရှာဖွေနေခြင်းဖြစ်သည်။ မိဘတွေ၏ ဆုံးမသွန်သင်မှုအောက်မှာ ကြီးပြင်းခဲ့သော လူတစ်ယောက်၊ ခုတော့ မိဘတွေနှင့်ဆန့်ကျင်သော လမ်းပေါ်သို့ရောက်နေခဲ့ပြီ။ ဒါပေမယ့် သူဟာ ရိုင်းရိုင်းစိုင်းစိုင်းလူတစ်ယောက် မဟုတ်သလို အသိဉာဏ်မဲ့သော လူမိုက်တစ်ယောက်တော့ အဖြစ်မခံနိုင်။ သူ့ဘဝအတွက် ရာဇဝင်ကြွေးတစ်ခုကို ပေးဆပ်ဖို့အတွက် ဒီလမ်းကိုရွေးချယ်လိုက်ခြင်းပင်ဖြစ်သည်။ ပန်းအောင် အရက်ခွက်ကိုလှမ်းပြီး မကိုင်သေးဘဲ သူ့ကိုမေးလိုက်သော ကျော်ဦးမျက်နှာကို စိုက်ကြည့်လိုက်သည်။ ကျော်ဦးသည် ပန်းအောင်နှင့် မူလတန်းတည်းက ကျောင်းတက်လာပြီး (၈)တန်းနှစ်တွင် ဘဝအကြောင်းကြောင်းတွေကြောင့် ကျောင်းထွက်ပြီး ကျူရှာကြိုရာဘဝတွင် ရပ်တည်နေသူတစ်ဦးပင်ဖြစ်သည်။ ပန်းအောင်ပေါ်မှာတော့ ခင်မင်သူဖြစ်သလို ကြောက်လည်းကြောက်သည်။

"မင်း ဘာကိုပြောတာလဲ ကျော်ဦး"

"ကိုဦးကို သတ်ခဲ့တဲ့ကောင်တွေပေါ်မှာ မင်းတို့ပြန်မယ်ဆိုတဲ့ ကိစ္စကိုပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလက်စားချေမှုအတွက် ငါဒီအရက်ဆိုင်ကို ရောက်ခဲ့တာလေ"

"ပန်းအောင် မင်းအရက်ဆိုင်ပေါ်မှာ ထိုင်နေရုံနဲ့ ကိုဦးကိုသတ်တဲ့ကောင်တွေ တွေ့မှာမဟုတ်ဘူး၊ ပြီးတော့ ဒီကောင်တွေက ဒုစရိုက်ကောင်တွေ၊ ပေါ်ပေါ်ထင်ထင် ဘာတစ်ခုမှ လှုပ်ရှားကြမှာမဟုတ်ဘူး"

"မင်းဆိုလိုတာက ဒီကောင်တွေကို တွေ့ဖို့ ငါက အမှောင် လမ်းကိုလျှောက်ရမယ်ပေါ့"

"သိပ်ဟုတ်တာပေါ့ကွာ မင်းဆိုတဲ့ကောင်က ခုမှ အရက်ဆိုင်ကိုရောက်ဖူးတာဆိုတော့ အမှောင်လမ်းက ဇာတ်လမ်းတွေကို သိမှာမဟုတ်ဘူး"

"ကျော်ဦး ငါက အမှောင်လမ်းဘာသာကို အောင်ဖို့အတွက် စာမေးပွဲတွေ ဘာတွေဖြေရဦးမှာလား"

"ဖြေရမယ် ပန်းအောင် ဒီလောကသားတွေရဲ့ လမ်းပေါ်မှာ မေတ္တာသုတ်ရွတ်နေလို့ မရဘူး၊ အနည်းဆုံးတော့ ဆက်ရာလေးပြပြီး အောင်လက်မှတ်တော့ ထုတ်ရတယ်၊ လူမျိုး ဇာတ်ပုံတင်ပေါ့ကွာ"

www.burmeseclassic.com



"ကျော်ဦး ငါဆိုတဲ့ကောင်က အကြောင်းမဲ့ကြီး မိုက်ရိုင်းတာကိုရွံ့တယ်၊ ဒါပေမယ့် လူမိုက်ဆိုတဲ့ကောင်တွေရဲ့ သွေးကိုတော့ သောက်ချင်တယ်"

"မင်းအတွက် သိပ်မကြာခင် ပွဲကောင်းတစ်ခုကိုတိုးမှာပါ"

"မင်း ဘာကြောင့်ပြောနိုင်တာလဲ ကျော်ဦး"

"မင်း သောက်စရာရှိတာသောက်ပြီးရင် ငါနဲ့လိုက်ခဲ့"

ကျော်ဦးစကားကို ပန်းအောင် စိတ်ဝင်စားသွားပြီး အရက်ခွက်ထဲတွင် ကျန်ရှိနေသော အရက်ကို အကုန်မော့သောက်လိုက်ပြီး ရေပင်မသောက်တော့ဘဲ ထိုင်နေရာမှ ထလိုက်လာခဲ့သည်။

အရက်ဆိုင်အနောက်ဖက်တွင် ရှိနေသော လယ်ကွင်းပြင်ကိုဖြတ်လျှောက်နေသည်ထိ ကျော်ဦး သူ့ကို ဘယ်သို့ခေါ်ဆောင်သွားနေသလဲဆိုတာကို မသိပေ··· လယ်ကွင်းအဆုံး ဦးဘရီချောင်းကူးတံတားနားသို့ရောက်တော့မှ···

"ကျော်ဦး မင်းဘယ်ကိုခေါ်သွားနေတာလဲ၊ ဟိုဘက်ကိုကူးရင် ရာသီဥတုက သိပ်မကောင်းဘူးနော်"

"ငါ သဘောပေါက်ပါတယ်ကွာ၊ တံတားထိပ်က

www.burmeseclassic.com



ကုက္ကိုပြင်အောက်မှာ စောင့်ကြမှာပါ”

“ငါက ဘယ်သူ့ကိုစောင့်ရမှာလဲကွ”

“အချိန်တန်ရင် မင်းတွေ့ရမှာပေါ့”

ဦးဘရီတဲတားဟု ပန်းအောင်တို့ ယယ်စဉ်ကတည်းက အမည်တွင်ခဲ့သော တဲတားပင်ဖြစ်သည်။ တစ်ဖက်တွင် ရှိနေကြသော ရပ်ကွက်သူရပ်ကွက်သားတွေနှင့် တစ်ဖက်တွင် နေထိုင်ကြသော သူတွေမှာ တစ်ရပ်ကွက်တည်းဖြစ်ကြပေမဲ့ ကွဲပြားနေကြသည်။ ပန်းအောင်တို့ ချောင်းတစ်ဖက်တွင် နေကြသူတွေနှင့် တစ်ဖက်ခြမ်းတွင်နေထိုင်ကြသော သူတွေမှာ တစ်ရပ်ကွက်တည်း ဖြစ်ပေမဲ့ ကွဲပြားနေကြသည်။ ပန်းအောင်တို့ချောင်းတစ်ဖက်တွင် နေကြသူတွေနှင့် တစ်ဖက်ခြမ်းတွင်နေကြသူတွေ ပေါင်းသင်း ဆက်ဆံရေးမှာ မတူညီကြချေ။ တစ်ဖက်ခြမ်းတွင် နေကြသူတွေက သဃ်န်းကျွန်းပိုင် ဘဝမြင့် လူဆိုးလူမိုက်များနှင့် ပေါင်းသင်းပြီး တစ်ရပ်ကွက်တည်းနေကြသူတွေပေါ်မှာ ရန်မူကြသည်။ တစ်ခုတော့ရှိသည် အားလုံးမဟုတ်တချို့သူတွေမှာ ရပ်ကွက်စိတ်ဓာတ် ရှိကြသည်။

ဒီဘက်ကကောင်တွေက ဘဝမြင့်က လူမိုက်အားနဲ့ တစ်

www.burmeseclassic.com



ရပ်ကွက်တည်းနေကြတဲ့သူတွေကို ရန်မူနေသော သစ္စာဖောက်တွေ၊ ဟိုနေ့ကလည်း ကိုသာချိုကို ဘဝမြင့်ကောင်တွေနဲ့ပေါင်းပြီး ရိုက်လွှတ်လိုက်ကြတယ်၊ ကျော်ဦးပြောနေတဲ့စကားတွေကို ပန်းအောင် ကုလ္လိုပြင်ကိုမိုရင်း နားထောင်နေရင်း လူမိုက်လောက ဆိုတာကို သူ့လက်ထဲရောက်အောင်လုပ်မည်ဟူသော အတွေး များစွာ ဝင်ရောက်လာခဲ့သည်။

"ဟိုမှာ လာနေပြီ"

"ဟင်"

ကျော်ဦး လှမ်းပြီးပြလိုက်သော နောက်ကိုလှည့်ကြည့်လိုက်တော့ မိုးမြင့်မိုရ်ရဲ့ ကျူးရှင်မှပြန်လာတာကို တွေ့လိုက်ရခြင်းဖြစ်သည်။ ပန်းအောင် ရင်ထဲတွင် ဝမ်းနည်းမှုကလေးဖြစ်သွားခဲ့ရသည်။ ဟိုအရင်ကဆိုရင် မိုးမြင့်မိုရ်ရဲ့ ကျူးရှင်အပြန်ကို သူနှင့်ကိုဦးလာပြီး ကြိုပို့လုပ်နေကျ ကိုဦးမပါလျှင် သူလာပြီးကြိုနေပေမဲ့ ခုတော့ ဘာမှမပတ်သက်ကြတော့ သူတွေဘဝကို ရောက်နေကြပြီမဟုတ်လား...။

ပန်းအောင် မိုးမြင့်မိုရ်နှင့် ရင်မဆိုင်ဝံ့သောကြောင့် ကုလ္လိုပြင် နောက်ဘက်သို့ ဝင်ပြီးနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..."

ပန်းအောင်ကြည့်နေစဉ်မှာပင် မိုးမြင့်မိုရ်ဘေးကို ငှဲတစ်ကောင်ဝင်ပြီးကပ်လိုက်သည်ကို တွေ့လိုက်ရသည်။ ဒီကောင်ကို ပန်းအောင် ကောင်းကောင်းသိသည် ဘဝမြင့်တွင်နေသော ကျော်လှ ဆိုသော ကောင်ပင်ဖြစ်သည်။ ကျော်လှ အစ်ကိုတွေက အရက်ဆိုင်ဖွင့်ထားပြီး မကောင်းမှု ဒုစရိုက်တွေကို လုပ်ကိုင်နေသော လူမိုက်ဆင်ကြီး၏ညီပင်ဖြစ်သည်။ ပန်းအောင်၏ ဒေါသတွေက အတားအဆီးမရှိ ရင်ထဲသို့တိုးဝင်လာတော့သည်။ ကျော်လှနောက်တွင် လိုက်ပါလာကြတဲ့ကောင်တွေကြောင့် ဒေါသတွေက အမြင့်ဆုံးကိုရောက်သွားလေသည်။ လိုက်ပါသူတွေက အမေကျော်ဒွေးတော်လွမ်းတဲ့ ဝင်းညွန့်နှင့်ညွန့်ရှိန်တို့ပင် ဖြစ်ကြသည်။ ကိုယ့်တစ်ရပ်ကွက်တည်းသားတွေကို ကာကွယ်စောင့်ရှောက်ခြင်းမရှိဘဲ တစ်ဖက်ရပ်ကွက်က စော်ကားနေတဲ့သူတွေကို မီးလောင်ရာလေ ပင့်လုပ်နေတဲ့ မြင်ကွင်းကြောင့် သက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး သွားမည် အပြုတွင်...

"ပန်းအောင် မလောနဲ့ ကိုယ့်ဘက်ရောက်အောင်စောင့်

www.burmeseclassic.com



လိုက်ဦး”

“မစောင့်ဘူးကွာ ကိုယ်ဘက်ရောက်မှ ရိုက်ရဲတယ်ဆိုတဲ့ စကားကို လက်မခံဘူး…မင်း မလိုက်ရဲရင် ဒီမှာနေ ငါသွားမယ်”

“ပန်းအောင်…ဟာကွာ ဒီကောင်”

ကျော်ဦး နောက်မှလှမ်းခေါ်တဲ့အသံကို မကြားချင်ယောင်ဆောင်ကာ မိုးမြင့်မိုရ်၏ မျက်နှာချင်းဆိုင်တည့်တည့် လျှောက်လာခဲ့သည်။ ကျော်လှဆိုသည့်ကောင် မိုးမြင့်မိုရ် လွယ်အိတ်ကို အတင်းဆွဲရပ်နေသလိုမို့ မိုးမြင့်မိုရ် ရှန်းထွက်ပြီး သွားဖို့ပြင်ပေမဲ့ မရဖြစ်နေသည့်မြင်ကွင်းကို မြင်နေရတဲ့ ပန်းအောင် ဒေါသ၏ မီးလျှံတွေက ပိုပြီးတောက်လောင်နေတော့သည်။ ကျော်လှ၊ ဝင်းညွန့်နှင့် ညွန့်ရှိန်တို့ကတော့ ပန်းအောင်ကို သိပ်ပြီးဂရုမစိုက်သောအနေအထားကို မြင်တွေ့နေရသည်။ ပန်းအောင်ဆိုတဲ့သူက လူဆိုးလူမိုက်လောကတွင် ဘာမှပတ်သက်ခဲ့သောသူမဟုတ်တာကြောင့် စာရင်းမဝင်သည့်အပြင် ဂရုမစိုက်ကြ။ သူတို့စိတ်ထဲတွင် ခုလိုနေရာမျိုးမှာ သူတို့ကိုလှန်ပြီး ယှဉ်ပြိုင်အန်တုရဲသူ မရှိဘူးဟု ထင်ကောင်းထင်နေကြမည် ဖြစ်သည်။

www.burmeseclassic.com



"မြင့်မိုရ်"

"ပန်း…ပန်းအောင်"

ရက်ပေါင်းများစွာ တစ်ယောက်နှင့်တစ်ယောက် စကားပြောဖြစ်ခဲ့ကြသော ပန်းအောင်နှင့်မိုးမြင့်မိုရ်ကြားတွင် ပထမဆုံး သူ့အမည်ကို ခေါ်လိုက်ခြင်းပင်ဖြစ်သည်။

"ဟော့ကောင် မင်း ဘာဇယားဝင်နေခဲ့တာလဲ၊ ဒီကနေလှည့်ပြီးပြန်သွားရင် မင်းအတွက် ကံကောင်းခြင်းတစ်ခု နော်၊ ငါတို့ ချစ်သူချင်းစကားဝိုင်းမှာ ဗီလိန်ဝင်ပြီးမလုပ်နဲ့"

"ဘာ.."

ချစ်သူဆိုသောစကားကို ကြားလိုက်ရသောကြောင့် ခေါင်းထဲတွင် မိုးကြိုးပစ်သလိုဖြစ်သွားပြီး…

"မြင့်မိုရ်…သူပြောတာဟုတ်လား"

"မ…မဟုတ်ဘူး"

"မင်းကလည်းကွာ စိတ်ကောက်တာလေးပြေလိုက်ပါတော့နော်…နောက်ဆို မင်းမကြိုက်တာတွေ မောင်မလုပ်တော့ဘူး၊ အချစ်ကလေးကလဲ"

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်လှပြောဆိုနေသော မျက်နှာအမူအယာနှင့် စကားသံတွေသည် နားထဲကိုသံရည်ပူတွေလောင်းထည့်နေသလို…

"ကျော်လှ မင်းလွယ်အိတ်ကိုလွှတ်လိုက်"

"မင်းကငါ့ကို အမိန့်ပေးနေရအောင် ဘာကောင်မို့လို့လဲ၊ မင်းမှတ်ထား ကျော်လှကို အမိန့်ပေးလို့ရတဲ့ကောင်မရှိဘူး၊ ဝင်းညွှန့် ဘယ်လိုလဲကွာ မင်းတို့နယ်မြေက ခလုတ်တွေပေါလှချည်လား၊ မင်းတို့ ရှင်းမလား ငါရှင်းရမလား"

"ပန်းအောင် မင်းဘေးထွက်နေလိုက်ရင်ကောင်းမယ်"

"ဝင်းညွှန့် မင်းပါးစပ်ကို ပိတ်ထားလိုက် ကိုယ့်ရပ်ကွက်ထဲကသူတွေကို တခြားကောင်တွေက စော်ကားနေတာကို မကာကွယ်ပေးတဲ့အပြင် ဝင်ပြီးတော့ အလိုတူအလိုပါလုပ်နေကြတယ်၊ ဒီလောက်တောင် ယောက်ဖတော်ချင်ရင် မင်းတို့ညီမတွေနဲ့ ချိတ်ပေးလိုက်ပါလား"

"ဘာကွ"

"မင်း…မင်း…ဘာစကားပြောတာလဲ"

"မြန်မာစကားပြောတာကွ"

"အေး…မြန်မာစကားပြောတဲ့ကောင် တွေ့ပြီပေါ့ကွာ"

www.burmeseclassic.com



"ငါကလည်း သိပ်ပြီးတွေ့ချင်လို့လာခဲ့တာကွ"

ဝင်းညွှန့်နှင့် ညွှန့်ရှိန် ပြေးဝင်ပြီးတိုက်ခိုက်ကြသည်။ ပန်းအောင်အတွက်တော့ ဘာမှမဟုတ်သော တိုက်ခိုက်မှုတစ်ခု ပင်ဖြစ်နေသည်။ အသာအယာပင် ရှောင်ပြီး အရင်ဆုံး ဝင်းညွှန့် မျက်နှာကို လက်ပြန်ခပ်ဆတ်ဆတ်လေး ရိုက်ချလိုက်သည်။ ဝင်းညွှန့် အရှိန်နှင့်ဝင်လာတာကြောင့်

"ဖြောင်း...အီး..."

ဝင်းညွှန့် နှာခေါင်းရိုးကိုထိသွားပြီး သွေးတွေချက်ချင်း စီးကျလာတော့သည်။

"သေစမ်းကွာ"

"ခွပ်...ဒုတ်...အား"

ပန်းအောင် ဘေးဘက်မှဝင်ပြီးတိုက်ခိုက်လာသော ညွှန့်ရှိန်က ပိုပြီးအထိနာသွားသည်။ ပန်းအောင်၏ လက်သီးနှင့် ခြေစောင်းက ဆက်တိုက်ရောက်သွားတာကြောင့် ညွှန့်ရှိန် နောက်ကို လက်တစ်ပြန်လောက် လွင့်စင်သွားပြီး ပြန်ကိုမထနိုင်တော့ပေ။

"ချောက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ပန်းအောင်"

ကျော်လှ ခလုတ်ဓားကိုဆုပ်လိုက်ပြီး လက်ထဲတွင် ကျွမ်းကျင်စွာကစားပြလိုက်သည်။ ဓားမြှောင်တစ်လက်နှင့် လူမိုက်လုပ်စားနေကြတဲ့သူတွေမို့ ဓားမြှောင်ကိုင်တွယ်ရာတွင် ကျွမ်းကျင်ကြသည်…

ကျော်လှမျက်နှာကို တစ်ချက်ကြည့်လိုက်ပြီး ပန်းအောင် အခဆင်သင့်အနေထားကို ပြင်ထားလိုက်၏။

"ကဲ…ကျော်လှ ဓားမြှောင်အရသာကို မြည်းစမ်းကြည့်လိုက်ဦး"

"ဝိုး…ဝိုး…"

ဓားမြှောင်သမားကို ဘယ်လို တိုက်ခိုက်ရမည်ဆိုတာကို စနစ်တကျ သင်ယူထားသူဖြစ်သလို လက်တွေ့ပိုင်းမှာလည်း ပွဲတိုးထားသူမို့ ကျော်လှ ဓါးမြှောင်နှင့် တိုက်ခိုက်မှုကို ခြေလှမ်းနောက်ကို နှစ်လှမ်းလောက်ပဲဆုတ်လိုက်ပြီး…

"ဖြောင်း…ချွပ်…အား…"

ပန်းအောင်သည် ကျော်လှ ဓါးမြှောင်ကိုင်ထားသောလက်ကိုရိုက်ချလိုက်ပြီး ပခုံးဆစ်ကို ဖြုတ်ချလိုက်သဖြင့် ကျော်လှ



www.burmeseclassic.com

www.burmeseclassic.com



ငယ်သံပါအောင် အော်ဟစ်ပြီး ဒူးထောက်ကျသွားတော့သည်။

"ပွဲက သိပ်ကိုမြန်လိုက်တာကွာ အရသာ မရှိဘူး"

ပန်းအောင် မြေပေါ်ကျနေသော ဓားမြှောင်ကိုကောက်ယူပြီး...

"မြင့်မိုရ်..."

"ဟင်"

"နင်ပြန်တော့ ကျော်ဦး မြင့်မိုရ်ကိုခေါ်သွားလိုက်"

"မင်းက ဘာလုပ်မလို့လဲ"

"ဘာမှမေးမနေနဲ့ကွာ ခေါ်သွားတော့"

မိုးမြင့်မိုရ်...ပန်းအောင်မျက်နှာကို မျက်တောင်မခတ်ကြည့်နေပြီး ကျော်ဦးနောက်ကနေ လိုက်ပါသွားလေသည်။

ပန်းအောင်...ကျော်လှဓါးမြှောင်ကို လက်ထဲတွင် လှလှပသော့လိုက်ပြီး...

"ကျော်လှ..."

"မင်း...မင်း...အား...ကျွတ်...ကျွတ်..."

ထိုအချိန်တွင် ဝင်းညွန့်နှင့်ညွန့်ရှိန်တို့ ထပြေးမည်အပြု...

"ဝင်းညွန့်နဲ့ညွန့်ရှိန် မင်းတို့ ခြေလှမ်းတွေကို ရပ်ထား

www.burmeseclassic.com

www.burmeseclassic.com



လိုက်နော်၊ ငါ့လက်ထဲက ဓါးမြှောင်က ပစ်မှတ်ကောင်းကောင်းကို စိုက်တတ်တယ်''

''ငါတို့...ငါတို့ကို ဘာလုပ်မလို့လဲ''

''မင်းတို့ကို ဒီနေ့ကြော်ငြာခိုင်းမလို့''

''ဘာကိုကြော်ငြာပေးရမှာလဲ ပန်းအောင်...''

''(၁၃)ရပ်ကွက် သခ္ချပ်ပင်နယ်မြေမှာ ပန်းအောင်ဆိုတဲ့ လူမိုက်တစ်ယောက်ပေါ်လာပြီလို့၊ မင်းတို့ပထွေးတွေကိုပြောလိုက် ကြားလား..''

''ကြား...ကြားပါတယ်''

''ကျော်လှ...မင်းအစ်ကို ဆင်ကြီးနားထဲကိုရောက် အောင်ပြောလိုက်၊ မင်းကို ဆုံးမလိုက်တာ ပန်းအောင်ဆိုတဲ့ မင်းပထွေးကြီးလို့''

ပန်းအောင် ပြောလိုက်သောစကားကို ကျော်လှဘာမှပြန် ပြီး မပြောတာကြောင့် ကျော်လှခေါင်းမှ ဆံပင်ကို ဆွဲပြီးကိုင် လိုက်သည်။

''မင်း..ဘာလုပ်မလို့လဲ''

''လူမိုက်အမှတ်အသားပေးမလို့...ကဲကွာ''



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..."

ပန်းအောင် ဆုပ်ကိုင်ထားသောဆံပင်ကိုဓားမြှောင်နှင့် ဖြတ် ချလိုက်သည်။

"သွားကြတော့..ပန်းအောင်ကို မင်းတို့ပြန်ပြီးလက်တို့ပြန် နိုင်အောင် ကြိုးစား၊ ငါကလည်း ဒီနေ့ ဒီရက်ကစပြီး လူမိုက် ဆိုတဲ့ကောင်တွေရဲ့ သွေးတွေကိုမျိုသောက်ပြီး ယစ်ပူဇော်ခံမယ့် လူမိုက်ပန်းအောင်တစ်ယောက် ရောက်လာပြီလို့ မင်းတို့ခေါင်း ထဲမှာ မြဲမြဲမှတ်ထားလိုက်တော့...သွားစမ်းကွာ"

"အွတ်..ဗိုး... ဒုတ်.."

ပန်းအောင် သူ့ဘေးမှ ဝင်းညွန့်ကို ခြေထောက်ဖြင့်ကန် လိုက်၊ လက်ထဲမှ ဓားမြှောင်ကို ဘေးဘက်သစ်ပင်ကို ပစ်ပြီး ဆေါက်လိုက်တော့သည်။

ပန်းအောင်၏ နှလုံးသားတို့သည် ရိုင်းစိုင်းသော သွေးစက် တွေ စီးဝင်သွားပြီလို့ပင် ထင်မှတ်လိုက်တော့သည်။

"ကိုဦး..မင်းအတွက် လူမိုက်လောကကြီးကို ငါ ကောင်း ကောင်းကြီး လက်စားချေမယ်..ကွာ.."

××××××××××××



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

"မင်းကို ဆင်ကြီးတို့အုပ်စုကတော့ မြေလှန်ပြီးရှာနေကြ ပြီ"

"ဟား··ဟား··ဟား··သိပ်ပြီးကောင်းတဲ့စကားပဲ"

ကျော်ဦးမှာ ပန်းအောင်မျက်နှာကို စူးစူးရဲ စိုက်ကြည့်ပြီး နားမလည်နိုင်အောင် ဖြစ်သွားတော့သည်။

"ပန်းအောင်··မင်းကို ငါခုပြောနေတာ သတင်းကောင်း မဟုတ်ဘူးနော်၊ အကြီးမားဆုံးအန္တရာယ်တစ်ခု မကြာခင် မင်းဆီ ရောက်လာတော့မယ်ကွ"

"ကျော်ဦး··မင်းသွေးပျက်နေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အတွက်ပြောနေတာမဟုတ်ဘူး ပန်းအောင်..မင်း အတွက်ပြောနေတာကွ၊ ဆင်ကြီးတို့က လက်စ မသေးလှဘူး၊ မင်းလျှော့မတွက်နဲ့၊ အဆိပ်ပြင်းတယ်"

"အေး..ငါကလည်း အဆိပ်ပြင်းတဲ့ကောင်တွေနဲ့ မင်း အတွက်ပြောနေတာကွ၊ ဆင်ကြီးတို့က လက်စမသေးလှဘူး၊ မင်း လျှော့မတွက်နဲ့ အဆိပ်ပြင်းတယ်"

"အေး... ငါကလည်း အဆိပ်ပြင်းတဲ့ကောင်တွေနဲ့ တွေ့ချင်နေတာ၊ ခုတွေ့ရတဲ့ကောင်တွေ ရေမြွေလောက်ပဲဆိုတော့ ငါ့အတွက် သိပ်ပြီးမဟုတ်သေးဘူး"

"မင်း ဘာဆက်ပြီးလုပ်မလဲ"

"ဆင်ကြီးဆိုတဲ့ကောင်ကို ထိပ်တိုက်တွေ့ချင်လို့ သူညီ ကျော်လှကို ရန်စမီးလေးမွှေးပေးလိုက်တာ၊ ကဲ...ကျော်ဦး နောင်မှ စကားဆက်မယ်၊ မော့စရာရှိတာလေးကို မော့ကြရ အောင်"

"ပန်းအောင် မင်းတကယ့်ကို အရက်သမားကြီးဖြစ်နေပြီ နော်၊ ငါဘယ်လိုမှ မယုံနိုင်အောင်ပါပဲကွာ"

"မယုံရင်မယုံသလိုပဲနေလိုက် ကျော်ဦး၊ ငါ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ငါ့နှလုံးသားတွေဟာ ကံကြမ္မာဘဝတစ်ကွေ့ကို အရောင်ပြောင်းလဲပြီးလမ်းလျှောက်နေတာ၊ တစ်ချိန်တုန်းက ပန်းအောင်ဆိုတဲ့လူတစ်ယောက်ဘဝက သေဆုံးသွားပြီ"

"မင်း ခုလိုဘဝကို ဘာကြောင့်လျှောက်နေသလဲဆိုတာ ငါသဘောပေါက်ပါတယ်၊ ကိုဦးကြောင့်မဟုတ်လား"

"ဟုတ်တယ်၊ ငါ့ သူငယ်ချင်း ကိုဦးအတွက် လူမိုက်လောကကြီးကို လက်စားချေမှာကွ"

"ကိုဦးကို သတ်ခဲ့တဲ့ကောင်ကို ခုထိ ပုလိပ်တွေကဖမ်းလို့မမိသေးဘူးဆို"

"ပုလိပ်ဆိုတဲ့သူတွေက သူတို့အတွက် လူဆိုး၊ လူမိုက်တွေက မဟာမိတ်တွေလေ... ဖမ်းချင်ရင်မိမှာပေါ့ကွာ မဖမ်းချင်လို့ မမိတာပေါ့"

"ဘယ်သူ သတ်ခဲ့သလဲဆိုတာရော သိပြီးပြီလား"

"မသိရသေးဘူး ငါအသိချင်ဆုံးက ကိုဦးကိုသတ်ခဲ့တဲ့ကောင်ဟာ ဘယ်သူဆိုတာ အရမ်းကိုသိချင်နေတာ ဒီအတွက် အဖြေကို ငါသိအောင်လုပ်မယ်ကွာ"

"သိခဲ့ရင်..."

www.burmeseclassic.com



"ဘယ်လိုနေရာမျိုးကိုရောက်နေနေ အဆုံးစွန်ကြောင့် ကမ္ဘာတစ်ဖက်ကိုရောက်နေရင်တောင် ရအောင်သွားပြီး ကိုဦး အတွက် လက်စားချေမယ်...တောက်..."

ပန်းအောင်ရင်ထဲမှာ ကိုဦးသေဆုံးခဲ့ရတာနဲ့ ပတ်သက် ပြီး နာကျင်မှုတွေက သူ့ရင်ကို မီးစတွေနှင့်ထိုးစိုက်နေသလို ခံစား လိုက်ရသည်။

"မြင့်မိုရ်ရဲ့ မနေ့က ငါနဲ့လမ်းထိပ်မှာတွေ့တော့ မင်းကို မေးလိုက်တယ်"

"ဟင်...မြင့်မိုရ်ဘာတွေ မေးလိုက်လဲ"

"မင်းတကယ်ပဲ လူဆိုး၊ လူမိုက်ကြီး လုပ်တော့မလား တဲ့"

"မင်း ဘယ်လိုပြောလိုက်လဲ"

"မင်းနဲ့ပတ်သက်ပြီး ငါ့မှာ ပြောနိုင်တဲ့စကားလုံး မရှိခဲ့ ဘူးကွာ၊ ဘာကြောင့်လည်းဆိုတော့ မင်းကို လူဆိုး၊ လူမိုက် တစ်ယောက်အဖြစ်နဲ့ ငါ့ရင်ထဲမှာ လက်ခံလို့မရဘူးဖြစ်နေ တယ်"

"မင်းဆိုလိုတာက ငါက လူမိုက်တစ်ယောက်ရဲ့ အရည်

www.burmeseclassic.com



အသွေးမရှိဘူးလို့ သတ်မှတ်တာလား''

''ငါဆိုလိုတာက ဒီလိုမဟုတ်ပါဘူး ပန်းအောင်ရာ၊ မင်းဖြတ်သန်းခဲ့တဲ့ဘဝနဲ့ မင်းခုရောက်နေတဲ့ဘဝက ဘယ်လိုမှဆက်စပ်လို့မရဘူး ဖြစ်နေတာ၊ အမှန်တိုင်းပြောရရင် ငါတို့လောကကြီးဟာ မေတ္တာတရား၊ မာနတရား၊ ကင်းမဲ့ပြီး လူလူချင်းအနိုင်ကျင့်ဗိုလ်ကျနေတဲ့ လောကကြီးတစ်ခု ဖြစ်နေတယ်''

''ကျော်ဦး..လူဆိုးလူမိုက်တိုင်းဟာ အကြင်နာတရားကင်းမဲ့ကြတာမဟုတ်ဘူးကွာ...တချို့က အကြောင်းကြောင်းကြောင့် လူဆိုးလူမိုက်ဖြစ်နေကြရတာပါ... တစ်ချို့ကျတော့လူလူချင်း သနားစိတ်ကင်းမဲ့ပြီး မတရားအနိုင်ကျင့်တာတွေကိုဂုဏ်ယူနေကြတာကွ၊ အဲဒီလို လူမိုက်မျိုးတွေနဲ့မှ ငါက တွေ့ချင်နေတာကွ၊ အထူးသဖြင့် သခွပ်ပင် တစ်ဖက်ကမ်းမှာ ဒုစရိုက်မှုတွေကို ဥပဒေမဲ့လုပ်ကိုင်ပြီး ရိုးသားစွာ လုပ်ကိုင်စားသောက်နေကြတဲ့ သူတွေ ပေါ်မှာ အနိုင်ကျင့်နေတဲ့ ဆင်ကြီးနာမောင်းရိုးကိုချိုးချင်တာ''

''ဒီကောင်တွေကို အစွယ်ချိုးဖို့ကတော့ မလွယ်ဘူးပန်းအောင်၊ ဒီကောင်တွေဘေးမှာ ထောင်ထွက်တွေကို လက်သ

www.burmeseclassic.com



ပြီး လူမိုက်ခေါင်းဆောင်လုပ်နေတာ…"

ပန်းအောင်နှင့်ကျော်ဦးစကားပြောရင်း သောက်ခဲ့ကြတာမို့ င်းထဲတွင် အရက်ကကုန်သွားလေသည်။

"ကျော်ဦး မင်းထပ်သောက်ဦးမှာလား"

"မင်းရော သောက်မှာလား"

"ငါ မသောက်တော့ဘူး၊ သိပ်များသွားရင် မကောင်း ငါ့ကိုချောင်းပြီးအန္တရာယ်ပေးမယ့် ကောင်တွေကရှိနေပြီလေ၊ ကောင်တွေ သခွပ်ပင်ဘက်တော့ ကျူးကျူးကျော်ကျော် မလာ ဘူး"

"ဒီကောင်တွေက မလာပေမဲ့ အရက်ဆိုင်ပေါ်ကနေ င်းပေးနေတဲ့ကောင်တွေရှိတယ်"

"ဟင်…ဘယ်သူတွေလဲ"

"မင်းသိရမှာပေါ့၊ မင်းခွက်ကိုအရင်ရှင်းလိုက်"

ကျော်ဦး သူ၏ခွက်ထဲမှ လက်ကျန်အရက်ကိုမော့ ကိလိုက်ပြီး အရက်ပိုင်းကို သိမ်းလိုက်သည်။ ပြီးတော့မှ က်ဆိုင်အောက်တွင် အမြည်းရောင်းသော ကိုပေါက်ဆိုင်ထဲကို လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းအောင်..ထပ်ပြီးဆွဲဦးမလို့လား"

"မသောက်တော့ဘူး၊ ခင်ဗျားကိုမေးစရာရှိလို့"

"ဘာမေးမှာလဲ ပန်းအောင်..."

"ခင်ဗျားက ဆင်ကြီးတို့နဲ့ အဆက်အသွယ်ရှိတယ်ဆို"

"ဟာ...မရှိ...ပါဘူးကွာ"

"ရှိတော့ မင်းက ဘာလုပ်မလို့လဲ"

"ဟာ..."

ပန်းအောင် ကြားလိုက်ရသော အနောက်ဘက်မှအသံ ပိုင်ရှင်မှာ ကိုပေါက်၏ ညီဖြစ်သူ ချစ်တီးပင်ဖြစ်သည်။ ချစ်တီး နှင့်ပန်းအောင်က အသက်ချင်းသိပ်ပြီးမကွာ။ ကျောင်းတက်ရင်း ရန် ခဏခဏဖြစ်လို့ ကျောင်းထုတ်ခံရပြီး အပြင်လောကတွင် လက်သံပြောင်နေသူတစ်ဦးဖြစ်သည်။ ပန်းအောင်တို့ ရပ်ကွက် တွင် ချစ်တီးကလည်း ခေသူတစ်ဦးတော့မဟုတ်။ လုပ်ရည် ကိုင်ရည်ရှိသူဖြစ်သည်။ ရပ်ကွက်နေရာတော်တော်များများတွင် ချစ်တီးဆော်ခဲ့သောပွဲတွေက မနည်းတော့ပေမဲ့ ချစ်တီးဆိုတဲ့ ကောင်က ရပ်ကွက်ထဲမှာသာ လူတွင်ကျယ်လုပ်နေပြီး သခွတ်ပင် တစ်ဖက်ကမ်းက လူမိုက်တွေကို မျက်နှာချိုသွေးပြီး ဆရာတင်



www.burmeseclassic.com

www.burmeseclassic.com



သားသူ၊ ဒါကြောင့် သခွတ်ပင် ပန်းအောင်တို့ရှိတဲ့အကြောင်းကို ဆင်ကြီး၊ မောင်စိုးတို့အုပ်စုတွေ ကျူးကျော်လာသလို အရက်ပုန်းရောင်းတဲ့သူတွေဆီက ဆက်ကြေးတောင်းနေကြသူတွေဖြစ်သည်။ သူတို့ ကိုယ်တိုင်မဟုတ်၊ ကြားနေ ချစ်တီးက ကိုယ်စားသွယ် လုပ်ကိုင်ပေးရင်း ဆင်ကြီးနှင့်မောင်စိုးတို့ ပေးကမ်းမှုကို စောင့်နေသူဖြစ်သည်။

"ငါ့ဘာလုပ်ချင်တယ်ဆိုတာ မင်းက သိပ်သိချင်နေတယ်ပေါ့..ဟုတ်လား"

"မနေ့တစ်နေ့ကမှ အရက်ဆိုင်ပေါ်ကို ရောက်လာတဲ့ မင်းက ဘယ်လောက် ဇ, ရှိလည်းဆိုတာ ကြည့်ရတာပေါ့"

"ကြည့်ချင်ရင် ကြည့်လို့ရပြီ"

"ပန်းအောင်..."

"ဖြောင်း..ဒုတ်...အီး..."

ပန်းအောင် စကားလည်းအဆုံး၊ သူ့လက်တွေက ချစ်တီးမျက်နှာဆီကို ရှောင်တိမ်းချိန်မရလောက်အောင် ရောက်သွားတော့သည်။ ချစ်တီး နောက်ပြန်ကျချိန်မှာ ကိုပေါက် သူ့ခါးမှဓားကိုထုတ်ပြီး ပန်းအောင်ကို နောက်ကနေ ဝင်ရိုက်ပေမဲ့

www.burmeseclassic.com



ပန်းအောင် ငုံ့ရှောင်လိုက်ပြီး ကိုပေါက်ရင်ဝကို ခြေဖြင့်ကန်ချလိုက်သည်။

"အွတ်…အုန်း…"

ပန်းအောင် ကန်ချက်ကြောင့် ကိုပေါက် နောက်ဖက်မြောင်းထဲသို့ နောက်ပြန်ကျသွားတော့သည်။

"ချစ်တီး ထစမ်းပါဦး"

"မင်းက ဒီလိုလား‥တွေ့ကြတာပေါ့ကွာ"

ချစ်တီး‥သူ့ခါးကြားတွင် အမြဲပါလာတတ်သောစကောဘာကိုထုတ်ပြီး ပန်းအောင်ကို ပြေးထိုးလိုက်သော်လည်း

"ဗိုး…"

ပန်းအောင်ဘေးဘက်ကို အသာအယာလေးယိမ်းလိုက်ပြီးသူ့ဘက်ကျုံ့ပြီးဝင်လာသော ချစ်တီး၏ စကောဘာကိုင်ထားသောလက်ကို ချုပ်ကိုင်ကာ‥

"ချစ်တီး‥(၁၃)ရပ်ကွက်မှာ ချစ်တီးဆိုတဲ့မင်းရဲ့အစွယ်ကိုပန်းအောင်ဆိုတဲ့ငါက ချိုးပြီကွ"

"ပြောလေ‥အား‥ကျိုး…ကျိုး‥ပါပြီ"

"ကျိုးပါပြီ လုပ်မနေနဲ့၊ ကျိုးအောင်ကိုချိုးမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းအောင်…မလုပ်ပါနဲ့ကွာ၊ ငါတို့က တစ်ရပ်ကွက်တည်းသားတွေပဲ"

ကျော်ဦး..သူ့ကိုလှမ်းပြီးသတိပေးလိုက်တာကြောင့် ခတ်ကို လျှော့လိုက်ပြီး လွှတ်ပေးလိုက်သည်။

"ချစ်တီး..မင်းခေါင်းထဲမှာ မှတ်ထားလိုက်၊ ငါ့ ရပ်ကွက်၊ ငါ့နယ်မြေမှာ လူမိုက်လုပ်ချင်ရင် ပန်းအောင်နဲ့အရင်ဆုံး တွေ့ကြည့်လိုက်လို့၊ မင်းကောင်တွေကိုပြောလိုက်၊ ပွဲကမပြီးသေးဘူး၊ ကိုပေါက် ခင်ဗျားကို မေးစရာရှိသေးတယ်"

"မင်း..ဘာမေးမှာလဲ ပန်းအောင်"

"ဆင်ကြီးတို့ကို ကျုပ်တွေ့ချင်တယ်၊ ဘယ်မှာရှိနိုင်မလဲ"

"ဟို…ဟို..စီမံကိန်း(၁)က အသုဘအိမ်မှာ သူတို့အားလုံးရှိကြတယ်၊ သူတို့တင်မကဘူး၊ ငမိုးရိပ်ဘက်က လူမိုက်တွေ လည်းရှိနေကြတယ်၊ ချိန်းပြီးတော့ ဖဲရိုက်ကြမှာ"

"အခု ရှိနေတာလား"

"ညဆိုရင် ပိုပြီးသေချာတယ်"

"ကျေးဇူးပဲ ကိုပေါက်… ခင်ဗျားတို့ညီအစ်ကို (၂)



www.burmeseclassic.com

www.burmeseclassic.com



ယောက် လုံးသိထားသင့်တာက ကျုပ်တို့က ကိုယ့်ရပ်ကွက်ထဲကို ကူးကျော်ပြီး မိုက်ကြေးလာခွဲနေတဲ့ကောင်တွေကို ကြောက်နေရတာ သိပ်ပြီးရှက်ဖို့ကောင်းတယ်၊ ဒီနေ့ကစပြီး ဘာမှကြောက်စရာမလိုဘူး၊ ကျုပ် ရှင်းမယ်..''

''ကျေးဇူးပါပဲ ပန်းအောင်ရာ.. ငါတို့က မလွှဲသာလို့ ဒီအလုပ်ကို လုပ်စားနေရတာ ဆိုတော့ ဒီကောင်တွေကို ကြောက်နေရတာ၊ ချစ်တီးဆိုတဲ့ ငါ့ညီက တကယ်တော့ သွေးသိပ်ရှိတာ မဟုတ်ဘူး၊ အုပ်စုနဲ့ပဲ မိုက်ရဲတာလေ၊ ဘာ လက်ရုံးရည်မှ ရှိတာ မဟုတ်ဘူး''

''ချစ်တီး...''

''ပြောပါ..ပန်းအောင်''

''မင်း လူမိုက်ကြီးဘွဲ့ကို ခံချင်လား''

''ဟာ...မခံချင်တော့ပါဘူးကွာ''

''မင်း ရှေ့ဆက်ပြီး ဒီလောကထဲမှာ ဆက်ပြီး သွားချင်တယ်ဆိုရင် ငါနဲ့လက်တွဲ''

''ခင်း တကယ်ပြောတာလား''

''ငါ့စကားက မင်းကို နောက်ပြောင်ပြီးပြောနေတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



င်းက ထင်နေတာလား"

"မထင်ပါဘူးကွာ"

"တစ်ခုတော့ မင်း သဘောပေါက်ထားရမယ်၊ ငါဆိုတဲ့ ကောင်က မတရားတာဆို ဘာတစ်ခုမှလက်မခံဘူးနော်.. ပြီးတော့ အနိုင်ကျင့် ဗိုလ်ကျတာမျိုးကို မင်းမလုပ်နဲ့"

"အေးပါကွာ...မလုပ်ပါဘူး"

ပန်းအောင်...ချစ်တီးကို လက်ကမ်းပေးလိုက်သဖြင့် တီးလှမ်းဆွဲပြီး ဆုပ်ထားလိုက်သည်။

"ခုလို ဆက်ဆံလိုက်ရတာကို စိတ်မကောင်းပါဘူး"

"ရပါတယ် ပန်းအောင်ရာ..ငါ့ဘက်က မာနတက်ပြီး ဖြစ်သွားရတဲ့ကိစ္စပါ၊ ရှေ့ဆက်ပြီး မင်းနဲ့ငါက မိတ်ဆွေ လို နေသွားကြမှာပါ၊ ကဲ..ငါတို့လက်တွဲတဲ့အထိမ်းအမှတ် နဲ့ ထပ်ပြီးချရအောင်"

"ကောင်းတာပေါ့၊ မင်းတို့ ညီအစ်ကိုနဲ့ ကစားရတာ ကျထားတာလေးတောင် ပျောက်သွားပြီ"

"ကဲကဲ...ငါ့ဆိုင်မှာပဲ သောက်ကြကွာ"

ကိုပေါက် စီစဉ်ပေးသော အရက်နှင့်အမြည်းကို သောက်

www.burmeseclassic.com



ကြရင်း…

"ချစ်တီး‥"

"ပြောလေ ပန်းအောင်"

"ဆင်ကြီးတို့ စတည်းချနေတဲ့ နေရာက ခွင်ကောင်းနေတယ်ပေါ့"

"ခွင်ကောင်းတာတော့ မပြောနဲ့ ပန်းအောင်ရေ‥ အကြော်သည်တွေ၊ အလုပ်သမားတွေဆီက ခြိမ်းခြောက်ပြီး သူ့ထက်ငါ ကွက်ကျော်ရိုက်နေတဲ့ ပွဲပဲ၊ အဲဒီလို လူတွေဆီက ဗိုလ်ကျပြီး မတရားယူထားတဲ့ ဆက်ကြေးငွေတွေနဲ့ ဖဲချနေကြတာ ငွေတွေ ပလူကို ပျံနေတာပဲ၊ တစ်ခုတော့ရှိတယ်၊ နာရေးအိမ်မှာ ဘယ်ကောင်မှ လူစွာမလုပ်ရဲဘူး"

"ဘာလို့လဲ"

"ခု သေသွားတဲ့နာရေးက ဓားပြဗိုလ်ဘတင့်ရဲ့ အိမ် နာရေးလေ၊ ဒီလူကြီးက ဒီကောင်တွေထက် သွေးအေးတယ် သူတို့မိုက်တာလောက်ကတော့ ဟိုလူကြီးက ရယ်တာပေါ့ ဒါကြောင့် လုပ်ရဲကြတာ၊ ဖဲဝိုင်းမှာ လျှင်တဲ့သူက လျှင်သလိုစား ပြဿနာတော့မဖြစ်ရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ငါ အဲဒီလို သွားချင်တယ်"

"ဟာ..ပန်းအောင်၊ မဖြစ်ဘူးထင်တယ်၊ မင်းကို ဆင်ကြီးဆိုတဲ့ကောင်က အလွှတ်ပေးမှာမဟုတ်ဘူး"

"ငါက ဒီကောင့်ဆီကိုသွားပြီးတွေ့ချင်တာ၊ ငါ့ကိုရှာရတဲ့ ရာဇဝင်ကို ချိုးပစ်လိုက်ချင်တာ၊ မင်းတို့လိုက်စရာမလိုပါဘူး၊ တစ်ခုတော့ ငါ့ကို ကူညီ.."

"ဘာကူညီရမလဲပြော"

"ငါ့အတွက် ဖဲကောင်းကောင်းကစားနိုင်တဲ့လူတစ်ယောက်တော့ ရှာပေးကွာ၊ သူက လူစိုက်၊ ငါက ငွေစိုက်မယ်"

"ဒီအတွက်ဘာမှမပူနဲ့၊ ဖဲလောကမှာ ဘာမှ နာမည်မရှိသေးမဲ့ လက်သိပ်ကောင်းတဲ့တစ်ယောက်ရှိတယ်၊ ခု ကစားနေတဲ့ကောင်တွေထက် အများကြီးကောင်းတယ်"

"သူက ဒီလောကထဲမှာ မကစားဖူးဘူးလား"

"ဟင့်အင်း...နယ်ကနေ ရောက်လာတာ မကြာသေးဘူး"

"မင်းကဒီကောင်လက်ကောင်းတယ်ဆိုတာကို ဘယ်လိုသိပြီး သိတာလဲ"

www.burmeseclassic.com



"သူနဲ့ငါက တခြားပွဲတစ်ခုမှာ အတူတူကစားဘူးတာ လေ၊ ဒီရပ်ကွက်ထဲမှာ ချစ်တီးဆိုတဲ့ကောင် ဖဲကျွမ်းတယ်ဆိုတာ ဒီကောင်နဲ့တွေ့မှပဲ ဘာမှမဟုတ်မှန်းသိလိုက်ရတယ်"

"သူ့နာမည်က‥"

"ချိုလေး"

"ငါနဲ့မိတ်ဆက်ပေးလေ"

"သိပ်မကြာခင် ဒီကိုရောက်လာမှာပါ၊ ခင်ဖို့တော့ ကောင်းပါတယ်"

"ပန်းအောင်…"

"ကျော်ဦးဘာလဲ"

"မင်းသွားရင် ဖြစ်ချင်ရာဖြစ်ကွာ၊ ငါပါလိုက်မယ်"

"ဟုတ်တယ်‥ငါလည်းလိုက်မယ်"

"မင်းတို့သဘောပဲလေ၊ လက်ညီရင် ပိုပြီးကောင်းတာ ပေါ့ကွာ‥"

"မင်းလောက် အရည်အချင်းမရှိပေမဲ့ ငါတို့ဘက်က စွမ်းသလောက်တော့ လုပ်ကြတာပေါ့၊ သွေးသောက်ညီအစ်ကို တွေပေါ့ကွာ‥ဟား‥ဟား‥ဟား…"



www.burmeseclassic.com

www.burmeseclassic.com



(၃)ယောက်သား ရယ်မောပြီး အရက်သောက်လိုက်ကြသည်။

"ဟိုမှာ လာနေပြီ"

"ချိုလေးဆိုတဲ့သူလား"

"ဟုတ်တယ် ပန်းအောင်"

ပိန်ပိန်သွယ်သွယ်နှင့်လာနေသော ချိုလေးဆိုသူကိုတွေ့လိုက်သည်နှင့် ချစ်တီးလှမ်းပြီးခေါ်လိုက်သည်။

"ချိုလေးရေ...လာဟေ့"

"ဆောရီးဗျာ.. ကျွန်တော်နည်းနည်းနောက်ကျသွားတယ်"

"ရပါတယ်.. ကဲ..မင်းကိုမိတ်ဆက်ပေးရမယ်"

"မိတ်ဆက်ပေးစရာမလိုပါဘူးဗျာ၊ ကိုပန်းအောင်နဲ့ကျော်ဦးကို ကျွန်တော်က သိထားပါတယ်"

"ဟာ...ဘယ်တုန်းက သိထားတာလဲ"

"ဟိုတလောက ဦးဘရီတံတားမှာ၊ ကျော်လှတို့ကို ခုံးမျှတ်လိုက်တာကို ကိုယ်တိုင်တွေ့ဘူးထားတာပါ၊ ပြီးတော့အရက်ဆိုင်မှာ ညနေပိုင်းတွေ့တွေ့နေတာပဲလေ"

www.burmeseclassic.com



"ဒါဆိုရင် တွေတွေထူးထူး မိတ်ဆက်စရာမလိုတော့ဘူး ပေါ့ကွာ"

တစ်ယောက်နဲ့တစ်ယောက် ငယ်ပေါင်းသူငယ်ချင်းတွေလို ဖြစ်သွားကြပြီး ပန်းအောင်..သူလုပ်ကိုင်ချင်သောအစီအစဉ်ကို ပြောပြလိုက်သည်။

"ဒီပွဲကို ကျွန်တော်လည်းသွားချင်နေတာ ကိုပန်းအောင်"

"ဘာကြောင့်လဲ ချိုလေး..."

"ကျွန်တော့်အတွက် ရာဇဝတ်ကြွေးတစ်ခုကို ဆပ်စရာရှိလို့"

"လုပ်ပါဦး မင်းရာဇဝင်ကြွေးဆိုတာ"

"ဒီလို ကိုပန်းအောင်.. ကျွန်တော်တို့မျိုးရိုးက ဖဲသမားမျိုးရိုးလို့ပဲ ဆိုရမှာပေါ့ဗျာ၊ ဘိုးဘွားလက်ထက်ထဲက ဖဲလောကမှာ ကျင်လည်ခဲ့ကြတာလေ၊ နောက်ဆုံး ကျွန်တော့်ဖခင်လက်ထက်မှာကြောက်စရာကောင်းတဲ့ ကံကြမ္မာဆိုးကြီးတစ်ခုကို ကြုံလိုက်ရတယ်"

ချိုလေး.. သူ့ဘဝ၏အတိတ်ရုပ်ပုံလွှာကို စတင်ပြီးဖွင့်ပြသည်ကို စိတ်ဝင်စားစွာနားထောင်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လောင်းကစားလောကတွင် လက်ျာဆိုရင် မသိသူမရှိ၊ ဖဲနှင့်ပတ်သက်ပြီးမှော်ရထားသူပမာ၊ လက်ျာနှင့် တစ်ဝိုင်းတည်း ရိုက် မည့်သူမရှိတာကြောင့် လက်ျာတို့ရပ်ကွက်တင်မက ဘေးရပ်ကွက်တွေကပင် လက်ျာကို ရှောင်ကြတော့သည်။

မောင်လက်ျာ၊ ကိုလက်ျာမှ ဦးလက်ျာဘဝကိုရောက်တော့ သူ့ဘဝတွင် ဇနီးသည် မခင်မာလွင်နှင့် သားလေးချိုလေးတို့နှင့် မိသားစုဘဝကလေးတစ်ခုကို ပိုင်ဆိုင်ထားခဲ့သည်။ ဖဲလောကတွင် သူ့ကို ပါဝင်ခွင့်မပေးခဲ့တာကြောင့် ဝိုင်းထဲကို ဝင်ခွင့်မရသေမဲ့ ဖဲဝိုင်းဖြစ်ပြီဆိုရင် သူ့အတွက် ဆက်ကြေးကတော့ ရနေခဲ့ပါတယ်။ ဇနီးသည် ခင်မာလွင်ကတော့ ရပ်ကွက်ဈေးလေးတွင် စက်ချုပ်ဆိုင်လေးဖွင့်ပြီး မိသားစုဘဝလေးကို ဖြေရှင်းပေးနေခဲ့ရတယ်။

ဖခင်၏ဗီဇနှင့်ထပ်တူဖြစ်ခဲ့သော ချိုလေးတစ်ယောက် (၈) တန်းကျောင်းသားအရွယ်ထိ ဖဲချပ်တွေနှင့်ထိတွေ့မှုကတော့ နေ့စဉ် မပြတ်ရှိနေခဲ့သူ၊ ဒါကို မိခင်လုပ်သူက အမျိုးမျိုးတားမြစ်ပေမဲ့ မိခင်မသိအောင် ဖခင်ထံမှ ဖဲပညာကို သင်ယူထားသူဖြစ်သည်။ ဒါပေမဲ့ ကြေးစားအဆင့်ထိတော့ ပါဝင်ခဲ့ခြင်းမရှိ၊

www.burmeseclassic.com



ဖခင်လုပ်သူကလည်း ခွင့်မပြုခဲ့ပေ။

"မင်းကို ဒီဖဲပညာသင်ပေးရတာ ဖဲလောကထဲကို ဝင်ဖို့ မဟုတ်ဘူး ငါ့သား.. ငါတို့ဘိုးဘွားတွေရဲ့အစဉ်အလာတစ်ခုကို ပျောက်ကွယ်သွားမှာစိုးလို့ သင်ပေးနေတာ၊ ဒီပညာနဲ့ ဘယ်တော့မှ ဘဝကို မရပ်တည်နဲ့၊ ဖဲချပ်တွေဟာ သက်မဲ့နေတယ်လို့ထင်ရပေမဲ့ ဒီဖဲချပ်တွေကို ကိုင်တွယ်နေတဲ့လူတွေရဲ့အတွက်၊ လောဘတွေကြောင့် ဖဲချပ်တွေဆီမှာ ကြောက်စရာကောင်းတဲ့ အဆိပ်တွေရှိနေတယ်၊ ဖေဖေရဲ့ အဖေနဲ့ ဘိုးဘွားတွေအားလုံးဟာ ဒီဖဲချပ်တွေရဲ့ အဆိပ်သင့်ခဲ့ကြတယ်လေ၊ ဒီထဲမှာ ငါ့သားလေး မပါဝင်စေချင်ဘူး"

"ဖေဖေ့လက်တွေမှာ ဒီအဆိပ်တွေ သင့်ခဲ့တယ်ပေါ့.. ဟုတ်လား"

"ငါ့သားလေး မမွေးခင်ထိတော့ ဖေဖေ့လက်တွေမှာ အဆိပ်တွေ အပြည့်ပဲကွာ၊ ငါ့သားလေးမွေးပြီးနောက်ပိုင်းတော့ ဖေဖေဟာ အဆိပ်တွင်းထဲကနေ ရုန်းထွက်ခဲ့တယ်"

ခုလို ဆက်ကြေးပေးတဲ့ ငွေကြေးတွေတောင် ဖေဖေ မသုံးတော့ဘူး၊ ဖေဖေဟာ တကယ်ပဲ ဖဲဝိုင်းတွေဆီက ဆက်ကြေး

www.burmeseclassic.com



ကို လုံးလုံးမယူတော့ဘဲ မေမေနဲ့အတူ ဈေးထဲတွင် ဝိုင်းလုပ်ကိုင်ရင်းဘဝကို ပြောင်းလဲခဲ့တာ ကြာခဲ့ပြီဖြစ်ပါသည်။

ဒါပေမယ့် ချိုလေးတို့ မိသားစုဘဝအတွက် ကံကြမ္မာဆိုးဝင်ရောက်လာမည့်နေ့တစ်ရက်ကို ရောက်လာခဲ့ပါတယ်။ ညနေထမင်းစားပြီးလို့ မေမေက အပ်ထားသောအင်္ကျီတွေကို ကြယ်သီးပေါက်တပ်ဖို့လုပ်ကိုင်နေသည်။ ဖေဖေကတော့ ရေနွေးကြမ်းသောက်ရင်း စာအုပ်ဖတ်နေသည်။ ချိုလေးကတော့ စာကျက်ရန်ပြင်ဆင်နေစဉ်...

"ဝူး...ကျွီ..."

အိမ်ရှေ့တွင် ကားရပ်သံကြောင့် ဖေဖေ အိမ်ပေါက်ကိုထွက်ပြီး ကြည့်လိုက်တော့

"ကိုစန်း..လာဗျာ..အလည်သက်သက်လား"

ကိုစန်းဆိုတဲ့သူက လောင်းကစားလောက၏ပွဲစားတစ်ယောက်၊ တချို့သော ကြိတ်ဝိုင်းပွဲတွေကို သူက ပုလိပ်တွေနဲ့ညှိပြီး လုပ်ကိုင်ပေးသူဖြစ်သည်။ တစ်ချိန်က ဖေဖေ့ကိုအသုံးချပြီး ကောင်းစားခဲ့သူလည်းဖြစ်သည်။

"အလည်သက်သက်မဟုတ်ဘူးဗျို့၊ အလုပ်ကိစ္စပါလာ

www.burmeseclassic.com



တယ်''

ကိုစန်း၏အလုပ်ကိစ္စကို သဘောပေါက်လိုက်သည်။ ကိုစန်းမောင်နောက်တွင် ခပ်ဝဝ လူကြီးတစ်ယောက်လည်း ပါလာတာကြောင့်

''ကိုလက်ျာကို မိတ်ဆက်ပေးရဦးမယ်၊ သူက ငွေရှင်ဦးအုံ့မောင်တဲ့''

''ဟုတ်ကဲ့...တွေ့ရတာ ဝမ်းသာပါတယ်၊ ဒါပေမဲ့ ကိုစန်း ကျုပ်..ဒီအလုပ်တွေကို မလုပ်တော့ဘူးဗျာ၊ ကျုပ်ဘဝကို ဝမ်းအေး အေးနဲ့ပဲ နေထိုင်ချင်တော့တယ်''

''ကျုပ်..ခင်ဗျားသတင်းကြားပြီးပါပြီ၊ ခုပွဲက သိပ်ကိုကောင်းတဲ့ပွဲမို့လို့ပါ၊ ပြီးတော့ ခင်ဗျားတို့ ခုလို အိမ်ငှားပြီးနေနေရတဲ့ဘဝကနေ လွတ်မြောက်စေချင်လို့လာခဲ့တာပါဗျာ''

ချိုလေးတို့မိသားစုအတွက် အိမ်ငှားဘဝနဲ့နေထိုင်ခဲ့ရတာ သိပ်တော့ မကောင်းလှပေ၊ တစ်လတစ်ခါ အိမ်လခ ရှာရတာ တစ်မျိုး၊ ဒီကြားထဲ အိမ်လခတွေက တစ်လနှင့်တစ်လ မတူဘဲ တက်နေတာကြောင့် ဟိုအိမ်ပြောင်းရ၊ ဒီအိမ်ရွှေ့ရနှင့် ရပ်ကွက်ထဲတွင် နေခဲ့ရတဲ့ အိမ်တွေက မနည်းတော့ပေ၊ ထိုစကား

www.burmeseclassic.com



ကြောင့် အဖေ့မျက်နှာတွင် တစ်ချက်တွေဝေသွားပြီ။

"ကိုအံ့မောင်တို့ ခုလုပ်မယ့်ပွဲက ကျုပ်အိမ်တစ်လုံးဝယ်နိုင်တဲ့အခြေအနေမျိုးကို မှီပါ့မလား"

"သိပ်ကို မှီတာပေါ့ဗျာ၊ ခင်ဗျားဘက်ကသာ ဒီပွဲမှာ အပိုင် လုပ်နိုင်ရင် ခင်ဗျားအတွက် အိမ်တစ်လုံးကို ကျုပ်ဖန်တီးပေးနိုင်တယ်"

"ဟူး . . . ကောင်းပြီ . . . ပွဲကဘယ်နေ့လဲ . . "

"ခုပဲ သွားကြရမှာ . . . "

ဖေဖေ ထိုင်နေရာမှ ထပြီး မေမေ့ဘက်ကိုလျှောက်သွားတာ

"ခင် . . . ကိုယ့်ကို ဒီတစ်ခါက်ခွင့်လွှတ်ပေးပါဦး"

"ကိုလက်ျာ . . ကျွန်မမိသားစုအတွက် အိမ်ပိုင်ဖို့ထက် ဘဝပိုင်ဖို့က အရမ်းကို အရေးကြီးတယ်နော် . . . "

"ကိုယ်သဘောပေါက်ပါတယ် ခင်ရာ . . ခုပွဲလေးဟာ ကိုယ့်ဘဝရဲ့ နောက်ဆုံးဖဲချပ်တွေကို ကိုင်တွယ်တဲ့ပွဲလို့ သတ်မှတ်ပေးပါ၊ ကိုယ်သွားမယ်"

ဖေဖေ အခန်းထဲကိုဝင်သွားပြီး အဝတ်အစားလဲ၍ ဘုရား

www.burmeseclassic.com



စင်ရှေ့တွင် ဦးချကာ လိုက်သွားလေသည်။

"ချိုလေး..ဆက်ပြီးပြောလေကွာ၊ တကယ့်ကောင်းခန်းကိုရောက်မှ ရပ်သွားရတယ်လို့..."

"ဆက်ပြီးပြောပြမှာပါ၊ ဒီအခန်းလေးဟာ ကျွန်တော်တို့မိသားစု ဘဝတစ်ခုလုံးရဲ့ အခန်းဆုံးကံကြမ္မာတစ်ခုကို ရောက်အောင် ပို့ပေးခဲ့တဲ့ နောက်ဆုံးခန်းဖြစ်နေလို့ပါ"

ချိုလေးတစ်ယောက် စကားကိုခဏရပ်ပြီး အရက်အပြည့် ငှဲ့ထားသော ခွက်ကိုမော့သောက်လိုက်သည်။

"အဲဒီပွဲမှာ ဖေဖေဟာ ဦးသာချိုဆိုတဲ့လူကို ရှုံးခဲ့တဲ့အပြင် သက်ဆိုင်ရာက ဝင်ပြီးဖမ်းလို့ ထောင်ကျခဲ့တယ်၊ ကံဆိုးခြင်းရဲ့ နောက်ဆက်တွဲနဲ့ပဲ ဖေဖေဟာ ထောင်ထဲမှာ ဆုံးသွားခဲ့တယ်၊ အပြင်လောကကြီးမှာ ကျန်ခဲ့တဲ့ မေမေကလည်း ဈေးကအပြန် မှာ ကားတိုက်ခံရပြီး လောကထဲမှာ ကျွန်တော့်ကို တစ်ယောက် တည်း ထားခဲ့တယ်လေ"

ချိုလေးစကားကြောင့် ပန်းအောင်တို့ စိတ်မကောင်းဖြစ်မိသွားကြသည်။

"ဖေဖေ ကျွန်တော့်ကို ပေးထားတဲ့ ကတိကို ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် မတည်ခဲ့ပါဘူးဗျာ၊ ဖေဖေ သင်ပေးခဲ့တဲ့ ဖဲပညာနဲ့ လောင်းအစားလောကကြီးထဲမှာ ကျင်လည်ရင်း ဘဝကိုဖြတ်သန်းခဲ့တာ ခုထိပဲ ဆိုရမှာပေါ့''

''မင်းက ငါတို့ဘက်ကိုပြောင်းလာတာ မကြာသေးဘူး ဆို..''

ပန်းအောင်ပြောလိုက်သော ငါတို့ဘက်ဆိုသော တစ်ရပ်ကွက်ထဲတော့မဟုတ်။ သံသုမာလမ်းတစ်လမ်းသာခြားပြီး ရှိသော စီမံကိန်း(၁)ရပ်ကွက်ပင်ဖြစ်ပါသည်။ ထိုရပ်ကွက်လေးသာ ဦးနေဝင်း၏ မ•ဆ•လ အစိုးရတက်စဉ်က တိုင်းရင်းသား ဘက်နက်ကိုင်ရဲဘော်ဟောင်းတွေကို ပေးထားသောရပ်ကွက်လေးတစ်ခုဖြစ်ပါသည်။ စပြီးနေကာစကတော့ ထိုရပ်ကွက်တွင် တိုင်းရင်းသားတွေလောက်ပဲ နေခဲ့ကြပေမဲ့ နောက်ပိုင်းတော့ မြန်မာလူမျိုးတွေပါရောပြီး နေထိုင်လာခဲ့ကြသည်။

''ဟုတ်တယ် ကိုပန်းအောင် လောင်းကစားမှုနဲ့အဖမ်းခံရပြီး ထောင်ကျခဲ့တယ် အရင်နေတဲ့ ရက်ကွက်မှာ မနေချင်တာနဲ့ ဒီဘက်ကိုပြောင်းပြီးလာနေတာပါ''

''အဆက်အသွယ်ဘယ်ကရခဲ့ပြီး စီမံကိန်းထဲကို

www.burmeseclassic.com



ရောက်ခဲ့ ရတာလဲ"

"ကျွန်တော် အဖမ်းခံရတုန်းက ထောင်ထဲမှာ ခါး(ခါးပိုက် နှိုက်)သန်းလွင်နဲ့ ခင်ခဲ့ပြီး သူ့အဆက်အသွယ်နဲ့ ရောက်ခဲ့တာပါ"

"မင်းရဲ့သမိုင်းကြောင်းကို ကြားရတာ စိတ်မကောင်း စရာပဲပေါ့ကွာ၊ ပြီးခဲ့တာတွေ ပြီးခဲ့ပါပြီ၊ ဒါနဲ့ မင်းရာဇဝင်ကြွေး ဆပ်ချင်တာကို ဆက်ပြောပါဦး"

"သဃ်န်းကျွန်းဘက်မှာ ဦးသာချို့ရဲ့သား ဖေမောင်ဆိုတဲ့ ကောင်က ဖဲနဲ့ပတ်သက်ပြီး နာမည်ကြီးနေတာ၊ ခု ဒီပွဲမှာ ဖေမောင် ရောက်နေတယ်ဆိုတာကို ကြားထားလို့ပါ"

"သူ့အဖေ ဦးသာချိုကရော"

"ဒီလူကြီးကတော့ လေဖြတ်ပြီး ဖဲချပ်တွေကို မကိုင်နိုင် တော့ဘူးလေ ဒါကြောင့် အဖေရဲ့ ရာဇဝင်ကြွေးကို သားကပြန် ပြီးဆပ်ရမယ့်ပွဲမို့ သွားချင်တာပါ"

"ဒါဆို ငါတို့ ပွဲစဉ်အတွက်သိပ်ကို ကောင်းသွားပြီ"

"ပန်းအောင် ဒီညလာမှာလား"

"အင်း ညနေ(၆း၀၀)နာရီထိုးတာနဲ့ တံတားထိပ်



www.burmeseclassic.com

www.burmeseclassic.com



နာပြန်ပြီး ဆုံကြမယ်၊ ငါ ငွေသွားပြီးရှာလိုက်ဦးမယ်"

"ပန်းအောင် မင်းမိဘတွေက မင်းကိုဘာမှ မပြောကြတော့ဘူးလား"

"မပြောဘဲနေပါ့မလားကွာ၊ ငါရဲ့နာကျင်မှုတွေ နာကြည်းချက်တွေကြောင့် ငါ့ကို ဘာမှ မပြောကြတော့ဘူး၊ သူတို့ရင်ထဲမှာ ငါ့အတွက် ခံစားနေရတာကို ငါစိတ်မကောင်းပါဘူး၊ ဒါပေမဲ့ ငါရဲ့ ရာဇဝင်ကြွေးတစ်ခုအတွက် ပြီးဆုံးအောင်ဆက်ပြီး ကရမှာပဲကွာ"

××××××××××



www.burmeseclassic.com

www.burmeseclassic.com

ဗီရိုထဲမှ အမေ့ဆွဲကြိုးလေးကို ပန်းအောင်ယူလိုက်ပြီး
သူ့ ဘဝတွင် မိဘမသိအောင်လုပ်ခဲ့တာ ပထမဦးဆုံးမို့ စိတ်ထဲ
တွင် တွန့်ဆုတ်နေပေမဲ့ သူ့အတွက် ငွေရဖို့က ဒီနေရာပဲရှိတော့
သည်။ ကျောင်းဆက်ပြီး မတက်ကတည်းက မိဘဆီက
လက်ဖြန့်ပြီး ငွေတောင်းရတာကို ပန်းအောင် မနှစ်မြို့တော့
သူ့မှာဝင်ငွေရစရာ အခြားနည်းလမ်းမရှိ…

"မေမေ သားကို ခွင့်လွှတ်ပေးပါ မေမေ့ဆွဲကြိုးကိုသား
ရအောင်ပြန်ယူလာမှာပါ…"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲတွင် မိခင်ဖြစ်သူကို ကောင်းပန်လိုက်ပြီး အိမ်ပေါ်
ဆင်းလာသောအခါ အပြင်မှ ပြန်လာသောမိခင်နှင့် မျက်နှာချင်း
ဆိုင်တိုးသဖြင့် စိတ်တွေက မလုံမလဲဖြစ်သွားသည်…

"သား…မင်းဘယ်လဲ"

"သား အပြင်ခဏသွားမလို့ပါအမေ"

"သားရယ် ခုခေတ်ကာလကြီးက မကောင်းဘူးအပြင်
မှာ အသံတွေမျိုးစုံကြားနေရတယ်၊ သိပ်ပြီးညဉ့်နက်အောင်
မနေပါနဲ့ကွယ်"

"ဟုတ်ကဲ့ပါအမေ"

ပန်းအောင် မေမေဘေးကနေ ခပ်သွက်သွက်လေးထွက်
လာခဲ့ရင်း မိခင်၊ ဖခင်တွေ သိပ်ပြီးဖြစ်စေချင်သော ပညာတတ်
လူရတစ်ယောက် ဘဝသို့ သူ့ဘက်မှ တာဝန်မဲ့ခဲ့ခြင်းအတွက်
ဝမ်းနည်းရုံကလွဲပြီး ဘာမှမတတ်နိုင်သော ခြေလှမ်းလှမ်းနေခဲ့သူ
ဖြစ်ခဲ့ပြီ…

အမေ့ဆွဲကြိုးလေးကို သူတို့လမ်းနှင့်တစ်လမ်းကျော်တွင်
သွားပြီးပေါင်ရမှာဖြစ်တာမို့ ခပ်သွက်သွက်လေးလျှောက်
လာရင်း…

www.burmeseclassic.com



"ပန်းအောင်"

"ဟင် မြင့်မိုရ်"

လမ်းထိပ်ကုန်ခြောက်ဆိုင်လေးထဲမှ ထွက်လာသော မိုးမြင့်မိုရ် နှင့် မျက်နှာချင်းဆိုင်တွေ့လိုက်ရခြင်းဖြစ်သည်။

"နင့်ကိုငါတွေ့ချင်တယ်၊ မနက်ဖြန် ကျောင်းနောက် ကန်ပေါင်ပေါ်မှာ စောင့်နေပါ၊ ကျောင်းမှာ ညနေပိုင်း အချိန် ပြီးတာနဲ့ ငါထွက်ခဲ့မယ်"

"အင်း"

ပန်းအောင် ခေါင်းလေးညိတ်ပြပြီး အပေါင်ခံမယ့်လ ထဲကို ဝင်ခဲ့တော့သည်။ သူ့အာရုံထဲတွင် ဘယ်လိုမှ မမျှော် ထားသော မိုးမြင့်မိုရ် ချိန်းဆိုမှုကို အံ့အားသင့်နေခဲ့သည် တကယ်ဆို မိုးမြင့်မိုရ်ကို မျက်နှာချင်းဆိုင်နိုင်ရန် ပန်းအော သတ္တိမရှိခဲ့တာတော့ အမှန်တကယ်ပင်ဖြစ်သည်။

××××××××××



www.burmeseclassic.com

www.burmeseclassic.com

သခွပ်ပင်ချောင်းတံတားထိပ်ကို သူရောက်တော့ ကျော်ဦး၊ ချိုလေးနှင့်ချစ်တီးတို့ အရင်ရောက်နေကြသည်။

"ဆောရီးကွာ၊ ငွေဖန်တီးနေတာနဲ့ နောက်ကျသွားတယ်"

"ငါတို့လည်း ခုမှရောက်တာ၊ ပန်းအောင်..ငါတို့(၄)ယောက်လုံး စုပြီးဝင်မှာလား"

"ဒီလိုဝင်ရင် သတ်ကွင်းထဲကို (၄)ယောက်လုံးခေါင်းခင်းပေးတာနဲ့အတူတူ ဖြစ်နေမှာပေါ့ကွာ"

"ဒီတော့ မင်းကဘယ်လိုစီစဉ်ချင်လဲ"

"ငါနဲ့ချိုလေးက ဝိုင်းထဲကိုဝင်မယ်၊ မင်းတို့(၂)ယောက်



www.burmeseclassic.com

www.burmeseclassic.com



တ လမ်းကနေစောင့်နေကြ၊ ဒီကောင်တွေ ငါတို့ရှုံးသည်ဖြစ်စေ နိုင်သည်ဖြစ်စေ ငါ့ကိုရှင်းကြမှာပဲ"

"ဒါတော့ လုံးဝသေချာတယ်"

"မင်းတို့(၂)ယောက်က ဒီကောင်တွေကို ရှင်းနိုင်တဲ့ နေရာမှာ ပုန်းပြီးစောင့်နေကြ"

"ငါသဘောပေါက်ပြီ၊ ဒီကောင်တွေ မင်းတို့ကို မဲနေချိန်မှာ ငါတို့(၂)ယောက်က အနောက်ကနေဝင်ပြီး တီးရမယ် မဟုတ်လား"

"ကျော်ဦး‥မင်းသဘောပေါက်လွယ်တယ်"

"ကျွန်တော်က ခုပွဲမှာ အချိန်သိပ်မယူဘူး၊ အများဆုံး တစ်နာရီ (ဆက်ရှင်)နဲ့ အပြီးရိုက်မယ်"

"ပန်းအောင်‥‥မင်း နေရာရွေးလိုက်ဦး"

"သံတံတား ဒီဘက်က ဒီကောင်တွေရှင်းမယ်ဆိုရင် အရမ်းကို ရှင်းလို့ကောင်းမယ့်နေရာပဲ၊ အမှောင်က အားကောင်းတယ်၊ မင်းတို့စောင့်နေတာကို ဒီကောင်တွေ မရိပ်မိဖို့တော့လိုတယ်နော်"

"ပန်းအောင်‥‥မင်း လက်နက်ဆောင်သွားဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အတွက် လက်နက်မလိုဘူး၊ သူတို့လက်နက် ငါ့လက်နက်ပဲ"

စီမံကိန်းရပ်ကွက်ထဲကနေ တစ်ဖက်ရပ်ကွက်ဆီသို့ သံတံတားလေးအတိုင်း ကူးခဲ့ကြပြီး...

"နေခဲ့ကြတော့၊ ငါတို့သွားမယ်"

"ပန်းအောင်...မင်း ခုသွားမယ့်နေရာက မြေခွေးတွေနေရာနော်၊ သတိမလစ်စေနဲ့ဦး.."

"စိတ်ချ... ငါက ဒီကောင်တွေလို မြေခွေးတော့မဟုတ်ဘူး၊ ကျား..ကောင်မှ (၉)ကောင်ကျားဟေ့"

လမ်းပေါ်မှာ လူခြေက တိတ်နေလေပြီ၊ လမ်းဘေးဓာတ်တိုင်မီးတွေက လင်းနေပေမဲ့ သိပ်အလင်းကြီးတော့ မဟုတ်၊ လူကို မြင်နိုင်ရုံလောက်သာ လင်းနေသော ဓာတ်မီးတိုင်တွေပင်ဖြစ်သည်။

"ကိုပန်းအောင်...ဟိုမှာမြင်နေရတဲ့အိမ်ဖြစ်မယ်"

"အေး..."

အိမ်ရှေ့တွင် ရွက်ဖျင်ပိုးထားပြီး ထိုင်နေကြသော လူတွေကိုတွေ့နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖဲသမားတွေတော့ များသားပဲ"

"ဒါ ဝိုင်းသေးတွေ ကစားနေကြတာဖြစ်မယ်"

နာရေးအိမ်ရှေ့ကိုရောက်တော့ ဖဲကစားနေကြတဲ့သူတွေက ပန်းအောင်တို့(၂)ယောက်ကို မျက်လုံးစိမ်းတွေနှင့်ဝိုင်းကြည့်နေကြသည်။ ခုလို ဒုစရိုက်သမားများစွာ စုဝေးတဲ့နေရာတွင် သာမန်အရပ်သားတွေ အနားကိုမကပ်ဝံ့တာကြောင့် သူတို့(၂)ယောက်ကို ကြည့်လိုက်ခြင်းဖြစ်သည်။

"ဝိုင်းတွေက လူပြည့်နေပြီပဲ"

ချိုလေး...ဖဲဝိုင်းထဲကိုလှမ်းကြည့်ပြီး စကားခေါ်လိုက်တာကြောင့် ဘေးမှ ရပ်နေတဲ့လူတစ်ယောက် ချိုလေးမျက်နှာကိုသေချာစွာကြည့်ပြီး

"မင်းက ဝိုင်းသေးကစားချင်တာလား၊ ဝိုင်းကြီးကစားချင်တာလား"

"ဖြစ်နိုင်ရင် ဝိုင်းကြီး ကစားချင်တာ"

"(၂)ချပ်လား၊ (၃)ချပ်လား"

"(၂)ချပ်.."

"ကောင်းပြီ..... ခဏစောင့်၊ မကြာခင်စမယ်

www.burmeseclassic.com



ကောင်းကောင်း..."

"ဗျာ...ဆရာမိုး"

"ဟိုကောင်တွေ ဘယ်ချိန်ကို ချိန်းထားလဲ"

"(၇း၀၀)နာရီလောက်ဆို ရောက်တော့မှာပါ"

"ကောင်းကောင်း ဒီကညှေ့သည်(၂)ယောက်ကို အိမ်ပေါ်မှာနေရာပေးထားလိုက်"

"ဟုတ်ကဲ့..."

ချိုလေးနှင့်ပန်းအောင် အိမ်ပေါ်သို့လိုက်ခဲ့ကြရင်း ပန်းအောင်... ဆင်ကြီးတို့ကို ရှာဖွေနေမိသည်။ အရိပ်အယောင်ပင် မတွေ့။

"မင်းတို့အရက်သောက်မလား"

"ကောင်းတာပေါ့"

"ဘီအီးလား၊ တောလား"

"ဘီအီးရရင် ပိုပြီးအဆင်ပြေပါတယ်"

"ခဏလေး စောင့်"

အိမ်ပေါ်တွင် ထိုင်ပြီးသိပ်မကြာ၊ သူတို့(၂)ယောက် အတွက် ဘီအီးတစ်လုံးနှင့်ပဲလှော်တစ်ပန်းကန်ကို လာပြီးတော့ချ



www.burmeseclassic.com

www.burmeseclassic.com



ပေးသည်။ ပြီးတော့ သောက်ရေခွက်နှင့် အရက်ခွက်ပါ ချပေး ထားသည်။

"ကိုပန်းအောင် ကျွန်တော်က သိပ်ပြီးသောက်လို့ မကောင်းဘူး၊ တစ်ခွက်လောက်ပဲချမယ်"

"မင်းလက်ကို မင်းနိုင်သလောက်ပဲချလေ၊ ငါလည်း သိပ် သောက်လို့မရပါဘူး"

အရင်ဆုံးတစ်ယောက်တစ်ခွက်စီ ငှဲ့သောက်ပြီးချိန်တွင်

"ဩော်...ဘယ်သူတွေလည်းမှတ်တယ် ပန်းအောင် မင်းကိုး၊ တကယ့်ကို မင်္ဂလာ ရှိတဲ့သူပဲဟေ့"

ပန်းအောင်ရှေ့တွင်ရပ်ပြီး ပြောနေသူက ကျော်လှ၊ ပန်းအောင်က ကျော်လှပြောနေသောစကားကို ဂရုမစိုက်သလို ဟန်ဖြင့်နှောက်ထပ် အရက်ကိုငှဲ့နေလိုက်သည်။

"ကျော်လှ.."

"ဗျာ.."

ပန်းအောင်ကြားလိုက်ရသောအသံမှာ ကျားကြီး တစ် ကောင် ဟိန်းနေသလိုပင်ထင်လိုက်ရသည်။ မော့ပြီးကြည့် လိုက်သော အသက်ခပ်ကြီးကြီး မျက်နှာတွင် မားဒဏ်ရာနှင့်

www.burmeseclassic.com



သူကြီးတစ်ယောက်ကိုတွေ့လိုက်ရသည်။ ပန်းအောင်စိတ်ထဲတွင် အပြဲဗိုလ် ဦးဘတင့်ဆိုသူဖြစ်မည်ဟုထင်လိုက်သည်။

"မင်း ပါးစပ်ပေါက်ကို မင်းဘာသာ ပပိတ်မလား၊ ငါပိတ်ပေးရမလား"

"ကျွန်...ကျွန်တော် တောင်းပန်ပါတယ်"

"မင်းဗိုင်းထဲကို ဝင်မှာလား"

"အစ်ကို ဆင်ကြီးဝင်မှာပါ"

"ဒါဆို မင်းအောက်ကိုဆင်းတော့၊ ငါ့နယ်နိမိတ်မှာ ဗိုလ်တွေ ဂျီတွေ လာပြီးလုပ်မနေနဲ့၊ မနက်ဖြန် ပျောက်သွားမယ်၊ သွားတော့ကွာ..."

"ဟုတ်ကဲ့"

ကျော်လှတစ်ယောက် ကြွက်စုတ်လေးတစ်ကောင်လို ခပ်ကုတ်ကုတ်လေး အိမ်ပေါ်ကနေ ဆင်းသွားလေသည်။

"ကောင်လေး"

"ဟုတ်ကဲ့ ပြောပါ..ဦး.."

"မင်း ကျောကို လုံခြုံစိတ်ချစွာ ကစားပါ၊ ငါ့နယ်နိမိတ်ထဲမှာ ဘာမှမဖြစ်စေရဘူး"

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်ဦး"

သိပ်မကြာ ဆင်ကြီးနှင့်သဃ်န်းကျွန်းမှ ချိုလေး၏ ရန်ကြွေး ဆပ်ရမယ့်ဖေမောင်တို့ရောက်လာကြပြီး ရှိုးဝိုင်းလေးကို စတင်ကြတော့သည်။ ဆင်ကြီးက ပန်းအောင်ကို ဦးဘတင့်အိမ် ပေါ်မှာမို့ ဘာမှမသိသလို နေပေမဲ့ ပန်းအောင်ကို မကောင်းကြံနေ သော မျက်လုံးတွေကို တွေ့နေရသည်။

ချိုလေး‥သူပြောသည့်အတိုင်း တစ်နာရီအတွင်းမှာပင် တကယ့်ကို သေသပ်တဲ့လက်တွေနှင့်ဝိုင်းထဲမှငွေတွေကို သိမ်းယူ လိုက်သည်။

"ပွဲကပြီးသွားပြီနော်"

"မင်းနဲ့ငါ ထပ်ပြီး ကစားချင်သေးတယ်"

ချိုလေးကို ပြောလိုက်သူက ဖေမောင်‥

"ကောင်းပြီလေ၊ နောက်ပွဲတွေကျရင် တွေ့ကြတာပေါ့ ဖေမောင်‥"

"ဟင်‥‥မင်းက ငါ့နာမည်ကို သိနေတာကိုး၊ မင်းဘယ် သူလဲ"

"ငါက ဦးလက်ျာရဲ့သား ချိုလေးဆိုတာပဲ၊ မင်းအဖေ

www.burmeseclassic.com



ဦးဘာချိုကို ပြောပြလိုက်ပါ၊ ကိုပန်းအောင် သွားမယ်"

"ခဏ…ချိုလေး"

ပန်းအောင် သူတို့နိုင်ထားသော ငွေထဲမှ ငွေတစ်ထပ်ကို ယူလိုက်ပြီး ဦးဘတင့်လက်ထဲသို့ပေးလိုက်သည်။

"ကျွန်တော် စေတနာနဲ့ကူခဲ့တာပါဦး"

"ကျေးဇူးတင်ပါတယ်၊ ပြန်တဲ့အခါ ဂရုစိုက်ပြီးသွား"

"ဟုတ်ကဲ့ပါဦး"

သူ့အတွက် အန္တရာယ်တွေက ရောက်နေပြီဆိုတာကို သဘောပေါက်ထားသည်။ ဒီလိုအန္တရာယ်တွေနှင့်ထိပ်တိုက်တိုး ချင်လို့ ခုလိုနေရာကို လာခဲ့ခြင်းဖြစ်သည်။

"ငါတို့ သံတံတားနားရောက်အောင်တော့ သွားရမယ် ချိုလေး၊ အခြေအနေ သိပ်ပြီး ကျပ်လာရင် ကိုယ့်ထွက်ပေါက်ကို ကိုယ်ရှာနော်"

"ကိုပန်းအောင်ရယ်‥ ကျွန်တော်သွေးမကြောင်တတ်ပါ ဘူး၊ နောက်မှာလိုက်လာကြပြီ"

"ငါသိတယ်၊ ရှေ့မှာစောင့်နေတဲ့ကောင်တွေလည်း ရှိနေ လောက်ပြီ"



www.burmeseclassic.com

ပန်းအောင်တို့ တွက်ဆထားသည့်အတိုင်း သံတံတားနား ကို ရောက်သည်နှင့် သူတို့ရှေ့တွင် (၃)ယောက်ပိတ်စောင့်နေ သလို နောက်တွင် (၅)ယောက်က လိုက်ပါလာသည်။

"ချိုလေး…မင်းငွေတွေကို သတိထားနော်"

"စိတ်ချ… လူသာမှောက်ချင်မှောက်သွားမယ်၊ ငွေတွေ ကတော့ တစ်ရွက်တောင် ကျစေရဘူး"

"ဟော့ကောင်တွေ ရပ်စမ်း"

"ဘာလဲ ဆေးလိပ်မီးတို့မလို့လား၊ ဒါဆိုရင် ဆောရီးပဲ၊ ငါတို့မှာ မီးခြစ်မပါဘူး"

"ဘာကွ…ပန်းအောင်… ငါဘယ်သူလဲဆိုတာ သိလား"

"မင်းတို့ဘယ်သူလဲဆိုတာ ငါစိတ်မဝင်စားဘူး"

"အေး…မင်းစိတ်မဝင်စားပေမဲ့ ငါကတော့ စိတ်ဝင်စား ရမယ်၊ ငါ့ညီအတွက် မင်းကိုအကြွေးပြန်ဆပ်ဖို့စောင့်နေတာကွ"

"ငါဆိုတဲ့ကောင်က ဒီလိုအကြွေးမျိုးကို ဆပ်ချင်လို့ ဒီထိတောင်လာခဲ့တယ်ဆိုတာ မင်းသဘောပေါက်လိုက်"

"သိပ်ကြိုက်တဲ့စကားလုံးပဲ၊ ဆင်ကြီးရဲ့ရာဇဝင်မှာ ဒီလို ကောင်မျိုးတွေကို ဘဝပြောင်းပေးနေတာ များပြီ၊ ကြာတယ်"

www.burmeseclassic.com



ဆင်ကြီး သူ့ကောင်တွေကို အသံပြုလိုက်သည်နှင့် ဘုတ်၊ မားကိုယ်စီနှင့် ညအမှောင်ကို အသုံးချပြီးတိုက်ခိုက်ကြ လေသည်။

"ဗိုး…ဖြောင်း..ဒုတ်…ခွပ်.."

အမှောင်ထုထဲတွင် အသံများစွာထွက်ပေါ်လာပေမယ့် ဆင်ကြီး လူတွေ၏ တိုက်ခိုက်မှုဟာ ထိထိရောက်ရောက်မရှိဘဲ သူတို့အချင်းချင်းပြန်ပြီးတိုက်ခိုက်သလိုဖြစ်နေကြသည်။

"ဟေ့ကောင် လူမှားနေပြီ၊ မင်းဘေးမှာကွ"

"ကဲကွာ…ဖြောင်း.."

"အား…အေးမောင်…မင်းရိုက်တာ ငါကွ"

ချိုလေး ပရိယာယ်သုံးပြီး အသံပြုလိုက်သောစကား ကြောင့် သူ့ကိုရိုက်မည့်သူက သူ့ဘေးမှလူကိုရိုက်မိသွားပြီး နှိပ်ပွဲကပိုပြီး ရှုပ်ထွေးသွားသည်။ တကယ်တမ်း အမှောင်ထုကို အသုံးချလိုက်သူက ပန်းအောင်တို့ပင်ဖြစ်သည်။ ပန်းအောင် ချက်လုံးတွေက ရှုပ်ထွေးနေသောကြားထဲမှ ဆင်ကြီးကို မျက်ခြည် ပြတ်မခံ။

"ချကွာ..ဖြောင်း…ဒုတ်…"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဦး၊ ချစ်တီးတို့ကပါ နောက်ကနေဝင်ပြီး အသံပြု လိုက် သဖြင့်ဆင်ကြီး၏ကောင်တွေ အခြေအနေယိမ်းယိုင်သွား တော့သည်။ ရန်ပွဲအဖြေက ထွက်သွားပြီး ဆင်ကြီးတို့နောက်ပြန် ဆုတ်ဖို့ပြင်တော့

"ဆင်ကြီး..."

"မင်း..ပန်းအောင်.."

"မဆိုးပါဘူး၊ ငါ့အသံကို မင်းမှတ်မိသားပဲ၊ မိတ်ဆက် စရာတောင်မလိုတော့ဘူး"

"ကဲကွာ..."

ဆင်ကြီးက လူမိုက်ပီပီလက်မြန်မြန်နှင့် ပန်းအောင် ရင်ညွန့်ဆီကို ဓားမြှောင်နှင့်ထိုးလိုက်သည်။ ဒါပေမယ့် ပန်းအောင် ကို ထိုးမိခြင်းတော့မရှိ။

"မင်းအလှည့်ပြီးသွားရင် ငါ့အလှည့်ပေါ့ကွာ"

"ဖြောင်း..အား..ခွပ်...အီး"

ဆင်ကြီးမျက်နှာပေါ်သို့ ပန်းအောင်၏လက်တွေ၊ ခြေ ထောက်တွေ အဆက်မပြတ် ရောက်သွားပြီး ဆင်ကြီး တံတား ပေါင်နားသို့ပရောက်သွားသည်။ ပန်းအောင်ကို ပြန်ပြီးတုံ့ပြန်နိုင်



www.burmeseclassic.com

www.burmeseclassic.com



သော အခြေအနေမရှိတော့ဘဲ သူ့ကောင်တွေကို အားကိုးပေမဲ့ ဘစ်ယောက်မှ မရှိကြတော့။

"ဆင်ကြီးဆိုတဲ့မင်းက ခုတော့လည်း ကြွက်စုတ်တစ်ကောင်လောက်တောင် မဟုတ်တော့ပါလားကွာ"

"မင်း..ငါ့ကိုဘာလုပ်မှာလဲ"

"ငါ့သူငယ်ချင်းကို သတ်ခဲ့တဲ့ မင်းတို့လို လူမိုက်ကောင်တွေရဲ့ သွေးနဲ့ခြေဆေးမလို့"

'မင်း..မင်း..သူငယ်ချင်းကို ငါမသတ်ဘူး၊ ငါတို့အပိုင်းထဲက မဟုတ်ဘူး။ ကျိုက်ဒေးရှံဘုရားဘက်က ကောင်တွေ"

"ဘယ်သူတွေလဲ"

"မောင်မောင်စိုးနဲ့ ကျွဲပေါက်တို့ အုပ်စုတွေသတ်ခဲ့ကြတာ၊ ငါနဲ့ ဘာမှမဆိုင်ဘူး"

'မင်းပြောတာ သေချာတယ်နော်.."

"သေချာတယ်"

"ခု...ဒီကောင်တွေ ဘယ်မှာရှိနိုင်လဲ"

"ပုလိပ်တွေကလုယက်မှုတစ်ခုနဲ့ ရှာနေလို့ ပုန်းနေကြတယ်၊ ဘယ်မှာလဲဆိုတာငါမသိဘူး၊ ဒါတော့ မင်းယုံ ပန်းအောင်၊



www.burmeseclassic.com

www.burmeseclassic.com



ငါတို့တွေကြားမှာ သစ္စာရှိကြတာမဟုတ်ဘူး၊ တစ်ယောက်လုပ်တာကို တစ်ယောက်က ပုလိပ်ကို သတင်းပေးနေတာဆိုတော့ သူတို့ ဘယ်မှာခြေရာဖျောက်နေကြတာကို အသိမခံကြဘူး"

ဆင်ကြီး၏စကားကို ပန်းအောင်လက်ခံသည်။ သူတို့လူမိုက်လောကတွင် သစ္စာတရားဆိုတာ တကယ်ကို မရှိခဲ့ကြပေ။

"ဆင်ကြီး..မင်းနဲ့ငါကြားမှာ နောက်ထပ် ရာဇဝင်ကြွေးဆပ်ဖို့ ရှိသေးရင်ပြော"

"မရှိတော့ပါဘူး၊ ငါ့ညီဘက်က မှားခဲ့တာကို ငါတောင်းပန်ပါတယ်"

"ရပါတယ်၊ မင်းညီကိုတော့ မင်းပြောလိုက်ပါ၊ မိုးမြင့်မိုရ်ဆိုတဲ့ မိန်းကလေးနဲ့ပတ်သက်ရင် နောက်တစ်ကြိမ် မှားခွင့်မရှိတော့ဘူးလို့"

"စိတ်ချ..မင်းနဲ့ပတ်သက်တာတွေကို ငါတို့ရှောင်ပေးမယ် ငါ သွားလို့ရပြီလား"

"မင်းရှုံးတဲ့ငွေကို ပြန်ယူသွားမလား"

"မယူတော့ပါဘူး၊ လောင်းကစားဆိုတာ ရှုံးတာနဲ့နိုင်တာ (၂)ခုပဲရှိတာ၊ တစ်ခုမဟုတ်တစ်ခုပေါ့ကွာ.. ပန်းအောင်.

www.burmeseclassic.com



င်းနဲ့ငါ သခွပ်ပင်နယ်မြေမှာ လက်တွဲချင်တယ် ဖြစ်မလား”.

“ဖြစ်ပါတယ်၊ ဒါပေမဲ့ ငါက အနိုင်ကျင့်တာကို မုန်းတီး တယ်ဆိုတာတော့ မင်းတို့သဘောပေါက်ထားပါ”

ဆင်ကြီးနှင့်လက်ဆွဲနှုတ်ဆက်ပြီး ပြန်ခဲ့ကြတော့သည်။ နိုင်လာသော ငွေတွေကို (၄)ယောက်သား အချိုးကျခွဲဝေပြီး အောင်ပွဲမှတ်တမ်းတစ်ခုကို စိုက်ထူခဲ့ကြတော့သည်။

ပန်းအောင်တွက် လူမိုက်အရောင်ကို ထပ်ပြီးတင်လိုက် သော ညတစ်ညပင်ဖြစ်တော့သည်။

xxxxxxxxxxx



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

၁၉၈၈ခုနှစ်၊ ရှုလိုင်လမိုးရာသီလေး၏ မိုးရေ့နံ့တွေက သင်းကြိုင်နေသည်။ ညနေခင်းကောင်းကင်ထက်မှာ မိုးတိမ်ရိုင်းတွေပြန့်ကြက်ထားတာမို့ ပတ်ဝန်းကျင်တစ်ခုလုံး မှိုင်းညို့ညို့ ဖြစ်နေသည်။

ပန်းအောင်လျှောက်လာနေသော ကန့်ပေါင်ပေါ်မှကျောင်း ကြီးကိုလှမ်းပြီးတွေ့နေရသည်။ ရင်ထဲမှာ လွမ်းဆွတ်မှု၊ ကြေကွဲမှု တွေနှင့် ထိုးနှက်လိုက်သလိုခံစားရင်း လူ့လောကကြီးတွင် မရှိ တော့သည့် သူငယ်ချင်းဖြစ်သူ ကိုဦးကိုသတိရမိလိုက်သလို စန်းဝင်းနှင့် ဝင်းမောင်တို့ကိုလည်း သတိရနေမိသည်။ ပန်းအောင် ဘဝမှာတစ်ကြိမ်တစ်ခါမှ မတွေးထားဘူးသော အိမ်မက်ဆိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



ဘစ်ခုကို မက်လိုက်ရသလို အခြေအနေတွေဟာ ဘယ်လိုမှပြု ပြင်လို့မရနိုင်သော ဆုံးရှုံးခြင်းတွေ နောက်မှာရောက်ခဲ့ပြီ။

"သတိရ ရုံကလွဲပြီး ဘာမှမတတ်နိုင်တော့ပါဘူးကွာ"

မွှန်းကြပ်မှုလေးတွေ မှုတ်ထုတ်ရင်း မိုးမြင့်မိုရ်နှင့်တွေ့ မည့် ကုက္ကိုပင်ကြီးအောက်တွင်ရပ်နေလိုက်သည်။ လူကြီးတွေ ပြောနေသော တိုင်းပြည်အခြေအနေမှာ မကောင်းဘူးဆိုသော သတင်းတွေ နေရာတိုင်းမှာ ကြားကြားနေရသည်။ အစိုးရမှ ငွေစက္ကူတွေကို ရုပ်သိမ်းပေးလိုက်ပြီး စားသောက်ကုန်တွေထိုး ဘက်သလို တက္ကသိုလ်ကျောင်းသားတွေက သပိတ်မှောက် ဆန္ဒ ပြမှုအသံတွေ အစိုးရမှနှိပ်ကွပ်အသံတွေကို ကြားကြားနေရပေမဲ့ ကိုယ်နှင့်မသက်ဆိုင်သော ကိစ္စတစ်ခုလို့ပဲ ထင်နေတာကြောင့် ညိပ်ပြီးစိတ်မဝင်စားခဲ့တာ အမှန်။

သူ့နှလုံးသား၊ သူ့အာရုံထဲမှာ သိထားတာတစ်ခုကတော့ ကိုဦးကိုသတ်ခဲ့ကြသော မောင်စိုးနှင့်ကျွဲပေါက်တို့ကို သူ့လက်နှင့် သက်စားချေနိုင်ဖို့ပင်ဖြစ်သည်။ ဒုစရိုက်လောကထဲတွင်ပေးအပ် ပြီး လူမိုက်တစ်ယောက်ဖြစ်အောင် နေနေခဲ့ရခြင်းမဟုတ်လား။

"ပန်းအောင်"

www.burmeseclassic.com



"မြင့်မိုရ်"

ကိုယ့်အတွေးနှင့်ကိုယ်လွင့်နေတာကြောင့် မိုးမြင့်မိုရ် သူ့အနားသို့ရောက်နေတာကို သတိမပြုမိလိုက်ပါ။

"ရောက်နေတာကြာပြီလား"

"မကြာသေးပါဘူး"

"ဟို ကုန့်ပေါင်စပ်မှာသွားပြီးထိုင်ကြမယ်"

"မြင့်မိုရ်"

"ဘာလဲ"

"ထိုင်လို့မသင့်ဘူးထင်တယ်…ဘာလို့လဲဆိုတော့ ဒီထိုင်နေရာမျိုးမှာ ချစ်သူစုံတွဲတွေပဲထိုင်ကြတာလေ၊ တစ်ယောက်ယောက်မြင်သွားရင်မကောင်းဘူး"

သူ့စကားကြောင့် ပန်းအောင်မျက်နှာကို မိုးမြင့်မိုရ်ခေါင်းရေးရေးလေးကြည့်ပြီး…

"ဟိုးအရင်တုန်းကလည်း နင်နဲ့ငါ ထိုင်ခဲ့တာပဲ"

"ဟိုတစ်ချိန်က ထိုင်ခဲ့ကြတာ ငါတို့နှစ်ယောက်ကြားမှာဘာမှ ပြဿနာမရှိဘူး၊ ခု နင့်မိဘအသိုင်းအဝိုင်းတွေက ငါ့အပေါ်မှာ အမြင်လွဲနေကြပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို သေရတာနင့်ကြောင့်လို့ မေမေကပြောတယ်၊ ဒီညက နင်သာခေါ်မသွားရင် ကိုကိုသေမှာမဟုတ်ဘူးတဲ့"

"မြင့်မိုရ်ရာ ခုချိန်မှာငါဘာကိုမှ ငြင်းချက်တွေမထုတ်ချင်တော့ဘူး၊ နင့်မိဘတွေ သတ်မှတ်ထားသလိုပဲ ငါခံလိုက်တော့မယ်၊ ငါ့ဘက်ကပြောနိုင်တာတစ်ခုပဲရှိတယ်"

"ဘာကိုလဲ ပန်းအောင်"

"ဘုရားသခင်ကလွဲပြီး တခြားသူတွေသိနိုင်မှာမဟုတ်တော့ပါဘူး"

"လွန်ခဲ့တဲ့ (၃)ရက်လောက်က ငါ့ဆီကို ဝင်းဇော်စာရေး ပေးလိုက်တယ်"

"ဟင်..."

"သူ့စာထဲမှာ ဘာတွေရေးထားလည်းဆိုတာကို နင်သိချင်လား ပန်းအောင်"

"ငါ့အတွက် ဘာမှကောင်းလာနိုင်မယ့် အကြောင်းအရာတွေမဟုတ်တော့ပါဘူး မြင့်မိုရ်"

"နင်စိတ်တွေက အကောင်းကိုမမြင်တော့ဘူးပေါ့"

"လောကကြီးက ငါ့အတွက် အကောင်းဆုံးဘဝကို

ဖောက် သိမ်းပြီး အဆိုးဆုံးလမ်းပေါ်ကို သူတို့ပဲပို့ပေးလိုက်တာ"

"ကံကြမ္မာဆိုတာ ဖြစ်စဉ်ကြီးတစ်ခုပါ ပန်းအောင် တကယ်တော့ လူတွေရဲ့စိတ်ဓာတ်နဲ့ သာဆိုင်တယ်၊ ကံကြမ္မာကို ဘယ်လောက်ပဲ သွားခိုင်းခိုင်း နင့်စိတ်က မသွားဘူးဆိုရင် ကံကြမ္မာ ကနင့်ကိုဘာလုပ်နိုင်မှာမို့လို့လဲ၊ လက်တွေ့မကျ ပုံသဏ္ဌာန် မမှန်တဲ့ လမ်းတစ်လမ်းပေါ်မှာဘဝတစ်ခုလုံးအတွက် ဆက်လျှောက်နေ တာ သဘာဝမကျဘူးပန်းအောင်… နင်ကိုကို့ပေါ်မှာ ဘယ် လောက်သံယောဇဉ်ကြီးတယ်ဆိုတာ ငါသိပါတယ်၊ ငါလည်း ကိုကို့ပေါ်မှာ အရမ်းချစ်ခဲ့ရတဲ့ သူပါဟာ… ဒါပေမဲ့ ငါ နောက်ဆုံး ကိုကိုနဲ့ ပတ်သက်ပြီး အဖြေတစ်ခုကို ရှာတွေ့ ခဲ့တယ်၊ အဲဒီအဖြေကဘာလဲဆိုတော့ ကိုကိုသေရတာ သေခြင်းတရား ကြောင့်ပဲ မဟုတ်လား"

"မြင့်မိုရ် နင်ပြောနေတဲ့စကားတွေက သိပ်ကိုသဘာဝ ကျတဲ့ အမှန်စကားတွေပါဟာ၊ ဒါပေမဲ့ ငါ့ရဲ့မိုက်မဲတဲ့ စိတ်ရိုင်း တွေကဒီစကားတွေကို ဘယ်လိုမှလက်ခံပေးလို့ မရဘူး။ အထူး သဖြင့် လူမိုက်ဆိုပြီး လုပ်ချင်တိုင်းလည်းလုပ်နေတဲ့ ဥပဒေအပြင် ဘက်ကကောင်တွေကို ငါခွင့်လွှတ်လို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူတွေကို ပြန်လက်စားချေလို့ နင့်အတွက် ဘာထူး ခြားလာမှာမို့လို့လဲ"

"ငါ့အတွက် မထူးခြားပါဘူး လူ့လောကမှာ မရှိတော့တဲ့ငါ့သူငယ်ချင်းအတွက်တော့ ထူးခြားသွားမှာပါ"

"ဥပဒေရှိပါတယ်ဟာ"

"ဒီကောင်မျိုးတွေအတွက် စာအုပ်ကြီးထဲက ဥပဒေတွေနဲ့မတန်ဘူး လူ့လောကဥပဒေတွေနဲ့ပဲ တန်တယ်"

"နင်ပြောတဲ့ လူ့လောကဥပဒေဆိုတာ ဘာလဲ"

"လူမိုက်တစ်ယောက်အတွက် လူမိုက်တို့သွားရတဲ့လမ်း အတိုင်း နာကျင်စွာအဆုံးသတ်ပေးရတဲ့ ဥပဒေလေ"

"နင်ပြောတာကို ငါနားမလည်ဘူး"

"နားမလည်တာပဲ ကောင်းပါတယ် မြင့်မိုရ်"

"ပန်းအောင်"

"ငါနားထောင်နေပါတယ်"

"နင် ကျောင်းပြန်တက်ပါ၊ နင်ခု လျှောက်နေတဲ့လမ်း ကိုဆက်ပြီး မလျှောက်ပါနဲ့တော့ဟာ"

"ငါ့ကို ခွင့်လွှတ်ပါ မြင့်မိုရ်၊ ငယ်ငယ်လေးကတည်းက



www.burmeseclassic.com

www.burmeseclassic.com



နင်ပြောတဲ့စကားဆိုရင် မှားမှားမှန်မှန် ငါနားထောင်ပေးခဲ့ပေမယ့်၊ ဒီတစ်ခါတော့ ငြင်းလိုက်ပါရစေ"

"ပန်းအောင် ခေတ်အခြေအနေက မကောင်းဘူး ဘာဆက်ပြီးဖြစ်မလဲဆိုတာကို ပြောလို့မရဘူး၊ ခုတစ်လော စစ်တပ်တွေ ရန်ကုန်မြို့ထဲမှာ ရောက်နေတယ်၊ အေးအေးဆေးဆေးပြန်ပြီးနေပါဟယ်"

"စိတ်ချပါ မြင့်မိုရ် ငါဆိုတဲ့ကောင်ဟာ ဘယ်တော့မှ မတရားမလုပ်ဘူး၊ အနိုင်မကျင့်ဘူး၊ ငါတွေ့ချင်တဲ့လူတွေကို တွေ့ပြီးတာနဲ့ နင်ပြောတဲ့စကားအတိုင်း ငါနေပေးပါမယ်။ မိုးတွေညို့လာပြီ ပြန်ကြရအောင် မြင့်မိုရ်"

နှစ်ဦးသား စကားသံလေးတွေ တိတ်ဆိတ်သွားပြီး ကန်ပေါင်လေးအတိုင်း လျှောက်ခဲ့စဉ်မှာပဲ မိုးစက်လေးတွေကျလာလေသည်။

"ပန်းအောင် ထီးထဲကိုဝင်"

"မဝင်တော့ဘူး နှစ်ယောက်လုံးဆို မိုးလုံမှာမဟုတ်ဘူး၊ ပြီးတော့ ရပ်ကွက်နားကို နီးလာပြီ၊ ငါအပေါင်အောက်မှာပဲနေခဲ့တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်မိုရ်တစ်ယောက် သူ့မိဘတွေသိသွားမှာကို စိုးရိမ်မှုရှိနေတာကြောင့် ပန်းအောင်ကို ရပ်ပြီးကြည့်ကာ ကျောပေး ထွက်သွားတော့သည်။

သံယောဇဉ်ဆိုတာ ပဟေဠိဆန်လှသော ကဗျာလေး တစ်ပုဒ်ပင်ဆိုရတော့မည်။ ဇူလိုင်မိုးတွေက အင်အားကြီးမားစွာ ရွာသွန်းနေလေပြီ...

xxxxxxxxxxx



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

သူညီမနှာမည်က ဇင်မာ စီမံကိန်း(၁)ထဲမှာနေတယ်၊ အောက်လိုင်းမှာ လုပ်ရှားနေတဲ့သူ…

"အောက်လိုင်းဆိုတာ ကြေးစားလို့ပြောတာလား ချစ်တီး"

"ဟုတ်တယ် မောင်စိုးဆိုတဲ့ကောင်က ချုပ်ထားတာ"

"ငါ သဘောပေါက်ပြီ၊ ဒီကောင်က ထိန်းပြီးလုပ်ပေးနေတာပေါ့"

"ဟုတ်တယ် ပန်းအောင်… မောင်စိုးဆိုတဲ့ကောင်က အောက်လိုင်းမိန်းကလေးတွေကို ခေါင်းပုံဖြတ်ပြီးစားသောက်နေတာ။ သူတို့ကို ဒီကောင်က ပေးချင်သလိုပေးနေတာ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဦး စကားကြောင်း မောင်စိုးပေါ်မှာ ထပ်ဆင့်နာကြည်းသလိုဖြစ်သွား သည်။ ဘဝနဲ့ရင်းပြီး လုပ်ကိုင်နေရတဲ့သူတွေပေါ်မှာ အမြတ်ထုတ်နေသော မောင်စိုးကို ထိုက်တန်သော ဆုံးမမှုကိုလုပ်ပေးရတော့မည်။

"ပုလိပ်တွေက ဒီကောင်ကို အရမ်းဖမ်းချင်နေတာ"

"အရင်က ပုလိပ်တွေနဲ့ ဒီကောင်ကပနံသင့်ပါတယ်"

"အရင်ကတော့ ဟုတ်တယ်၊ ခု ဒီကောင်က ပုလိပ်တွေကိုတစ်ပတ်ရိုက်ပြီး ကျော်သွားလို့ အသေရရ အရှင်ရရ လိုချင်နေတာ"

"ဒီကောင် အဝင်အထွက်ကို သိရင်ကောင်းမယ်"

"ဒီအတွက် ချိုလေးတစ်ယောက်လုံးရှိနေတာပဲ ချိုလေးကိုမေးကြည့်ပေါ့"

သူတို့စကားမဆုံးခင်မှာ ချိုလေးရောက်လာသည်။ လက်ထဲမှာလည်း ခေါက်ဆွဲကြော်ထုပ်နှင့်...

"ချိုလေး ပွဲအောင်လာပြီနဲ့တူတယ်"

"ဟုတ်တယ် သာကေတဘက်မှာကြားပွဲတစ်ခု ရလိုက်တာနဲ့ ဝင်ပြီးကစားလိုက်တာ၊ စားကြမယ်သောက်ကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"စားတာသောက်တာ နှောက်ထားဦး၊ မင်းကိုမေးစရာရှိသေးတယ်"

"ဘာကိုလဲ ပန်းအောင်"

"ဇင်မာကို မင်းသိလား"

"မသိဘဲနေပါ့မလားကွ၊ ငါနဲ့အိမ်ချင်းကပ်ပဲ"

"မောင်စိုးဆိုတဲ့ကောင် ဝင်ထွက်နေတာရော မင်းမသိဘူးလား"

"ပန်းအောင်ရာ ငါက မောင်စိုးကို တွေ့ဘူးမြင်ဘူးတာမှမဟုတ်တာ၊ ဇင်မာဆီကို တစ်ခါတစ်ခါ မိုးလင်းခါနီးဆို ကောင်တစ်ကောင်လိုက်ပြီး ပို့ပေးတယ်... အေး..ဟုတ်ပြီ ငါတို့လမ်းထဲမှာနေတဲ့ သန်းလွင်ဆိုတဲ့ ကောင်နဲ့တော့ ပတ်သက်တယ်ကွ"

"သန်းလွင်ဆိုတာ ခါးကောင်မဟုတ်လား"

"သိပ်ဟုတ်၊ ခုဒီကောင်က ခါးပိုက်နှိုက်အဆင့်ထက်တောင် မြင့်သွားပြီ ဖောက်ထွင်းဘက်ကိုတောင် ရောက်နေပြီ"

"ဒီကောင်ဘယ်နေရာ ရောက်ရောက် အရေးမကြီးပါဘူး၊ အရေးကြီးတာက ဒီကောင့်ဆီက မောင်စိုးခြေလှမ်းကိုသိဖို့ပဲ အရေးကြီးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အထင် ဒီကောင်ပြောမှာတော့ မဟုတ်ဘူး"

"မပြောရင် ပြောတဲ့နည်းကို စဉ်းစားရမှာပေါ့၊ အရေးကြီးတာ သန်းလွင်ဆိုတဲ့ကောင် ဘယ်မှာရှိနိုင်မယ်ဆိုတာက အရေးကြီးတယ်၊ ချစ်တီး မင်းက ဒီကောင်တွေနဲ့ အနီးစပ်ဆုံး သတင်းရနိုင်တယ်"

"ခဏနေဦး ငါစဉ်းစားလိုက်ဦးမယ်... ဟုတ်ပြီ ငါနဲ့လိုက်ခဲ့ကြ"

"ဘယ်ကိုသွားမှာလဲ ချစ်တီး"

"စုပေါင်းထဲမှာနေတဲ့ ဂျက်ဆေးဆီကိုသွားမယ်၊ ဒီကောင်တွေ ခွင်တစ်ခုလုပ်နေကြတယ်၊ ဘာတွေကိုလုပ်နေတာလဲဆိုတာတော့ မသိဘူး"

"ဒါဆို သွားကြမယ်"

ချစ်တီးဦးဆောင်သောနောက်ကို ပန်းအောင်တို့လိုက်ပါလာခဲ့ကြရင်း ရပ်ကွက်ထဲ တစ်ဖက်လမ်းတွင်ရှိသော စုပေါင်းရပ်ကွက်ဘက်သို့ကူးခဲ့ကြသည်။ စုပေါင်းရပ်ကွက်ဆိုတာ လူနမ်းသာအများစု နေထိုင်သော ရပ်ကွက်တစ်ခုပင်ဆိုရမည်။ မြို့ထဲပိုင်းတွင်နေကြသောသူတွေ စီးပွားပျက်ပြီးရောက်ကြတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ အစိုးရပင်စင်စားတွေ သူတို့ရှာဖွေခဲ့သော ငွေကြေးလေးတွေနှင့် ဝယ်ယူပြီး နေထိုင်ကြသော ရပ်ကွက်ပင်ဆိုရမည်။ သိပ်အချမ်းသာကြီးတွေ မဟုတ်ကြပေမယ့် ဒေါးရပ်ကွက်တွေ ထက်စာရင် လုံးချင်းတိုက်အိမ်နှင့် ကားစီးနိုင်သူတွေရှိတာကြောင့် သူတို့ကိုယ် သူတို့ လူချော်တွေလို့ထင်နေကြသူတွေ ဖြစ်သည်။ တစ်ဖက်ရပ်ကွက်မှ သွားကြလာကြရင် မယုံသင်္ကာ မျက်လုံးတွေနှင့် ကြည့်တတ်ကြပြီး မတူမတန်သလို ဆက်ဆံကြသည်။

ဒါတွေကို ပန်းအောင် မျက်မှန်းကျိုးနေတာတော့ကြာပြီ။ သူနှင့်ထိပ်တိုက်တွေ့ခဲ့ခြင်း မရှိတာကြောင့် ခုချိန်ထိပြဿနာ တစ်ခုမှ မဖြစ်ခဲ့ကြပေ။ စုပေါင်းအိမ်ရာတွင် နေထိုင်ကြတဲ့ ပန်းအောင်တို့နှင့် ရွယ်တူတွေရှိကြပေမယ့် သူတို့အုပ်စုနှင့်သူတို့ နေထိုင်ကြပြီး သူတို့နှင့်ပြောဆိုနှုတ်ဆက်ခြင်း တောင်မရှိခဲ့ကြပေ။ ကျောင်းတက်တော့ ပန်းအောင်တို့ရပ်ကွက်မှာလာရောက်ပြီး ကျောင်းတက်ကြတာမို့ သိပ်ပြီးမာမာထန်ထန်မရှိကြပေမဲ့ သူတို့ ရပ်ကွက်ကိုရောက်လျှင် ပုံစံတစ်မျိုးဖြစ်သွားတတ်ကြသည်။

စုပေါင်းအိမ်ရာဘက်ကကောင်တွေက သူတို့နှင့် ရပ်ကွက်ချင်း တူပြီး အခြေအနေခြင်းကွာတဲ့ စီမံကိန်းကသူတွေကို

www.burmeseclassic.com



ငွေကြေးအင်အားတွေနှင့် အိမ်တွင်ထားကြပြီး ဆရာလုပ်နေကြ ဘာတော့အမှန်၊ အရိုးစင်းဆုံးပြောရရင် သူတို့လက်တိုလက် ဆောင်းခိုင်းဖို့နှင့် သူတို့နှင့်မသင့်မြတ်တဲ့ သူတွေဆိုရင် ရိုက်ခိုင်း ဘာမျိုးတွေကိုလုပ်ခိုင်းကြသည်။

ပန်းအောင်တို့နဲ့ပတ်သက်ပြီး စုပေါင်းအိမ်ရာမှ ဂျက်ဆေး ကို့အုပ်စုတွေ သွေးတိုးစမ်းတာကိုတော့ မလုပ်ခဲ့ကြသေးပါ…

"ပန်းအောင်"

"ဘာလဲ ချစ်တီး"

"(၈)လမ်းကသွားရင်ကြည့်သွားနော်"

"ဘာဖြစ်လို့လဲ"

"ဒီလမ်း ဟိုဘက်ထိပ်က ဂျော်နီဆိုတဲ့ခွေးနက်ကြီးက မြ်းကိုသောင်းကျန်းတာ အိမ်ရှေ့ကိုဖြတ်ပြီး မသွားရဲသလောက်

"အိမ်ရှင်က ခွေးကိုအိမ်ထဲမှာ မလှောင်ထားဘူးလား

"မထားဘူး ဈေးသွားဈေးပြန်သွားတဲ့သူတွေ အကိုက်ခံ င်တောင် သူကပြန်ပြီးရန်လုပ်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ…ဒါ သက်သက်လူးပါးဝတာပဲ"

"အရင် တရားသူကြီးပြုတ်ဆိုတော့ ဖင်ခေါင်းကျယ်နေတာ၊ သူ့သားတွေကို မင်းသိပါတယ် သီဟလေ"

သီဟဆိုသော အသံကိုကြားသည်နှင့် ပန်းအောင်နှလုံးသားကို အပ်ကလေးနှင့်ထိုးဆွလိုက်သလို ဖြစ်သွားသည်။ မိုးမြင့်မိုရ်ကို သီဟဆိုသည့်ကောင် ကပ်ဖို့ကြိုးစားနေတာတော့ သတင်းကြားထားပေမဲ့ တိတိကျကျတော့ မသိရသေးပေ။ ထိုကိစ္စနှင့်ပတ်သက်ပြီး မိုးမြင့်မိုရ်ကို သူမမေးခဲ့ဘူးသေးပေ။ တစ်ခါတစ်ခါ မိုးမြင့်မိုရ်၏ လွပ်လပ်သောဘဝကို သူ့ကြောင့် အနှောင်အဖွဲ့တွေဖြစ်သွားမှာကို မဖြစ်စေလိုပါ။ ဒါပေမဲ့ တစ်စုံတစ်ယောက်ပိုင်ဆိုင်သွားမှာကိုတော့ လုံးလုံးမလိုလားပေ။

"ရှေ့နားက အိမ်ပဲကွ"

ချစ်တီး သတိပေးစကား ပြောလိုက်သည်နှင့် ခွေးကြောက်သော ချိုလေး…ပန်းအောင်အနားကို ဝင်ပြီးကပ်တော့သည်။

"ချိုလေးရာ လူနဲ့ခွေး သူတို့မှာ မင်းကိုတိုက်ခိုက်စရာဆိုလို့ သွားတစ်ခုပဲရှိတာပါ။ ငါတို့မှာ လက်တွေ ခြေထောက်တွေ

www.burmeseclassic.com



ါနေတာပဲ ကြောက်မနေနဲ့ ငါ့နောက်ကနေ လိုက်ခဲ့"

"အေး...အေးပါကွာ"

ပန်းအောင် အားလုံးရှေ့ကို ဦးဆောင်ပြီး အိမ်ကိုဆက်ပြီး ဖြတ်ချိန်မှာတော့...

"ဝုတ် ဝုတ် ဂီး..."

ခွေးဟောင်သံကြားပြီး နောက်တွင်ခွေးမှာ ပန်းအောင် ကို့ထံသို့ တရှိန်ထိုးပြေးပြီး ဝင်ဆွဲရာ...

"ဒီလောက်တောင် စွာချင်တဲ့ခွေး သေစမ်းကွာ"

"ဖြောင်း...ဂိန်...ဂစ်...ဝုန်း"

"ပန်းအောင်"

ပန်းအောင်သည် ပြေးပြီးဝင်ဆွဲသောခွေးရဲ့ လည်ပင်းကို ခြေထောက်ဖြင့် ဖြတ်ကန်ချလိုက်တာကြောင့် ခွေးကျော်နီမှာ ချက် ခောင်းကိုထိသွားပြီး လမ်းဘေးမြောင်းသို့ကျသွားပြီး ပြန်ပင် ထတော့ အိမ်ရှေ့မှ ဆူညံသောအသံတွေကြောင့်

"ငါ့ခွေးကို ဘယ်သူရိုက်တာလဲကွ"

"ဟာ...ဟင်...ဟိုက်"

ခွေးပိုင်ရှင် တရားသူကြီးဟောင်းဆိုသူ ဦးမောင်မောင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးထွက်လာပြီး မြောင်းထဲက သူ့ခွေးကိုမြင်သည်နှင့်…

“သားကျော်…ကျော်နီ မင်း…မင်း…ငါ့…ကျော်နီကို

သတ်…သတ်လိုက်ပြီ”

“သတ်လိုက်တာမဟုတ်ဘူး၊ ကျွန်တော့်ကို ရန်ပြုဖို့လာ

လို့ ကာကွယ်လိုက်တာ”

“မင်း…ငါ့အကြောင်းသိမယ်”

“ပန်းအောင် သွား…သွားကြမယ်”

ချစ်တီးက ပန်းအောင်ကိုသွားဖို့ပြောနေပေမဲ့ ပန်းအောင်

မှာမသွားဘဲ အိမ်ထဲပြေးဝင်သွားသော ဦးမောင်မောင်ကြီး

ဘာလုပ်မလဲဆိုတာကို ရပ်ပြီးကြည့်နေသည်။

“ဟာ…ဓါးကြီးနဲ့”

ဦးမောင်မောင်ကြီး ဓားရှည်ကြီးကိုဆွဲပြီး ထွက်လာသည်။

“ခင်ဗျားကြီးဘက်က လက်နက်ပါလာရင်တော့ ကျ

ဘက် ကညာမှာမဟုတ်ဘူးနော်၊ ခုတ်ရဲရင်ခုတ်ကြည့်လိုက်”

ပန်းအောင်ဘက်မှ ကြောက်သောအသွင်ကို မပြ

ကြောင့် ဦးမောင်မောင်ကြီးမှာ ဓားကိုင်ပြီးမခုတ်ရဲ…

“မင်းတို့ကို ရဲစခန်းပို့မယ်”



www.burmeseclassic.com

www.burmeseclassic.com



"ပို့ချင်ရင် ပို့လေ၊ ခင်ဗျားချွေးက အများပြည်သူသွား ဘာတဲ့လမ်းမှာ ထွက်ပြီးကိုက်တာ၊ ကျုပ်တို့က အိမ်ထဲကိုဝင်ပြီး နေမှုတာ မဟုတ်ဘူး ကြိုက်သလိုရှင်း"

"မင်းတို့ လမ်းထဲမှာ သူများပစ္စည်းတွေ ခိုးဖို့လာလို့ ငါ့ခွေးကကိုက်တာကွ"

"ခင်ဗျား လူကြီးဖြစ်ပြီးလူကြီးစကားပြောနော်၊ အသက် ကြီးပြီးအချိန်မစီးတဲ့စကားကို မပြောနဲ့၊ ငါ့မှာငွေရှိတယ် ဆိုပြီး ဆင်းရဲတဲ့သူတွေကို အထင်သေးအမြင်သေးတော့ လာပြီး မလုပ်နဲ့၊ ဒီနေရာမှာ ပွဲသိမ်းဖြစ်လိုက်မယ်"

"သီဟ…သီဟ"

"ဗျာ…ဒယ်ဒီ"

ဦးမောင်မောင်ကြီး လှမ်းပြီးခေါ်လိုက်သောကြောင့် သီဟ အိမ်ထဲမှ ထွက်လာပြီး ပန်းအောင်ကိုမြင်တော့ မျက်နှာပျက် သွားသည်။

"မင်း ဒီကောင်တွေကို သိလား"

"သိ…သိပါတယ် ဒယ်ဒီ"

"လမ်းလူကြီးကိုသွားခေါ်၊ ဒီကောင်တွေ ငါ့ခွေးကို



www.burmeseclassic.com

www.burmeseclassic.com



သတ်တဲ့အမှုနဲ့ ရဲစခန်းကိုပို့ရမယ်"

"ခင်ဗျားခွေးကို ကျုပ်သတ်တာ ကျန်တဲ့သူတွေမပါဘူး

ချိုလေး မင်းတို့သွားတော့၊ ငါ့ကိစ္စ ငါရှင်းမယ်၊ သူတို့ ဘာကောင်

လည်း ငါဘာကောင်လည်းဆိုတာ တွေ့တာပေါ့"

"မင်း မသွားမှတော့ ငါတို့လည်းမသွားဘူး"

"ဟုတ်တယ် ငါတို့ဘက်က မှားတာမဟုတ်ဘူး၊ သူ

ခွေးက လစ်ရင်လစ်သလို ဝင်ဆွဲနေတာ၊ ငါ တစ်နေ့က ကျောင်း

ကပြန်လာတဲ့ကလေးကို ဝင်ပြီးဆွဲလို့ ဆေးရုံတောင်ပို့ မလို

ဖြစ်သွားတာ ဒီတည်းက ဒီခွေးကို ရှင်းချင်နေတာ၊ ခွေးသတ်

ထောင်ထဲကိုဝင်ရတယ်ဆိုတာ ရာဇဝင်မရှိဘူး၊ ထောင်ချလို့ရရင်

ချသာချ"

တစ်ဖက်နှင့်တစ်ဖက်အခြေအနေက တင်းမာနေပေ

ဦးမောင်မောင်ကြီး မားရှည်ကိုကိုင်ပြီး ဘာလုပ်ရမှန်းမသိပေ

သီဟ သူ့အနားကိုကပ်ပြီး တိုးတိုးပြောလိုက်ပြီးမှ...

"မင်းတို့ အပိုင်းလူကြီးဆီ စာပို့ပြီးဖမ်းခိုင်းရမယ်၊ ငါ

အိမ်ရှေ့ကနေ ခုထွက်သွား၊ တစ်ခုတော့ မင်းတို့သိထား၊

သေသွားတဲ့ငါ့ခွေးက မင်းတို့ထက် တန်ဖိုးကြီးတယ်"

www.burmeseclassic.com



"ဟုတ်မှာပေါ့ဗျာ ခင်ဗျားကြီးက လူထက်ခွေးလောက်ဲတန်ဖိုးသိတာဆိုတော့ လူ့တန်ဖိုးကိုဘယ်သိမလဲ"

"ဘာ...မင်း...မင်း"

"ပန်းအောင် မင်းတို့သွားပါတော့ကွာ၊ ငါတောင်းပန်ပါတယ်"

သီဟ ကြားဝင်ပြီး တောင်းပန်စကားပြောနေတာကြောင့် (၄)ယောက်သား ထွက်လာခဲ့တော့သည်။

×××××××××××



www.burmeseclassic.com

www.burmeseclassic.com

"ပန်းအောင် မင်းခြေကန်ချက်က ကြောက်ခမန်းလိလိ ပါပဲ"

"ဖွတ်ကြီးအထင်ကြီးမနေနဲ့. ကြက်ကန်းဆန်အိုးတိုးပြီး ဖြစ်သွားတာ၊ ငါလည်း ကန်မိကန်ရာကန်လိုက်တာကွ"

"ပန်းအောင် သီဟ သူ့အဖေကို ကပ်ပြီးဘာပြောလိုက် တယ်ထင်လည်း"

"ဘယ်သိမလဲကွ၊ ပြဿနာ မတက်ချင်လို့ ရှောင်တဲ့ သဘောမျိုးဖြစ်မှာပါ"

"မင်းပြောသလို ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



ဘာ နောက်ဆက်တွဲ အကြံအစည်တစ်ခုခုတော့ ရှိလိမ့်မယ်"

"ဟင်..."

ကျော်ဦးစကားကြောင့် ပန်းအောင်စိတ်ထဲတွင် တစ်မျိုးဖြစ်သွားမိသည်။ အရင်ဆုံး သူ့အာရုံသို့ဝင်လာသော မုံရိပ်တစ်ခုကတော့ မိုးမြင့်မိုရ် ပုံရိပ်ပင်ဖြစ်သည်။

မိုးမြင့်မိုရ်နှင့်ပန်းအောင် ပတ်သက်နေတာကို သီဟာဆိုတဲ့ကောင်သိထားတာကြောင့် အမှတ်ဝင်ပြီးယူတဲ့သဘောမျိုး ဖြစ်နေသည်။

"မင်း ဘာကိုသဘောပေါက်သွားလဲ ပန်းအောင်"

"ငါ ထင်တာတစ်ခုတော့ရှိတယ်၊ ထားလိုက်ပါကွာ အရေးမကြီးပါဘူး၊ အရေးကြီးတာရှိတယ် ဆိုတာပဲသိချင်တယ်"

"ဒီကောင်တွေ (၅)လမ်းထဲက လူလာပြီးမနေတဲ့တိုက်နားမှာ ဖဲရိုက် ဆေးရှူလုပ်နေတာ သေချာတယ်"

စုပေါင်းရပ်ကွက်ကို အနောက်ဘက်လမ်းကလေးနှင့်ဖောက်ထားသော လမ်းအတိုင်း လျှောက်လာကြရင်း စုပေါင်း(၅)လမ်းဘက်ကို ရောက်လာကြသည်။

"ဟိုမှာ မြင်နေရတဲ့အိမ်ပဲ ပန်းအောင်"



www.burmeseclassic.com

www.burmeseclassic.com



ချစ်တီး လှမ်းပြီးပြလိုက်သော အိမ်နှင့်ခြံကလေးမှာ ခြံနွယ်သစ်ပင်တွေနှင့် ခြံစည်းရိုးတိုင်တွေပင် ပျက်စီးနေပြီး ဖြစ်သည်။ ဒုစရိုက်မကောင်းမှုတွေကို ပြုလုပ်ချင်သူတွေအတွက် အကောင်းဆုံးနေရာပင် ဆိုရမည်။ စီမံကိန်း (၁)ကိုသွားရသော လမ်းမ ကြီးဖြစ်ပြီး လူသွားလူလာရှင်းသည့် မြေနီလမ်းဘေးတွင် အစိုးရ အထပ်သား စက်ရုံကြီးတစ်ခုရှိပေမဲ့ စက်ရုံအလုပ်သမား တွေက ရှေ့ဘက်လမ်းကပဲ ဝင်ကြ၊ ထွက်ကြတာမို့ စက်ရုံဘေး ဘက်ခြမ်းကို သွားလာသူမရှိ။ ဒါကြောင့်လည်း ဂျင်ဆေးတို့ အုပ်စုတွေထိုအိမ်ကို ခြေကုတ်ယူထားကြခြင်းဖြစ်သည်။

ခြံလေးထဲကို မဝင်ခင် အပြင်ကနေ အိမ်ထဲကိုနှားစွင့် ကြည့်လိုက်တော့ စကားသံခပ်ယဲ့ယဲ့ ကြားနေရသည်။

"လူရှိနေတာတော့ သေချာတယ်၊ ဆေးဝိုင်းဖွဲ့နေတာ လား ဖဲဝိုင်းဖွဲ့နေတာလားဆိုတာတော့ မသိဘူး၊ မင်းတို့အပြင်က နေစောင့်မှာလား"

"အတူတူလာကြတာပဲကွာ ဖြစ်သမျှအကြောင်းအတူတူ ပဲ"

"ကောင်းပြီ ဒီလိုစိတ်ဓာတ်မျိုးမှ ငါက ကြိုက်တာ"

www.burmeseclassic.com



"ပန်းအောင်"

"ဘာလဲ ကျော်ဦး"

"ဒီကောင်တွေ လုံခြုံရေးကို အတော့်ကိုအလေးထားကြတဲ့ကောင်တွေပဲ၊ ငါတို့ဝင်လာတာကို တောင်သိပုံမပေါ်သေးဘူး၊ ပုလိပ်ဆိုရင်တော့ ကွိုပြီ"

"ပုလိပ်တွေကလည်း ဒီလိုနေရာကို ဘယ်တော့မှမလာဘူးလေ။ ဒါကို ဒီကောင်တွေ ကောင်းကောင်းသိထားတယ်၊ ဒါကြောင့် လွတ်လွတ်လပ်လပ်ကို လောင်းကစားလုပ်နေကြတာ"

အိမ်ဝတံခါးနားကို ရောက်သည်နှင့် ကျိုးပွဲနေသော အပေါက်ဝကနေ အထဲကိုလှမ်းကြည့်လိုက်သည်။ အပြင်ဧည့်ခန်းမကြီးတွင် ဖဲရိုက်နေကြသော စကားသံတွေကို ကြားနေရသည်။ ပန်းအောင်တံခါးမကြီးကို လှမ်းကြည့်လိုက်တော့ စေ့ရုံသာစေ့ထားသဖြင့် အိမ်ထဲကိုဝင်လိုက်သည်။

"ဟင်…မင်း…မင်းတို့ ဘာကောင်တွေလဲ"

ဆေးရှုနေတဲ့(၂)ကောင် ပြူးတူးပျာယာဖြစ်သွားပေမယ့် အိမ်အတွင်းခန်းထဲကကောင်တွေကတော့ ဖဲထဲမှာအာရုံရောက်နေတာမို့ ပန်းအောင်တို့ဝင်လာတာကို မသိကြသေးချေ။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ဘာကောင်မှမဟုတ်ဘူး ဂျင်ဆေးကိုလာရှာတာ သွေးပျက်မနေနဲ့ ရှူစရာရှိတာကို ဆက်ပြီးရှူ"

"OK"

"ဂျင်ဆေးရှိတယ်မဟုတ်လား"

"ရှိတယ်၊ နောက်ဖေးအခန်းထဲမှာ ကုလားကားကြည့်နေကြတယ်၊ သွားလိုက်"

ဆေးသမား(၂)ယောက်က သူတို့အလုပ်သူတို့ဆက်ပြီး လုပ်နေကြသည်။ ပန်းအောင်တို့က နောက်ဖေးခန်းထဲသို့ဝင်လာကြသည်။ နောက်ဖေးခန်းထဲမှာ ဂျင်ဆေးနှင့်စီမံကိန်းမှ ကောင်တွေကိုတွေ့လိုက်ရသည်။ ပန်းအောင် သိပ်ပြီးတွေ့ချင်တဲ့ သန်းလွင်ကိုပါ တွေ့လိုက်ရသည်။ အခန်းပေါက်ဝကိုရောက်မှ ဖဲရိုက်နေကြသော သူအားလုံး သတိပြုမိလိုက်ကြသည်။

"ဟာ··ချစ်တီး··ပန်းအောင်··မင်းတို့ ဘာလာလုပ်တာလဲ"

ဂျင်ဆေးအပါအဝင် ဖဲရိုက်နေကြတဲ့သူအားလုံး သတိပြုမိလိုက်ကြသည်။

"မင်းဆီကို အလည်အပတ်လာတယ် သဘောထား

www.burmeseclassic.com



လိုက်ပါကွာ…သိပ်ပြီး အရေးကြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက်နဲ့ တွေ့ချင်လို့လာခဲ့တာ”

“ဘယ်သူလဲ၊ အေး တစ်ခုတော့ပြောထားမယ် ဂျင်ဆေး ပိုင်နက်မြေထဲမှာတော့ မင်းတို့ ခွင်ကျော်လို့တော့ မရဘူးနော်”

“ဂျင်ဆေး မင်းက ငါတို့ကို ခြိမ်းခြောက်နေတာလား၊ ဒါမှမဟုတ် နယ်မြေပိုင်းခြားတာလား၊ ဒါဆိုရင် သိပ်လို့ရတယ် မင်းတို့နယ်မြေထဲကို ရောက်နေပြီ မင်းဘာလုပ်မလဲ၊ ငါကလည်း မင်းကိုပြောထားမယ်၊ လုပ်တဲ့အခါ သွေးကောင်းဖို့တော့လိုတယ်နော်”

ဂျင်ဆေးတို့ စုပေါင်းအုပ်စုတွေက ငွေကြေးကြောင့်သာ လူမိုက်နာမည်ကို ခံယူနေကြတာဖြစ်ပြီး တကယ်တမ်းကျတော့ သွေးရှိကြသူတွေတော့မဟုတ်၊ ပန်းအောင်ဘက်မှ စိန်ခေါ်စကား ပြောလိုက်တော့ ဂျင်ဆေးသူ့ဘေးတွင် ရပ်နေသော သန်းအောင်နှင့် တခြားကောင်တွေကို လှမ်းပြီးကြည့်သည်နှင့် မျက်နှာလိုချင်သော သန်းလွင်မှ…

“ဘာလဲ မင်းတို့က ခွင်ကျော်ပြီး ဖိုက်တာဝင်ပြီးလုပ်တာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"မင်း အမြင်မဆိုးဘူး သန်းလွင်၊ မင်းကိုအမိကထား ပြီးလာတွေ့တာပဲ၊ ငါ့ကိုစကားလုံးတွေနဲ့ အာချောင်မနေနဲ့ကွာ မင်းတို့တွေ ဂျင်ဆေးကိုမျက်နှာလုပ်ချင်တယ်ဆိုရင် စလို့ရတယ်"

"မင်းကဒီလိုလား ကဲကွာ"

"ဖြောင်း…အီး…အား"

သန်းလွင်…ပန်းအောင်ဆီကိုပြေးပြီးဝင်ထိုးပေမဲ့ အနားကိုပင်မရောက်လိုက်ပါ ပန်းအောင်၏ ခြေထောက်ကအရင်ဦးစွာ ရောက်သွားပြီး နောက်ဘက်မှ တံခါးချပ်ဆီသို့ ရောက်သွားသည်။

"နောက်ဆက်တွဲကောင်တွေပါဝင်ပြီးလာချင်ရင် ဝင်ခဲ့ကြလေ"

ချစ်တီး၊ ကျော်ဦး၊ ချိုလေးတို့(၃)ယောက်သား အသင့်အနေအထားသို့ပြင်ထားတာကြောင့် ကျန်တဲ့ကောင်တွေဆက်ပြီး မလှုပ်ရှားဝံ့တော့ဘဲ နောက်သို့ကပ်သွားကြသည်။

"ငါတို့ ဒီကိုလာတာ ပြဿနာအတွက်လာတာ မဟုတ်ဘူး"

"ဒါဖြင့် ဘာလို့လာတာလဲ"

ဂျင်ဆေးကြောဇက်ကြောက်နှင့် မေးနေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သန်းလွင်နဲ့ ဆွေးနွေးစရာရှိလို့"

"ဟာင်…"

သန်းလွင် သူ့ဗိုက်ကလေးကို ဖိပြီးကြည့်နေသည်။ ပြီးသော့မှ…

"ငါ…ငါနဲ့ ဘာကိစ္စရှိလို့လည်း ပန်းအောင်"

"မင်းဆီက အကူအညီတောင်းချင်လို့"

"ဟာင်…"

ပန်းအောင် အကူအညီတောင်းသော အပြုအမူက ဘကယ်ပင်ကြောက်စရာ…

"ဆောရီးကွာ၊ ငါဘက်က ယဉ်ကျေးမှုမဲ့သလိုဖြစ်သွားတာကို တောင်းပန်ပါတယ် သန်းလွင်"

"ရ…ရပါတယ်ကွာ"

"မင်းက မပြောမဆိုဘဲ လက်စွမ်းပြချင်တာကိုး… သန်းလွင် အပြင်မှာငါတို့ စကားပြောကြရအောင်"

"ပြောလေ ငါတစ်ယောက်တည်းပဲလား"

"အေး… ကျန်တဲ့ကောင်တွေနဲ့ မသက်ဆိုင်ဘူး၊ စိတ်ချခင်းကို ငါတို့ ဘာမှအကောက်မကြံဘူး၊ ပန်းအောင်ဆိုတဲ့ကောင်



www.burmeseclassic.com

www.burmeseclassic.com



က ရှင်းချင်ရင်ပြောင်ရှင်းတယ်၊ ချောင်းပြီးရိုက်တာတွေ ရိုက်ပြီး ပြေးတာမျိုးတွေ မလုပ်ဘူး"

သန်းလွင်…ပန်းအောင်တို့နှင့် အိမ်ရှေ့ဘက်သို့ထွက်လာ ကြပြီး…

"သန်းလွင်…ငါ မောင်မောင်စိုးနဲ့ ပတ်သက်ပြီး သိချင် တယ်"

"ဟင်.."

"မင်း…ခေါင်းခါရင်တော့ သေချာတယ် မင်းနဲ့ငါက ရန်သူဖြစ်သွားမယ် သန်းလွင်၊ ငါ့အတွက် မောင်မောင်စိုးဆိုတဲ့ ကောင်က သိပ်ကိုအရေးကြီးတယ်"

"မောင်မောင်စိုးက အရင်ကတော့ ဇင်မာဆီကို တစ် ရက်ခြားနှစ်ရက်ခြားတော့ လာနေတယ်၊ ခု ပုလိပ်တွေက ဒီ ကောင်ကို မြေလှန်ပြီးရှာနေတော့ ဘယ်မှာအောင်းနေလဲမသိဘူး၊ မတွေ့တာတော့ကြာပြီ၊ ဒီစကားက ငါတကယ် အမှန်တိုင်းပြော တာပါ"

"မင်း မသိဘူးဆိုတော့ သိနိုင်တဲ့သူ မရှိဘူးလား"

"ရှိတယ် ဇင်မာလေ၊ သူ့ကိုမင်းတို့ သွားမေးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"သန်းလွင် ဇင်မာက သူနဲ့ ပတ်သက်တဲ့ လူအကြောင်းကို လွယ်လွယ်ကူကူ ပြောပါ့မလားကွ"

"ပြောဖို့ကများတယ်"

"မင်း ဘာကြောင့်ပြောနိုင်တာလဲ"

"ဇင်မာက ဒီကောင့်ကိုကြောက်လို့ လက်ခံပေးနေရတာကွ၊ သူ့အပေါ်မှာ မောင်မောင်စိုးအနိုင်ကျင့်နေတာကို မကျေနပ်နေတာ"

"မင်းပြောတာသေချာတယ်နော်"

"ငါ ပြောတာမဟုတ်ရင် မင်းကြိုက်သလိုရှင်းနိုင်တယ်၊ ငါအမှန်အတိုင်းပြောရရင် မောင်မောင်စိုးဆိုတဲ့ကောင်ကို ငါကိုယ်တိုင် သိပ်ပြီး အစာမကြေဘူး၊ မိုက်ကြေးခွဲစားနေတဲ့ကောင်"

"ဇင်မာကို ဘယ်လိုတွေ့လို့ရမလဲ"

"ရပ်ကွက်ထဲမှာတော့ သွားပြီးမတွေ့နဲ့၊ သူ့အဖေနဲ့ သူ့မောင်တွေက မောင်မောင်စိုးကို ဘုရားတစ်ဆူလိုကိုးကွယ်နေကြတာ"

"ဒီတော့ ဇင်မာနဲ့တွေ့လို့ရမယ့် အနေအထား ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တာမွေအပိုင်းမှာ ည(၇)နာရီလောက်ဆို ဖင်မာက ရောက်နေပြီ အဲဒီနေရာက သူတို့ကျက်စားတဲ့နေရာပဲ"

"သန်းလွင် ကျေးဇူးပါကွာ သွားမယ်၊ သြော်..ဂျင်ဆေး မင်းပိုင်နက်ထဲက ကောင်တွေကို မင်းပြောထားလိုက် ငါရပ်ကွက်ထဲမှာ ဘာပဲလုပ်လုပ် ငါ့အတွက် စိတ်အနှောင့်အယှက်ဖြစ်စေမယ့်ကိစ္စဆိုရင်တော့ သမိုင်းကြောင်းမကောင်းဘူး ဖြစ်သွားမယ်"

ပန်းအောင် သုံ့အမိကထားပြီး ပြောလိုက်သူကတော့ သီဟ ပင်ဖြစ်သည်။ မိုးမြင့်မိုရ်နှင့်ပတ်သက်သော အရာဟူသမျှတွေကို သူမသိကျိုးကျွံပြုထားလို့ မရနိုင်ပါ။ အထူးသဖြင့် သီဟတို့လို အသိုင်းအဝိုင်းမှာ မိုးမြင့်မိုရ်ပတ်သက်မှု မရှိစေချင်တာ သူ၏ ဆန္ဒအရင်းခံပင်ဖြစ်သည်။

"မောင်မောင်စိုးကိစ္စပြီးရင် နောက်ထပ်အရေးကြီးတဲ့ကိစ္စတစ်ခုကို ရှင်းရမယ်"

"ဘာကိစ္စလဲ"

"မသိချင်စမ်းပါနဲ့ ကျော်ဦးရာ အဲဒီကိစ္စက ငါ့ရင်နဲ့တိုက်ရိုက်ပတ်သက်တဲ့ ကိစ္စတစ်ခုဖြစ်နေလို့ပါ"



www.burmeseclassic.com

"ငါ သဘောပေါက်လိုက်ပြီ မိုးမြင့်မိုရ်ကိစ္စပဲဖြစ်ရမယ်"

ကျော်ဦးစကားကို ငြင်းဆိုခြင်းမရှိပေမယ့် ဝန်ခံခြင်းလည်းမပြုလုပ်ဘဲ ထွက်လာခဲ့ကြတော့သည်။

××××××××××××

www.burmeseclassic.com

# အခန်း (၄)

တာမွေအဝိုင်းနားကိုရောက်တော့ (၇း၀၀)နာရီမထိုးသေ

ပေ… တာမွေနှင့် ပတ်သက်ပြီး နယ်မြေကျွမ်းကျင်တဲ့ ချိုအေ

ကိုသာခေါ်ခဲ့ပြီး ကျော်ဦးနှင့် ဂျော်နီကိုထားခဲ့သည်။

"ပန်းအောင် စောသေးတယ် ဟိုနားကလက်ဖက်ရ

ဆိုင်နားမှာ ထိုင်ကြမယ်"

လက်ဖက်ရည်ဆိုင် ဆိုပေမယ့် ဆိုင်ခန်းနှင့်ဖွင့်ထားသေ

ဆိုင်မဟုတ်၊ ပလက်ဖောင်းဘေးတွင် စားပွဲဝိုင်းလေး (၂၁



www.burmeseclassic.com

www.burmeseclassic.com



ာက်နှင့် ညဘက်သာရောင်းချသော လက်ဖက်ရည်ဆိုင်က
းပင်ဖြစ်သည်။ ထို ဆိုင်ကလေးကို သာမာန်အရပ်သူအရပ်
းတွေ ထိုင်ကြတာ နည်းပါးပြီး ညသမားတွေသာ ထိုင်တတ်
ာဆိုင်ကလေးပင် ဖြစ်သည်။ အများဆုံးကတော့ လူပွဲစားတွေ
င်ကြသည်။ မောင်မောင်စိုးတို့လို ကောင်တွေနှင့် ညည့်နက်
ာ်ပါးသူတွေ ဈေးစကားပြောကြသော နေရာကလေးဆိုရင်
း...

"လက်ဖက်ရည် ကျဆိမ့်နှစ်ခွက် စီးကရက်ချက္ကာ"

ချိုလေးလှမ်းမှာပြီး အစွန်ဆုံးစားပွဲဝိုင်းတွင် ဝင်ပြီးထိုင်
လိုက်ကြသည်။

"ပန်းအောင် မင်းတော့ညလောကကြီးကို ဘယ်လိုမြင်
းပြောတတ်ဘူး၊ ငါကတော့ ငွေနဲ့ဘဝတွေကို အပေးအယူလုပ်
ာတဲ့လောကလို့မြင်တယ်"

"ငွေနဲ့ဘဝကြားမှာ နောက်ထပ်ဘာမှမရှိတော့ဘူးလား"

"မရှိတော့ဘူး ပန်းအောင်၊ လူဆိုတာ စာနာစိတ်၊ လူလူ
းထောက်ထားမှုတွေ ကင်းမဲ့ပြီဆိုရင် အတ္တတွေနဲ့ အစွန်းကို
ာက်သွားပြီး ခံစားမှုမရှိကြတဲ့သူတွေ ဖြစ်ကုန်ကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတဲ့စကား သိပ်ကိုမှန်တယ် ချိုလေး၊ ငါတို့
ဗုဒ္ဓဘာသာနိုင်ငံမှာနေပြီး မေတ္တာတရားခေါင်းပါးတဲ့ အလုပ်
ကိုလုပ်နေရတာ တကယ်ဆို ဗုဒ္ဓဘာသာဝင်အမည်ခံတွေဖြစ်
ကြတာပဲ၊ ဘုရားရှေ့မှာ ဆုတောင်းခြင်းတစ်ခုကလွဲပြီး ဗုဒ္ဓ
ဟောပြောခဲ့တဲ့ ကျင့်စဉ်တွေ တရားတော်တွေကို လိုက်နာခြ
မရှိကြတဲ့သူတွေကများနေကြတယ်။ ဒါဟာ သိပ်ကိုဝမ်းနည်း
ကောင်းတဲ့ အချက်ပဲကွာ..."

လူ့လောကကြီး၏ စာနာခြင်းကင်းဝေးသောဖြစ်စဉ်
ကိုပြောနေကြရင်းနှင့် သူတို့ဘေးဘက်ဝိုင်းတွင် ယောကျာ်း
အင်္ကျီအဖြူ ထဘီအနက်ကလေးနှင့် ဆံနွယ်တွေကို ကျစ်
လျစ်လျစ်စည်းထားသော မိန်းကလေးတစ်ဦးကို တွေ့လိုက်
သည်။

"ပန်းအောင်"

"ဘာလဲ ချိုလေး"

"အဲဒါ မင်းစောင့်နေတဲ့ ဇင်မာပဲ"

"ဟင်..."

ပန်းအောင် ဘယ်လိုမှ မထင်မှတ်ထားသော မိန်းက



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးကိုတွေ့လိုက်ရခြင်းဖြစ်သည်။ အသားအရည် မျက်နှာ ဆံနွယ်နှင့် ခြေဖျားထိ အပြစ်ကင်းစင်လှသော မိန်းကလေးတစ်ဦး ပင်ဖြစ်နေသည်။ ပန်းအောင် စိတ်ထဲတွင် ဇင်မာနှင့်ပတ်သက်ပြီး ခိုရိပ်ထင်ထားသော အသွင်များနှင့် လုံးလုံးကွဲပြားခြားနားနေတာ ကိုတွေ့လိုက်ရသည်။ ညပျော်ငှက်ကလေးတစ်ကောင်၏ အလှ တရားသည် တုန်လှုပ်ချောက်ချားဖွယ်ကောင်းနေတော့သည်။

"ဘယ်လိုမှမထင်ထားဘူးကွာ"

"မင်း‥ ဇင်မာကိုခုမှ တွေ့ဖူးတာလားပန်းအောင်"

"ဟုတ်တယ်"

"သူက မင်းတို့တက်နေတဲ့ အ.ထ.က(၃)ကျောင်းမှာ (၁)တန်းထိ တက်ဖူးတယ်တဲ့၊ ဒါတောင် မင်းသူ့ကိုမတွေ့ဖူးဘူး သား"

"မင်းပြောလည်းခံရမှာပဲကွာ၊ ငါတို့ဘဝမှာ အပြင် သူငယ်ချင်းဆိုတာ သိပ်ပြီးမရှိသလို ခင်မင်တဲ့ မိန်းကလေးဆိုလဲ နမြင့်မိုရ်တစ်ယောက်ပဲ မျက်လုံးထဲမှာရှိနေခဲ့တာ…"

"ကဲ…ဒါဆိုထားတော့၊ မင်းခု ဘာဆက်ပြီးလုပ်မလဲ၊ စ်ယောက်လုံးသွားထိုင်ရင် မကောင်းဘူးထင်တယ်၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုသူက တွေ့ဘူးနေတာ"

"ဟူး…ငါသူ့စားပွဲဝိုင်းကိုသွားမယ်"

ချိုလေးကိုထားခဲ့ပြီး ဇင်မာစားပွဲဝိုင်းဘက်သို့ ပန်းအောင်ကူးလိုက်သည်။

"ထိုင်လို့ရမလားမသိဘူး"

ပန်းအောင်စကားကို ဇင်မာချက်ချင်းတုံ့ပြန်ခြင်းမရှိဘဲ မျက်နှာကိုစောင်းကြည့်ပြီးမှ လေးညှို့သဖွယ်နှုတ်ခမ်းပါးလေး မပွင့်တစ်ပွင့်ပြုံးလိုက်သည်။ ထိုအပြုံးကလေးနှင့်အတူ…

"ဒီထိုင်ခုံတွေက တို့မပိုင်ဘူးလေ ထိုင်လို့ရပါတယ်"

"ကျေးဇူးတင်ပါတယ်"

"လက်ဖက်ရည်လား ကော်ဖီလား"

"တို့သောက်ပြီးပါပြီ၊ မင်းနဲ့စကားပြောချင်လို့ပါ"

"သောက်ပြီးလည်း ထပ်သောက်လိုက်ပါ၊ တို့ကဧည့်ခံတယ်သဘောထားလိုက်ပေါ့… ချာတိတ်ရေ လက်ဖက်ရည်ကျဆိမ့်တစ်ခွက်ဟေ့"

"ဟင်…"

ပန်းအောင် သောက်နေကျ ကျဆိမ့်ကို ဇင်မာကသိနေ



www.burmeseclassic.com

www.burmeseclassic.com



သလိုမှာလိုက်တာမို့ အံ့အားသင့်သွားသည်။

"ဘာလဲ ရှင်က အံ့ဩနေတာလား"

"ဟုတ်တယ် တို့ကျဆိမ့်သောက်တာကို မင်းကဘယ်လို သုပ်ပြီးသိနေတာလဲ"

"ဒါက သိပ်ပြီးအံ့ဩစရာမဟုတ်တော့ပါဘူး၊ ရှင်နဲ့ ကျွန်မလက်ဖက်ရည်ဆိုင်မှာ တိုက်ဆိုင်သွားခဲ့တာလေးကို သတိ ပြုမိတာပါ...ကဲပါလေ ရှင် ကျွန်မကိုတွေ့ချင်တဲ့ကိစ္စကိုပြော လေ...တစ်ခုတော့ပြောထားမယ်၊ တို့ဒီနေ့အလုပ်မလုပ်ဘူး၊ အလုပ်ကိစ္စဆိုရင်တော့ ဆက်မပြောကြရင်ကောင်းမယ်ထင် တယ်"

ဇင်မာပြောသော အလုပ်ကိစ္စဆိုတာကို သဘောပေါက် လိုက်သည်။ သူကအလုပ်နှင့်မသက်ဆိုင်တာကြောင့်...

"တို့မင်းကိုတွေ့ချင်တာ အလုပ်ကိစ္စမဟုတ်ပါဘူး၊ မောင်မောင်စိုးနဲ့ ပတ်သက်ပြီးစကားပြောချင်လို့ပါ"

"ရှင်"

မောင်မောင်စိုးအမည်ကြောင့် သူမနှုတ်ခမ်းကလေးဟ သွားသလို စိုးရိမ်သောပုံရိပ်တွေပါ မြင်တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နဲ့ မောင်မောင်စိုးဘာကိစ္စတွေ ဘာပြဿနာတွေ ရှိနေလို့လဲ"

"တို့နဲ့ မောင်မောင်စိုးကြားမှာ ရှိနေတဲ့ဖြစ်စဉ်က အရမ်းကိုကြီးမားတဲ့ ရာဇဝင်ကြွေးတစ်ခုပဲ၊ ဒီအကြောင်းတွေကိုပြောရင် အရမ်းကိုရှည်ပါတယ်၊ မင်းနဲ့ မောင်မောင်စိုး ဘယ်လိုပတ်သက်မှုရှိလဲဆိုတာ ငါသဘောပေါက်ပါတယ်၊ ဒါပေမဲ့ မင်း ငါ့ကို ကူညီရမှာဘဲ"

"ကျွန်မ ဘာကူညီရမှာလဲ"

"မောင်မောင်စိုး ဘယ်မှာရှိတယ်ဆိုတာ သိချင်တယ်"

"ရှင် သူ့ကိုလက်စားချေမယ့်သဘောလား"

"ဟုတ်တယ်"

"ရှင့်အတွက် အန္တရာယ်အရမ်းကြီးတယ်...မဖြစ်နိုင်ဘူးထင်ပါတယ်"

"မင်းငါ့ကို သူနေတဲ့နေရာပြောပါ"

"ကျွန်မပြောပြမယ်၊ ရှင်သူ့ဆီကိုသွားပြီးတွေ့ဖို့ကတော့ လုံးဝမလွယ်ဘူး၊ ဘာကြောင့်လည်းဆိုတော့ သူကခုချိန်မှာ ခြေသံကြားလို့တောင် မရနိုင်တော့တာ၊ လူစိမ်းတစ်ယောက်ကသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ နောက်တစ်ချက်က သူ့ခိုအောင်းတဲ့နေရာက ဒုစရိုက်သမားတွေ ကျက်စားတဲ့နေရာတစ်ခု၊ ရှင်ဘယ်လောက်ပဲ စွမ်းစွမ်းမလွယ်လှဘူး"

"တို့အရင်ဆုံး မင်းကိုပြောမယ်၊ မောင်မောင်စိုးကိုလက်စားချေရမယ်ဆိုရင် ဘယ်လိုအန္တရာယ်မှ ငါမမှုဘူး၊ မရ ရအောင်တွေ့မယ်"

"ရှင် ဘာလို့ တန်ဖိုးမဲ့တဲ့ စွန့်စားမှုတွေကို လုပ်ချင်ရတာလဲ…လူမိုက်တစ်ယောက်ကို လူမိုက်ဆန်တဲ့ ရင်ဆိုင်မှုမျိုးလုပ်တာ သူနဲ့တန်းတူသလိုဖြစ်သွားမှာပေါ့"

"ငါလည်း လူမိုက်တစ်ယောက်ပဲ"

"လူချင်းတူပေမယ့် တန်ဖိုးချင်း ကွာပါတယ်၊ ကိုပန်းအောင်"

"မင်း…မင်း ငါ့နာမည်ကိုတောင်သိနေတယ်"

"ရှင်လည်း ကျွန်မနာမည်ကို သိနေတာပဲမဟုတ်လားဘာမှ ထူးဆန်းတာမဟုတ်ပါဘူး၊ တို့ကအမှောင်လောက ဒုစရိုက်လောကမှာ သွားလာနေတဲ့သူပါ၊ အထူးသဖြင့် သခွပ်ပင်မှာဖြစ်ပေါက်တာတွေကို ကျွန်မ သိသင့်သလောက် သိထားပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ရှင်က လူမိုက်တွေ လူဆိုးတွေရဲ့ အဓိပတိ ဖြစ်ချင်နေတဲ့ သူမဟုတ်လား"

"မင်း ဘာကြောင့်ပြောနိုင်တာလဲ"

"တို့ပြောနိုင်တယ့်အကြောင်းကို မေးမနေပါနဲ့၊ ရှင့်ကို ခံစားမှုအာရုံပေါ်က သိနေခဲ့တယ်လို့ပဲ သဘောထားလိုက်ပါ"

"ဇင်မာ ငါ့ကိုကူညီပေးပါ"

"ရှင် သိပ်ပြီးသိချင်ရင် တို့ပြောလိုက်မယ်၊ တာမွေ သုသာန်ဇရပ်မှာ ခိုအောင်းနေတယ်၊ နေ့ခင်းဘက်သွားရင်တော့ ဘယ်လိုမှ တွေ့ရမှာမဟုတ်ဘူး၊ ညဘက်သွားမယ်ဆိုရင်တော့ (၁၀း၀၀)နာရီနောက်ပိုင်းမှသွား၊ ဒီအချိန်ဆို သူရောက်ပြီ"

"ကျေးဇူးပဲ ဇင်မာ မင်းခုလိုကူညီတာကို တို့မမေ့ပါ ဘူး..."

"ရပါတယ်ရှင်၊ ကျွန်မခုလို ရှင့်ကိုပြောပြလိုက်တာဟာ ရှင့်ကို အန္တရာယ်ကြားထဲကို တွန်းပို့လိုက်သလိုဖြစ်နေတာတော့ သေချာတယ် ဒီအတွက်"

ဇင်မာနှုတ်ဖျားဆီမှ စကားသံလေးဆက်ပြီး ထွက်မလာဘဲ ခေါင်းလေးငုံ့သွားလေသည်။ ဇင်မာ၏ နောက်ဆက်တွဲ



www.burmeseclassic.com

www.burmeseclassic.com



စကားလုံးတွေကို ပန်းအောင်ဆက်ပြီး မကြားချင်တော့တာကြောင့် ခင်မာဘေးကနေ ထွက်သွားတော့သည်။ ပန်းအောင်နှင့် အတူ ကပ်တွယ်ပြီး ပါလာသော သနပ်ခါးရနံ့လေးက ညဥ့်ငှက်တို့၏ ပန်းရနံ့တွေ မဟုတ်တာကိုတော့ သဘောပေါက်မိလိုက်သည်။

××××××××××××



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

တာမွေသင်္ချိုင်းကိုရောက်တော့ ချစ်တီးခြေလှမ်းနှောက် တွန့်သွားသည်။

"ပန်းအောင် ငါ...ငါ"

"ချစ်တီး မင်းကြောက်ရင် နေခဲ့ကွာ"

"ငါ ကြောက်တာလူမဟုတ်ဘူး သရဲကွ၊ ဟိုမှာကြည့် လိုက်စမ်း သစ်ပင်တွေကို လရောင်အောက်မှာတွေ့နေရတာ သွေး ပျက်သွားပြီး ကြက်သီးတောင်ထတယ်၊ ပြီးတော့ တာမွေသင်္ချိုင်း ကအရမ်းနာမည်ကြီးတာ"



www.burmeseclassic.com

www.burmeseclassic.com



"သရဲ မကလို့ ဘီလူးပဲရှိရှိကွာ သွားမယ်၊ မင်းနေခဲ့မှာ
သား လိုက်မှာလား"

"လိုက်မယ်၊ ငါကြားမှာနေမယ်"

"သဘောပဲ"

ပန်းအောင်တို့ မနက်ပိုင်းကတည်းက သူတို့သွားရမည့်
ဘာမွေ့သချိုင်းဇရပ် ပတ်ဝန်းကျင်ကိုလှေလာပြီးသားဖြစ်သည်။

"ခါတော်မီးတွေတော့ သတိထား"

"အေးပါ ငါတို့ဇရပ်ထဲကို ညနေကပြောထားတဲ့တိုင်း
င်မှဖြစ်မယ်၊ ဒီကောင်ရဲ့လူတွေက ညဘက်ဆိုကင်းသဘော
ဆောင့်နေကြမှာ သေချာတယ်"

ပန်းအောင်တို့ ကတ္တရာလမ်းအတိုင်းဆက်ပြီး သွားလို့
ရသွားဆိုတာကို သဘောပေါက်ထားတာကြောင့် ဇရပ်နှင့်အတော်
ဝေးဝေးသောနေရာမှ ဂူတွေနားတွင်ရပ်လိုက်ကြသည်။

"မနက်က မှတ်ထားတဲ့ဂူမဟုတ်လား"

"ဟုတ်တယ်"

ဟိန္ဒူသုသာန်နှင့် မျက်နှာချင်းဆိုင်ကြားတွင် ကားလမ်း
တစ်ခုခြားတဲ့ အုတ်ဂူတွေနားရောက်တော့မှ ဂူဘေးမှလမ်းကို

www.burmeseclassic.com



ဝင်ဖို့ပြင်လိုက်၏

"ဟာ…သ…သရဲ…"

"ချစ်တီး"

သူတို့အားလုံး ဂူဘေးကိုမဝင်ခင် နောက်မှခြေသံကြောင့်လှမ်းပြီးကြည့်လိုက်တော့ ဆံပင်တွေဖြန့်၍လာနေသော မိန်းမတစ်ယောက်ကိုတွေ့လိုက်ရသည်။

"ဓာတ်မီးနဲ့ ထိုးကြည့်မလား"

"ဟာ…မထိုးနဲ့ တော်ကြာအစွယ်တွေထုတ်ပြရင် မလွယ်ဘူး"

"အရေးထဲကွာ၊ ကျော်ဦးမထိုးလိုက်နဲ့၊ ဟိုကောင်တွေ ဓာတ်မီးရောင်မြင်သွားလို့မဖြစ်ဘူး ဂူဘေးမှာထိုင်နေလိုက်"

(၄)ယောက်သားဂူဘေးတွင်ထိုင်ပြီး ခပ်သွက်သွက်လာနေသော မိန်းမကိုအခြေအနေ စောင့်ကြည့်နေလိုက်သည်။

သူတို့အနားကိုရောက်တော့ လရောင်အောက်တွင်မိန်းမ ခန္ဓာကိုယ်ကို ထင်ထင်ရှားရှားတွေ့နေရပေမဲ့ မျက်နှာကိုတော့ သဲသဲကွဲကွဲမတွေ့ရပေ…

"ပန်းအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ဟာ…ဟိုက်"

သူတို့ထိုင်နေသော ဂူရှေ့တွင်ရပ်ပြီး ခေါ်လိုက်တာ ကြောင့် (၄)ယောက်လုံးအံ့အားသင့်သွားကြသည်။ ပန်းအောင် အသံ ပိုင်ရှင်ကို ခဏမျှစဉ်းစားလိုက်ပြီး…

"မင်း ဖင်မာမဟုတ်လား"

"ဟုတ်တယ်"

"မင်း ဒီကိုဘာလို့လာတာလဲ ကိစ္စရှိလို့လား"

"ကိစ္စတွေဘာတွေကို နောက်မှပြော၊ကျုန်မနဲ့လိုက်ခဲ့"

ဖင်မာခေါ်သဖြင့် (၄)ယောက်သား နားမလည်စွာနှင့် ဖင်မာနောက်သို့လိုက်ခဲ့ကြသည်။ ဖင်မာသွားတဲ့နေရာက ဟိန္ဒူ သင်္ချိုင်းဘက်ဆီသို့ဖြစ်သည်။

"ဖင်မာ"

"နောက်မှ မေး…အရင်ဆုံး သင်္ချိုင်းထဲကို ဝင်ကြမယ်"

ဟိန္ဒူသင်္ချိုင်းမှာ အုတ်ရိုးခြံတံခါးနှင့်ဖြစ်ပြီး ဝင်ချင်တိုင်း ဝင်လို့တော့မရ သုသာန်စောင့်ရှိသည်။ သုသာန်ခြံတံခါးသို့ ရောက်တော့…

"ရာဂျူး"



www.burmeseclassic.com

www.burmeseclassic.com



ဇင်မာအသံပြုလိုက်ပြီး ခဏအတွင်းမှာ ကုလားတစ်ယောက် ခြံတံခါးနားကိုရောက်လာပြီး တံခါးဖွင့်ပေးသည်။

“ဇင်မာ နင်ပြောတာသူတို့လား”

“ဟုတ်တယ်၊ ငါပြောထားတဲ့အတိုင်းလုပ်ထားတယ် မဟုတ်လား”

“တစ်ခုမှမလွဲဘူး ဇင်မာ”

“ကျေးဇူးပဲ ရာဂျူး”

“နင်နဲ့ငါက ပြောရမယ့်လူတွေ မဟုတ်ပါဘူးဟာ၊ လာ သွားကြမယ်”

“ပန်းအောင် ရှင်တို့ ဒီကပဲစောင့်နေပါ၊ တို့ မောင်မောင်းကိုခေါ်ထုတ်လာခဲ့မယ်၊ သူတို့ဇရပ်ကိုသွားရင် ဘယ်လိုမှပြန်ထွက်လို့မရဘူး၊ ဒီနေရာမှာ ရှင်သူ့ကိုအပြတ်ရှင်းပြီး လက်စဖျောက်မယ်ဆိုလည်းရတယ်”

“ဟင်…ဟာ…”

“အစ်ကိုတို့နော် နောက်ပိုင်းကိစ္စတွေကိုဘာမှမပူနဲ့ မြေကြီးမှာဘယ်သူမှမသိအောင် လက်စဖျောက်လို့ရတယ်”

“ဇင်မာ”



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ပန်းအောင်"

"ငါက ဒီကောင့်ကို အပြတ်ရှင်းမှာမဟုတ်ဘူး၊ ဘဝ တစ်ခုလုံးဘယ်လိုမှ သုံးစားလို့မရအောင်လုပ်ပြီး ထောင်ထဲကို ပို့ချင်တာ"

"ပန်းအောင် သဘောပဲလေ၊ ကဲ…တို့သွားမယ် ရှီဝက် အတွင်းပြန်လာမယ်"

" မင်းတစ်ယောက်တည်းဖြစ်ပါ့မလား"

ပန်းအောင်စကားကို ဇင်မာပြုံးလိုက်ပြီး…

"ဒီနယ်မြေတွေဟာ တို့အတွက် ရင်းနှီးနေပြီးသားပါ၊ လို စိတ်ပူပေးတာကို ကျေးဇူးတင်ပါတယ်၊ ရာဂျူး သူတို့ကို နေရာချထားပေးထားဦး၊ ဟိုကလာရင် လုံးဝမရိပ်မိစေနဲ့နော် အောင်မောင်စိုးဆိုတဲ့ကောင်က အရမ်းကိုပါးနပ်တာ"

"စိတ်ချပါ ဇင်မာ နောက်လှည့်ကြည့်စရာမလိုပါဘူး"

ထိုသို့ပြောပြီး ဇင်မာထွက်သွားသည်နှင့် ရာဂျူးသူတို့ကို နေရမည့်နေရာသို့ ပို့ပေးသည်။

"ဒီကောင်ရောက်တာနဲ့ ကျွန်တော်က အပြင်ကနေ ခါးပိတ်မယ်၊ ဒါမှအသံတွေကိုအပြင်ကမကြားရမှာ…အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



တို့ကဒီကပဲစောင့်နေပါ…လာပြီဆိုတာနဲ့ ကျွန်တော် အချက်ပေး
လိုက်မယ်"

ရာဂျူးထားခဲ့သော အခန်းထဲတွင်ထိုင်ကြပြီး ဇင်မာ ပြ
အလာကို စောင့်နေကြသည်။

"ပန်းအောင် ငါတော့ ဘာမှနားမလည်တော့ဘူး"

"မင်းက ဘာကိုနားမလည်တာလဲ ကျော်ဦး"

"ဇင်မာ ခုလိုမင်းပေါ်မှာ အကောင်းဆုံးကူညီပေးနေတာ
ကိုပြောတာပါ"

"ငါ့အထင်တော့ ဇင်မာမှာ မောင်မောင်စိုးနဲ့ပတ်သက်
ပြီးနာကြည်းချက်တစ်ခုခုရှိနေလို့ နေမှာပါ၊ ဒါကြောင့် ငါတို့ကို
ကူညီပေးနေတာဖြစ်မယ်"

"အင်း မင်းပြောသလို ဖြစ်နိုင်တယ်"

"ငါကတော့ အဲဒီလိုမထင်ဘူး"

"ချိုလေး မင်းကဘယ်လိုထင်လို့လဲ"

"ငါ့အထင်က တစ်မျိုး မင်းပေါ်မှာ ဇင်မာစိတ်ဝင်စား
တာတစ်ခုရှိနေတယ်"

"ဟာ ကောင်ရ၊ ငါနဲ့ ဇင်မာဆုံတာမှ တစ်ခါပဲရှိသေး

www.burmeseclassic.com



ဘယ် မဖြစ်နိုင်ပါဘူးကွာ”

“ဖင်မာနဲ့ မင်းနဲ့ဆိုတာ မင်းဘက်ကတစ်ခါပဲရှိပေမယ့် သူ့ဘက်ကဘယ်နှစ်ခါရှိပြီဆိုတာ မင်းသိလား”

ချိုလေးစကားကြောင့် ဖင်မာမှ သူလက်ဖက်ရည်ကျဆိမ့် ကြိုက်တာကိုတောင်သိနေခဲ့သော အကြောင်းလေးကို သတိရမိ လိုက်သည်။ ဖင်မာသူ့ကို ဘယ်ချိန်ကစပြီး သိနေသလဲဆိုတာကို တွေးစားလို့မရနိုင်ပေ။ သူ့ဘက်က ဖင်မာကိုစတင်ပြီး သိခဲ့တာက တစ်ရက်ပင်ရှိသေးတာတော့ အမှန်ပင်ဖြစ်သည်။

သူတို့ ရပ်ကွက်နှင့် စီမံကိန်းရပ်ကွက်ကြားမှာ သံသူမာ လမ်းကြီးတစ်ခုကခြားနေပြီး အကြောင်းကိစ္စမရှိဘဲ စီမံကိန်းဘက် သို့သူတို့သွားရောက်ခြင်း မရှိကြပေမယ့် စီမံကိန်းဘက်မှ သူတွေ ကတော့ သူတို့ရပ်ကွက်ထဲမှာ ကျောင်းလာတက်သူတွေ ဈေး လာရောင်းသူတွေများရှိနေကြသည်။ တပ်မတော်မှ ပင်စင်ယူပြီး ကိုယ့်ဘဝကိုရပ်တည်နေကြသူတွေဖြစ်တာကြောင့် သူတို့ဝမ်း ရေးအတွက် ငါးဖမ်းခြင်း၊ သီးနှံစိုက်ခြင်းတွေကို လုပ်ကိုင်ကြပြီး ရပ်တည်နေကြသူတွေ ဖြစ်ကြသည်။

“အစ်ကိုတို့ အသံတွေတိတ်တော့ လာနေပြီ”

www.burmeseclassic.com



"ဟင်"

ရာဂျူးအပြေးကလေး သတိပေးလိုက်တာကြောင့် အခန်း ထဲမှဖယောင်းတိုင်ကို မီးမှုတ်ပြီး အမှောင်ထဲတွင် စောင့်နေလိုက် ကြသည်။ ပန်းအောင်တို့နှင့် မျက်နှာချင်းဆိုင်တွင် အခန်းတစ် ခုရှိသည်။ ထိုအခန်းမှာ လူနေထိုင်ဖို့အတွက် အခန်းဖြစ်မည်။

"ရာဂျူး"

"လာပြီ…ဗျို့"

ခြံတံခါးဝဆီမှ လှမ်းပြီးခေါ်လိုက်သောအသံကြောင့် ရာဂျူး ပြန်ထွက်သွားပြီး သိပ်မကြာခင် ဇင်မာနှင့်မောင်မောင်ရိုး ဝင်လာတာကိုတွေ့နေရသည်။

"မင်းဘာလို့ လိုက်လာတာလဲ"

"ရှင့်ဆီက ငွေလိုချင်လို့"

"ဟိုတလောက ပေးထားတာရောကုန်ပြီလား"

"ရှင်ပေးတဲ့ငွေက ဘယ်လောက်များလို့လဲ၊ ကျွန်မဆီက မ,ထားတဲ့ငွေတွေ မနည်းဘူး"

"တော်ကွာ ငါ ခုရက်ပိုင်းဖဲရှုံးနေတယ်၊ ငွေသိပ်မရှိဘူး နောက်နေ့မှလာပြီးယူ"

www.burmeseclassic.com



"ဂျိုင်း"

ရာဂျူးအပြင်မှ တံခါးပိတ်လိုက်ခြင်းဖြစ်သည်။

"အတော်ပဲ ဒီနေ့ ငါ့ကောင်တစ်ကောင်နဲ့ မင်းအလုပ်သုပ်လိုက်၊ မင်းလိုချင်တဲ့ငွေရမယ်"

"ကျွန်မ ကျန်းမာရေးမကောင်းဘူး"

"မကောင်းလည်း မတတ်နိုင်ဘူးကွာ၊ ငါဟိုမှာ ချိန်းခြင်းရှိတယ်၊ မင်းနေချင်နေ မနေချင်ပြန်တော့"

မောင်မောင်စိုး ပြန်ပြီးတော့ထွက်ဖို့ပြင်တော့မှ ပန်းအောင်တို့ အခန်းထဲသို့ ဝင်လိုက်ကြသည်။

"ဟင်…မင်း…မင်းတို့ ဘာကောင်တွေလဲ"

"ငါတို့ ဘာကောင်တွေလဲ မင်းသိရမှာပေါ့ မောင်မောင်စိုး၊ သေချာတာတစ်ခုကတော့ ငါတို့ရဲတွေတော့ မဟုတ်ဘူး"

"ဇင်မာ နင်…နင် လက်ချက်…တယ်"

"အမေ့…"

"ဟာ…"

ဇင်မာကိုမောင်မောင်စိုး ဆောင့်ပြီးတွန်းလိုက်သဖြင့် ဘေးသို့လဲကျသွားသည်။ ပန်းအောင်မှာ ဇင်မာလဲကျသွားသည်

www.burmeseclassic.com



နှင့် မောင်မောင်စိုးမျက်နှာကို အမြင့်ဆုံးခြေဖြင့်ကန်လိုက်သည်။

"ဖြောင်း…အင့်"

ပန်းအောင်ခြေကန်ချက်က ပြင်းတာကြောင့်မောင်မောင်စိုးမျက်နှာ ဘေးကိုလည်သွားပြီး ယိမ်းသွားသည်နှင့် ပန်းအောင်ဆက်တိုက်တိုက်ခိုက်လိုက်သည်။ ဘေးတွင် ရပ်နေသော ကျော်ဦးနှင့်ချစ်တီးတို့လဲကျသွားသော မောင့်မောင်စိုးကို တစ်ယောက်တစ်ဖက်ဆီမှ ဆွဲမကာ နံရံတွင်ကပ်ထားလိုက်သည်။

"မင်း…မင်း ငါ့ကို ဘာလို့တိုက်ခိုက်တာလဲ"

"စိတ်ချ မင်းကို အသိပေးမှာပါ မောင်မောင်စိုး၊ မင်းတို့ကြောင့် တစ်ခါကသေသွားတဲ့ ငါ့သူငယ်ချင်းကို မှတ်မိမှာပေါ့…"

"ငါ…ငါ ဘာမှမသိပါဘူး"

"အေး မင်းတို့က ဘယ်သိမလဲ၊ ခုလိုပဲ လူတွေကို အုပ်စုဖွဲ့ပြီး ဒုက္ခပေးနေကြတာ များနေလို့၊ ငါ့အတွက်တော့ မင်းကို လက်စားချေဖို့အတွက် ငါ့ဘဝကိုတောင် ဖျက်စီးပစ်ခဲ့တာကွ"

"ငါ..တောင်း…တောင်းပန်ပါတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ကျသွားပြီ မောင်မောင်စိုး၊ ငါ့ဘဝတစ်ခုလုံးနဲ့ ရင်းပြီး အားမွေးခဲ့ရတဲ့ ရာဇဝင်ကြွေးကို ကြေအောင်ဆပ်ရမှာ တန်တာကွ"

"မ မလုပ်ပါနဲ့ကွာ၊ ဇင်မာ ငါ့ကိုကယ်ပါဦး"

"နင့်လိုကောင်မျိုးကို ငါကိုယ်တိုင်ရှင်းချင်တာ…ကဲ"

"ဇင်မာ"

"ဟင်…"

ဇင်မာသည် သူဖွက်ပြီးယူလာသော ဓားမြှောင်နှင့် မောင်မောင်စိုးကို လှမ်းထိုးတာကို ပန်းအောင် လှမ်းတားလိုက်သဖြင့် ဇင်မာ ဓားမြှောင်မှာ ပန်းအောင်လက်ကို ရှပ်ထိလေသည်။ ဒါကို အခွင့်ကောင်းယူပြီး မောင်မောင်စိုး ရုန်းထွက်မည်အပြု…

"ကဲကွာ…"

"ဒုတ်…အီး…"

ပန်းအောင်…မောင်မောင်စိုးကို နံရံနှင့်ခေါင်းကိုဆောင့်လိုက်သဖြင့် ကြမ်းပြင်တွင် ဒူးညွှတ်ကျသွားတော့သည်။

"ပန်းအောင် ဒီကောင့်ကိုဘာဆက်လုပ်မလဲ"

"ကြိုးနဲ့တုပ်ပြီး ခေါ်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုခေါ်သွားမှာလဲ"

"နီးစပ်ရာရဲစခန်းရဲ့ အနီးဆုံးနေရာမှာထားခဲ့မယ်"

"ကောင်းတယ်"

ကြမ်းပြင်တွင် သတိမေ့မျောနေသော မောင်မောင်စိုးကို ကြိုးနဲ့တုပ်ပြီး

"နေဦး၊ ငါ ဟိုကောင် ကျွဲပေါက်ဘယ်မှာဆိုတာ မေးရဦးမယ်"

"မေးမနေပါနဲ့ကိုပန်းအောင် ရှင်တွေ့ချင်တဲ့ နောက်တစ်ယောက်ကို တို့စုံစမ်းပေးမယ်၊ ရော့ ရှင်လက်ကအားဒဏ်ရာကို စည်းထားလိုက်"

ဇင်မာ လှမ်းပေးသော လက်ကိုင်ပဝါလေးကို လှမ်းယူမည်အပြု...

"နေ...နေ...တို့ပဲစည်းပေးမယ်"

ဇင်မာကိုယ်တိုင်ပဲ သူ့လက်မှဒဏ်ရာကို ပဝါလေးနှင့် စည်းပေးလိုက်သည်။

"သွားကြမယ်၊ ရာဂျူး ငါတို့ကို နောက်ဘက်ထွက်ပေါက်ကိုလိုက်ပို့ပေးဦး"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ကနေလိုက်ခဲ့ကြ"

သတိမေ့နေသော မောင်မောင်စိုးကို ချစ်တီး၊ ကျော်ဦးနှင့်ချိုလေးတို့ မ,လာကြပြီး ရာဂျူးခေါ်ဆောင်လာသော နောက်ပေါက်ကနေအပြင်ဘက် ကားလမ်းပေါ်သို့ရောက်တော့…

"ဟာ…ဟိုမှာ ခါတ်မီးတွေ"

"ပတ်တရောင်လှည့်တဲ့ ပုလိပ်တွေ ဖြစ်မယ်ကွ ဘယ်လိုလုပ်မလဲ"

"ခွေးမသားကိုဒီမှာ ထားလိုက်တော့"

"ဘုတ်"

မောင်မောင်စိုးကို ကတ္တရာလမ်းပေါ်သို့ ပစ်ချပြီး သုသာန်ထဲသို့ ပြန်ပြီးဝင်ခဲ့ကြသည်။

"ဟင်"

ပန်းအောင် စိုးရိမ်စိတ်နှင့် သုသာန်သို့ပြန်ဝင်ပြီး ပုန်းနေချိန်တွင် သတိမပြုလိုက်တာကတော့ ဇင်မာနှင့်သူပူးကပ်စွာ မဖက်ရုံတမယ်ရှိနေကြခြင်းပင်ဖြစ်သည်။ သူ့ရင်ခွင်ထဲတွင် ဇင်မာ ခေါင်းလေးဝပ်ပြီးရောက်နေသည်။ အုတ်တံတိုင်းအပြင်ဘက်တွင် ပုလိပ်တွေ မောင်မောင်စိုးကိုတွေ့သွားကြပြီ…



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် ငစိုးပဲ...သဃ်န်းကျွန်းစခန်းက ဝရမ်းထုတ်ထားတာ၊ ဘယ်ကောင်တွေဆော်ပြီး ပစ်ထားလဲမသိဘူး"

"အဆင်ပြေသွားတာပေါ့ကွာ...စခန်းကိုအကြောင်းကြားပြီး ကားခေါ်လိုက်တော့"

တစ်နာရီကျော်မလှုပ်မယှက်ဘဲ နေခဲ့ကြရသည်။ ဇင်မာ့အတွက် ယောကျ်ားသားတွေရဲ့ ထိတွေ့မှုဟာ ဘာမှမဆန်းပေမယ့် မိန်းကလေးနှင့်ပတ်သက်ပြီး အထိအတွေ့မရှိသောပန်းအောင်အတွက် ထိုညကလေးသည် အိမ်မက်ဆန်လှသောရင်ခုန်ခြင်း လွင့်ပျံ့သော ညကလေးတစ်ခု ဖြစ်ခဲ့လေသည်။

သို့သော် ထိုရင်ခုန်ခြင်းတို့သည် နှလုံးသားဆီသို့ တိုက်ရိုက်မရောက်ခဲ့တာတော့ အမှန်တကယ်ပင်ဖြစ်သည်။

××××××××××××



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

သားဆိုးသားမိုက် မိဘစကားကိုဆန့်ကျင်ပြီး လမ်းမှားကိုရွေးချယ်ခဲ့သူတစ်ဦးဆိုတာကို ပန်းအောင်သိနေခဲ့ပေမယ့် ထိုအသိတို့သည် သူ၏နာကြည်းချက်တွေကို ကျော်လွှားနိုင်ခြင်းတော့မရှိခဲ့။ သူငယ်ချင်းဖြစ်သူ ခင်မောင်ဦးအတွက် နောက်ဆုံးလက်စားချေခြင်းကို ပြုလုပ်ရင်းနှင့် လူမိုက်လောကကြီးကို ကြီးစိုးနိုင်ဖို့အတွက် ပြင်းပြသော ဆန္ဒတွေ သူ့ရင်တွင်ခိုင်မာစွာရှိနေတော့သည်။ ခုဆို သူ့အိမ်ပေါ်ကဆင်းခဲ့သလို မိခင်ဖြစ်သူမှာ



www.burmeseclassic.com

www.burmeseclassic.com



နယ်ဘက်ကို တာဝန်နှင့်ရွှေ့ပြောင်းသွားပြီးဖြစ်သည်။ ဖခင်ဖြစ်သူမှာလည်း သူ့ကိုပြတ်သားစွာ ဥပေက္ခာပြုခဲ့ပြီမဟုတ်လား။

"ဘုတ်…"

သူ့ပခုံးပေါ်က ကျောပိုးအိတ်ကို ပစ်ချလိုက်ပြီး အရက်ဆိုင်ကောင်တာတွင် အရက်တစ်လုံးကိုသွားပြီး ဝယ်ယူလိုက်သည်။

"မောင်ပန်းအောင်ဘာနဲ့မြည်းမလဲ"

"လက်ဖက်ပဲလုပ်ဗျာ"

အရက်ဆိုင်ပေါ်တွင် သူတစ်ယောက်တည်း အရင်ရောက်နေတာမို့ အတွေးတွေကိုဖြတ်ချလိုက်ပြီး အရက်ခွက်ကို ငှဲ့လိုက်သည်။

"ပန်းအောင်"

အရက်ဆိုင်ပေါ်သို့တက်လာသော ကျော်ဦး သူ့ကိုလှမ်းပြီးခေါ်လိုက်တာကို မထူးဘဲ အရက်ခွက်ကို မော့သောက်ဖို့ပြင်လိုက်စဉ်…

"မင်း မသောက်နဲ့ဦး"

"ဘာဖြစ်လို့လဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဥစလမ်းအနောက်ဘက်ထိပ်မှာ မိုးမြင့်မိုရ်စောင့်နေတယ်"

"ဟင်.."

"မင်း...သူ့ဆီကိုချက်ချင်းလာခဲ့ပါတဲ့"

"ဘာကိစ္စလဲ ဂျော်နီ"

"ငါက ဘယ်လိုလုပ်ပြီး သိမှာလဲကွ၊ ဟိုရောက်မှမေးကြည့်ပေါ့၊ ငါ့ကိုမှာပြီးတော့ သူကသွားနေပြီ"

ပန်းအောင်သောက်မည့် အရက်ခွက်ကို မသောက်တော့ဘဲပြန်ချပြီးချကာ...

"မင်း အရင်သောက်မထားနဲ့ဦး"

"အေးပါကွာ သွားစရာရှိတာသွား"

ပန်းအောင် အရက်ဆိုင်ထဲမှ ခပ်သွက်သွက်လေးထွက်လာခဲ့လိုက်သည်။ ဥစလမ်း အနောက်ဘက်ဂိတ်တွင် ညောင်ပင်နှင့်ဗုဒ္ဓဆင်းထုတော်လေးရှိပြီး အနောက်ဘက်တွင် ချောင်းရိုးကလေးရှိတာကြောင့် အေးအေးဆေးဆေး စကားပြောလို့ကောင်းသောနေရာဖြစ်၍ လူသွားလူလာရှင်းပြီး လွတ်လွတ်လပ်လပ်တွေနိုင်သော နေရာလေးပင်ဖြစ်သည်။ ဒါပေမဲ့ မိန်းကလေး တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်းတော့ ကြာကြာနေလို့ မသင့်သောနေရာလေးပင် ဖြစ်သည်။

"မြင့်မိုရ်"

ပန်းအောင် အနားကိုရောက်တဲ့ထိ သူ့ကိုစကားပြောဆိုခြင်းမရှိဘဲ မျက်နှာကိုချောင်းရိုးဘက်ကို လှည့်နေတာကြောင့် မြင့်မိုရ်အားတွင် ဝင်ရပ်ပြီးခေါ်လိုက်မိသည်။

"နင်ငါ့ကိုတွေ့ချင်တယ်ဆို"

"ဟုတ်တယ်၊ နင့်ဆုံးဖြတ်ချက်တွေကို နင်မပြင်တော့ဘူးလား"

"ငါ့ကို နင် ခွင့်လွှတ်ပါဟာ"

မိုးမြင့်မိုရ် ပန်းအောင်မျက်နှာကို စူးစူးရှရှကြည့်ပြီး

"ငါက ခွင့်လွှတ်ရအောင် ငါ့ပေါ်မှာနင်အမှားလုပ်ခဲ့တာ မဟုတ်ဘူး၊ နင်အမှားကျူးလွန်နေတာ နင့်မိဘနဲ့နင့်ဘဝကိုပဲ ပန်းအောင်၊ လူမိုက်ဆိုတဲ့ ဘဝကြီးကို နင်တော်တော်ကိုခုံမင်နေတယ်ပေါ့"

"ငါ ခုံမင်နေတာမဟုတ်ဘူး မြင့်မိုရ်၊ ငါ့နာကျင်မှုတွေအတွက် ငါလုပ်သင့်တာကိုလုပ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ဘနာကျင်မှုဆိုတာ ကိုကိုနဲ့ ပတ်သက်ပြီးပြောမလို့ မဟုတ်လား"

"ကိုဦးနဲ့ပတ်သက်နေတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ အလုံးစုံတော့မဟုတ်ဘူး၊ ငါ လူမိုက်လောကထဲကိုဝင်နေတာ ...သားတဲ့သူတွေပေါ်မှာ အနိုင်ကျင့်နေတဲ့ လူမိုက်တွေကို ရင်ဆိုင် ချင်လို့၊ ပြီးတော့ ကာကွယ်ပေးသင့်တဲ့သူတွေကို ကာကွယ်ပေး ချင်လို့ မြင့်မိုရ်"

"နင့်ကိုယ်နင် ကိုလိုနီခေတ်က လမ်းမတော်ဖိုးတုတ်လို ...မည်ကြီးချင်တာလား"

"နင် ကြိုက်သလိုပြောပါဟာ၊ ငါဘာကြောင့် ဒီလမ်း ကိုရွေးခဲ့သလဲဆိုတာ ငါ့ကိုယ်ငါသိတယ်"

"ပန်းအောင်"

"နင် ပြောချင်တဲ့စကားကို ပြောချလိုက်ပါ"

"နင့်ကို လူမိုက်မဖြစ်စေချင်ဘူး ပန်းအောင်၊ ကျောင်း ...တက်ပြီး ကိုယ့်ဘဝကို အကောင်းဆုံးဖြစ်အောင် လုပ်ပါလား ..."

"ငါပညာရေးခရီးက ပြီးဆုံးသွားပြီ၊ ငါငယ်ငယ်လေး

ကတည်းက စိတ်ကူးခဲ့တာတွေအားလုံးကို ဖျက်စီးခြင်းခံလိုက်ရပြီ"

"နင်က တကယ်ကို အတ္တကြီးတဲ့လူတစ်ယောက်ပဲ၊ ကိုကို သေဆုံးရတာကို နင် နာကျင်သလို ငါလည်းရှူးမတတ် ခံစားခဲ့ရပါတယ်၊ ဒါပေမဲ့ လူ့လောက လူ့ဘဝကြီးဟာ ကံကြမ္မာရဲ့စေစားရာနောက်မှာ လူတွေရုပ်တည်နေခဲ့ကြရတာ မဟုတ်လား၊ နောက်ဆုံးအဖြေက ရှင်းပါတယ်၊ ကိုကိုဟာဝဋ်ကြွေးပါလာလို့ ဆပ်လိုက်ရတာ"

"ငါ လက်မခံဘူး မြင့်မိုရ်၊ လူမိုက်တွေကိုအားပေးစကားပြောတဲ့ စကားလုံးတွေ၊ မိုက်မဲစွာနဲ့အနိုင်ကျင့်ခဲ့တဲ့ ရက်စက်မှုကို တူညီတဲ့ ရက်စက်မှုနဲ့ပဲ တုံ့ပြန်ရမယ်"

"တော်ပြီ ပန်းအောင် နင်နဲ့ငါ စကားအငြင်းအခုံမလုပ်ချင်ဘူး၊ နင်ခုဒီလမ်းပေါ်မှာ ဘာဆက်ပြီးလုပ်မလဲ"

"ငါ့ဘဝအတွက် ဘာမှမရှိတော့တဲ့ လမ်းပေါ်မှာ စပြီးဖြတ်သန်းလာတာဆိုတော့ ဘာတွေဖြစ်လာမလဲဆိုတာတော့ ငါမသိဘူး မြင့်မိုရ်ရယ်၊ ငါ့အတွက်မစိုးရိမ်ပါနဲ့ဟာ၊ ငါဆိုတဲ့ကောင်ပေါ်မှာရှင်းပြမှုတွေ မထားပါနဲ့တော့"

www.burmeseclassic.com



"နင့်ဘက်က ငါ့ကိုသံယောဇဉ်ဖြတ်လိုက်တာလား"

"သိပ်ကိုသံယောဇဉ်ရှိလို့ ငါ့အတွက် နင်ပူပန်ခံစားရတာ မျိုးကို မဖြစ်စေချင်ဘူးမြင့်မိုရ်"

"နင်ပြောသလို သိပ်ကိုလွယ်ကူရင်တော့ ကောင်းတာပေါ့ဟာ"

မိုးမြင့်မိုရ် မျက်ဝန်းတွင်မျက်ရည်ဥကလေးတွေ ဝေသီသာတာကြောင့်

"မြင့်မိုရ် မိုးတွေညို့လာပြီး ပြန်ကြရအောင်"

"ငါ မပြန်ချင်သေးဘူးဟာ"

"မြင့်မိုရ်ရယ် ငါလေ နင့်ကို ဖြစ်စေချင်တဲ့ ဆန္ဒတစ်ခုကိုဖြည့်ဆည်းပေးနိုင်အောင် ကြိုးစားပေးပါ့မယ်၊ ခု လောလောဆယ်တော့ ငါ့မှာ လုပ်စရာလေးတွေရှိသေးလို့ပါ"

"နင် တကယ် ငါဖြစ်စေချင်တဲ့ ဆန္ဒကို ဖြည့်ဆည်းပေးမှာလား"

"အေးပါဟာ၊ ငါကတိပေးပါတယ်"

မိုးမြင့်မိုရ် ကမ်းလိုက်သောလက်ကလေးကို ဆုပ်ကိုင်ပြီးထိုနေရာမှ ထလိုက်ကြပြီး စကားသံတိတ်စွာနှင့် လမ်းလျှောက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ကြသည်။ ၃၈ လမ်းထိပ်နားသို့ရောက်တော့

"ပန်းအောင်"

"မြင့်မိုရ်"

"ရှော့"

"ဟင်..."

မိုးမြင့်မိုရ်လက်ထဲတွင် လက်ကိုင်ပဝါလေးနှင့်ထုပ်ထား သောပိုက်ဆံတွေကိုတွေ့လိုက်ရသည်။

"ငါ့ မုန့်ဖိုးထဲက စုထားတဲ့ငွေပါ၊ နင်အိမ်ပေါ်ကဆင်း လာပြီဆိုတော့ သုံးစရာရှိရင် သုံးလို့ရတာပေါ့"

"မြင့်မိုရ် ငါမယူချင်ပါဘူး၊ ဒါပေမဲ့ ငါယူပါ့မယ် ဘာကြောင့်လည်းဆိုတော့ ငါ့သူငယ်ချင်းပေးတဲ့ ပိုက်ဆံလေး မို့ပါ"

"ပန်းအောင် ငါ နင့်အတွက် စိုးရိမ်နေရတယ်ဆိုတာ တော့ ဘယ်တော့မှ မမေ့ပါနဲ့ဟာ"

"မြင့်မိုရ်ရယ်"

"ငါသွားမယ် ကိစ္စရှိရင် ကျော်နီနဲ့မှာလိုက်နော်"

"အင်း..."



www.burmeseclassic.com

www.burmeseclassic.com



ပန်းအောင်ခေါင်းလေးညိတ်ပြီး ကျန်ရစ်ခဲ့လေသည်။ သူနှင့်တဖြည်းဖြည်းဝေးသွားသော မြင့်မိုရ်ကျောပြင်လေးကိုငေး ကြည့်ပြီး ရင်ထဲမှာ မွန်းကြပ်လာသည်။ သူ၏ရွေးချယ်မှုသည် တကယ်ပဲ မှားယွင်းခဲ့ပြီလား...သူသိပ်ပြီး ခင်တွင်ခဲ့ရသော သူတစ်ယောက်ကို သောကတွေပေးနေသူလားဆိုသော အတွေး များစွာတို့သည် သူ့ရင်ကိုလှိုင်းဂယက်ထသွားစေလေသည်။

××××××××××××

www.burmeseclassic.com

www.burmeseclassic.com

ပန်းအောင် အရက်ဆိုင်ကိုရောက်တော့ ကျော်နီ၊ ချစ်တီးနှင့်ချိုလေး တို့(၃)ယောက်လုံး ရောက်နေကြပြီးဖြစ်သည်။

"ပန်းအောင် ဘာတွေဖယားကပ်နေလဲ"

"ဘာမှ မဟုတ်ပါဘူးကွာ၊ သံယောဇဉ်ရှင်းတမ်းတစ်ခုကိုလုပ်နေတာပါ"

"ရှော့ ချလေ"

"ငါ အရက်သောက်တော့ဘူးကွာ"

"ဟင်...ဟာ ဘယ်လိုဖြစ်သွားရတာလဲ"

"ငါ မိုးမြင့်မိုရ်အတွက် ငါ့ဘက်ကလုပ်ပေးနိုင်တဲ့ ကိစ္စလေးတစ်ခုလုပ်ပေးလိုက်တာပါ...မိုးမြင့်မိုရ်က အရက်သောက်



www.burmeseclassic.com

www.burmeseclassic.com



တာမကြိုက်ဘူးကွ"

"ကောင်းကွာ"

"မင်း မသောက်ချင်လည်း မသောက်နဲ့၊ ခု မင်းဘာဆက်ပြီးလုပ်မလဲ"

"လူမိုက်ဆိုတာ လူမိုက်အလုပ်ပဲ လုပ်ရမှာပေါ့ကွာ"

"လူမိုက်လုပ်တာက အရေးမကြီးဘူး၊ အရေးကြီးတာငွေကြေးကိစ္စပဲ၊ အရင်က တမင်းစားဖို့ မပူပင်ရဘူး၊ အိမ်ပြန်တာနဲ့မင်းမိဘက ထမင်းဟင်းအဆင်သင့်ရှိတယ်"

"ဟုတ်တယ် ပန်းအောင်၊ မင်းငွေရဖို့တော့ တစ်ခုခုလုပ်ရတော့မယ်"

ကျော်နိုင်တို့ပြောသောစကားမှာ တကယ်ပင် အရေးပါတာကြောင့် စဉ်းစားစရာဖြစ်နေသည်။

"တစ်ခုခုတော့ ငွေရအောင်လုပ်ရမှာပေါ့ကွာ၊ ခုလောလောဆယ်တော့ ခေါင်းအေးအေးပဲနေချင်တယ်"

"ပန်းအောင် ခေတ်ကာသိပ်ကိုမဟုတ်တော့ဘူး၊ ခုမြို့တော်မှာ ကျောင်းသားတွေ ဆန္ဒပြပွဲတွေလုပ်နေကြပြီ၊ အစိုးရ အုပ်ချုပ်ရေးပိုင်းမှာရှုပ်ထွေးနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ငွေတွေပြန်ပြီးရှပ်သိမ်းကတည်းက လူတွေက အစိုးရကို မကျေမနပ်ဖြစ်နေကြတာ၊ တက္ကသိုလ် ကျောင်းဘက်မှာလည်း လုံခြုံရေးတွေ တင်းတင်းကြပ်ကြပ်လုပ် ထားတယ်လို့ ငါတို့အိမ်အောက တက္ကသိုလ်ကျောင်းတက်နေတဲ့ ကိုမောင်က ပြောတယ်"

ပန်းအောင် ရော်နီတို့ပြောနေကြသော စကားတွေကို တစ်ခွန်းမှုပြန်ပြောခြင်းမရှိဘဲ တိတ်ဆိတ်စွာ နားထောင်နေမိ သည်။ တကယ်ပင် တိုင်းပြည်အခြေအနေမှာ မကောင်းတော့ပါ။ အထူးသဖြင့် အခြေအနေတွေက အရမ်းကိုဒုက္ခကြုံနေရသည်။

ဒီ့အပြင် ပန်းအောင်အမုန်းဆုံးကတော့ ရပ်ကွက်တွင် အုပ်ချုပ်နေသော ကောင်စီလူကြီးတွေပင်ဖြစ်သည်။ ရပ်ကွက်ထဲ တွင် ဩဇာအာဏာတွေနှင့် သူတို့လုပ်ချင်တာတွေကို လုပ်ကိုင်နေ ကြသည်။ ကိုလိုနီခေတ်က သူကြီးတွေထက်တောင် ဆိုးဝါး နေမှုကို ပန်းအောင်ရှုရှာနေတာကြာပြီဖြစ်သည်။ အထူးသဖြင့် သူတို့ရပ်ကွက်ပါတီကောင်စီဥက္ကဋ္ဌဦးမြဆိုရင် ခြောက်လုံးပြူးကြီး ခါးထိုးပြီး အသုဘအိမ်ဖဲဝိုင်းတွင် ခေါင်းရင်းခန်းမှာထိုင်ပြီး ဖဲထိုင်ရိုက် နေတာဟာ တကယ်ကိုပင် မျက်စိထဲတွင်ကြည့်မရ

www.burmeseclassic.com



ဆုံးပင်…

ပါတီကြီးက သြဇာအာဏာဘုန်းတန်ခိုးကြီးစွာ နေတာမို့ ပုလိပ်တွေ ဥပဒေသမားတွေဆိုတာ ဘာမှ အရာမရောက်ဖြစ်ခဲ့ကြသည်။ စေတစ်လုံးပိုင်ရှင်တွေ အာဏာရှင်စနစ်ကြီးအောက်မှာပြည်သူတွေက နင်းပြားတွေမဟုတ်လား…

“ဒီအစိုးရ ပြုတ်ကျသွားမှကောင်းမှာ”

“ဟာ…ပန်းအောင်ရာ စကားတိုးတိုးပြောစမ်းပါ”

“ဒါ နိုင်ငံတော်ကို ဆန့်ကျင်တဲ့စကားပဲ”

ဂျော်နီဘေးဘက်ကိုကြည့်ပြီး ပန်းအောင်စကားကိုဟန့်တားနေသည်။ ခေတ်အခြေအနေက ကျီးလန့်စာစားဖြစ်နေသလို ရပ်ကွက်ထဲတွင် ထောက်လှမ်းရေးတွေက ပုံစံမျိုးစုံနှင့်ရောက်နေသောကာလပင်ဖြစ်သည်။

“ကြောက်ရင် ခုကတည်းက ဒီစကားတွေကို မပြောနဲ့ပေါ့ကွာ”

“ငါတို့ပြောတာက ပုဒ်မ မကြီးဘူး၊ မင်းပြောတာက ပုဒ်မကြီးတယ်”

“ကြီးကြီးကွာ ငါကတော့ ဒီအစိုးရကို မကျေနပ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ပန်းအောင် မင်း မကျေနပ်မှုတွေထဲမှာ ခုမကျေနပ်မှုကြီးက အန္တရာယ်အရှိမ်းကြီးတယ်နော်"

"တော်…တော်ကွာ တခြားအကြောင်းပြောကြမယ်"

"တခြားအကြောင်းဆိုလို့ မင်းဟိုတစ်လောက လကို ကြယ်ဖောက်သွားတာ ကြားလိုက်လား"

"အေး ကြားတယ် အဲဒါဘာဖြစ်လဲ"

"လူကြီးတွေကပြောနေတာ လထဲကိုကြယ်ဖောက်သွားရင် တိုင်းပြည်ပျက်တတ်တယ်တဲ့ ဒါနိမိတ်ပြတာဘဲ"

"ဒီ နိမိတ်သာမှန်ရင် သိပ်ကောင်းမှာပဲ"

"ပန်းအောင် မင်းကတိုင်းပြည်ပျက်တာကို မြင်ချင်တယ်ပေါ့"

"တိုင်းပြည်ပျက်တာကို မြင်ချင်တာမဟုတ်ဘူးကွ အာဏာရှင်ဆန်တဲ့ အစိုးရပျက်တာကို မြင်ချင်တာ"

"ရှူး…"

"ပန်းအောင်…ငါတို့တော့ လွတ်ရက်မရှိတဲ့ နေရာကို ရောက်တော့မယ်နဲ့တူတယ်"

"မင်းတို့တကယ်ကို အမျိုးသားရေးစိတ်ဓာတ်ကင်းဝေး



www.burmeseclassic.com

www.burmeseclassic.com



ကြတဲ့ကောင်တွေပဲ''

''ထားလိုက်ပါတော့ကွာ၊ အရက်လေးတော့ဝအောင် သောက်ပါရစေ''

အရက်သောက်လိုက် တွေရာလေးပါးပြောလိုက်နှင့် စားပွဲပေါ်တွင် အရက်(၂)လုံးနီးပါးကုန်သွားပြီဖြစ်သည်။ ပန်းအောင်တစ်ယောက် အရက်ခွက်ကို လုံးလုံးပင်မကိုင်…

''ဟာ…ဦးလေးဘမောင်ကြီးပါလား''

အရက်ဆိုင်ပေါ်သို့တက်လာသော ဦးလေးဘမောင်ကြောင့် ပန်းအောင်တို့အံ့သြသွားကြသည်။ ဦးဘမောင်သည် ရပ်ကွက်ထဲတွင် အရက်မသောက်၊ လောင်းကစားကင်းရှင်းပြီး လူရိုးလူအေးတစ်ယောက်ဖြစ်သည်။ တစ်ဖက်သားပေါ်တွင် သဘောကောင်း စေတနာကောင်းသူလည်းဖြစ်သည်။ ရပ်ရေး၊ ရွာရေးကိစ္စများတွင် ရှေ့ဆုံးမှဦးဆောင်ပြီး ဘာသာတရားကိုင်းရှိုင်းတာကြောင့် လူချစ်လူခင်ပေါသည်။ အသက်ကြီးမှ အိမ်ထောင်ကျပြီး သမီးလေးတစ်ယောက် ထွန်းကားကာ မိသားစုဘဝလေးကို ချမ်းချမ်းမြေ့မြေ့လေး နေထိုင်သူတစ်ဦး။ သူလုပ်ကိုင်တဲ့အလုပ်က သမဝါယမတွင် ငွေစာရင်းကိုင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုလို အရက်ဆိုင်ပေါ်ကို တက်လာတာကိုမြင်လိုက်ရတော့ မယုံနိုင်အောင်ပင်ဖြစ်သွားကြသည်။

အရက်တစ်လုံးကိုဝယ်ပြီး ပန်းအောင်တို့နှင့်ကပ်လျက် စားပွဲတွင်ဝင်ထိုင်ကာ သောက်နေတာကြောင့်…

"ဦးလေးဘမောင်"

"ပန်းအောင် လာလေကွာ အတူတူချကြမယ်"

"ကျွန်တော်မသောက်ပါဘူး"

"မသောက်ဘဲနဲ့များ အရက်ဆိုင်ပေါ်မှာလာရတယ်လို့ ကွာ"

"သူငယ်ချင်းတွေနဲ့ စကားပြောရင်းရောက်နေတာပါ၊ ဦးလေးဘမောင်ကိုကြည့်ရတာ တစ်ခုခုဖြစ်နေသလိုပဲနော်"

"ပန်းအောင် ငါဖြစ်နေတာတော့ မပြောနဲ့ကွာ၊ မကြာခင် ငါ့ဘဝပျက်တော့မှာ"

"ဗျာ"

"ငါ သိပ်ချစ်တဲ့ ဇနီးနဲ့သမီးလေးကို ထားခဲ့ရတော့မှာ ပဲ…အီး…"

ဦးလေးဘမောင် ပြောရင်းငိုချလိုက်တော့သည်။

www.burmeseclassic.com



"ဦးလေးဘမောင် ဘာဖြစ်လို့လဲဆိုတာကို ပြောပြပါလား"

"မင်းတို့ကိုပြောပြတော့ရော ကူညီနိုင်မှာမဟုတ်ပါဘူး"

"ဦးလေးဘမောင်မကူညီနိုင်ဘူး ဆိုတာတော့တပ်အပ်ကြီးမပြောပါနဲ့ဗျာ…ကျွန်တော်တို့လည်း စွမ်းသလောက်တော့ ကူညီနိုင်ကြမှာပါ"

ပန်းအောင် တခြားသူဆိုရင်တော့ ဒီလောက်ထိစကားတွေပြောနေမှာတော့မဟုတ်၊ ဦးလေးဘမောင်လို လူမျိုးကြတော့ ကူညီသင့်ဆုံးလူ မဟုတ်လား…

"သိပ်ပြီးသိချင်ရင်တော့ ပြောပြရမှာပေါ့ကွာ၊ လွန်ခဲ့တဲ့ (၂)ရက်လောက်က ငါ့အိမ်အပြန် ရုံးကငွေတွေကို ဘဏ်သွင်းဖို့ အချိန်မမီတာနဲ့ ယူလာတာ ငမိုးရိပ်ဘူတာကနေအဖြတ်မှာ ဓားနဲ့ထောက်ပြီး လုယူသွားကြတယ်"

"ဟင်"

"ဘယ်သူတွေလဲ ဦးလေး"

"ဘယ်လိုလုပ်ပြီး သိမှာလဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ငွေဘယ်လောက်ပါသွားလဲ"

"၁ သိန်း"

"ဟိုက်"

ငွေတစ်သိန်းကို ဦးလေးဘမောင်ပြန်ပြီး ရှာဖို့ဆိုတာ မဖြစ်နိုင်ချေ…

"ရုံးကလူကြီးတွေက ငါ့ကိုသနားပြီး (၁၀)ရက်အတွင်း ဒီငွေကိုရအောင် ပြန်ရှာထည့်ပေးနိုင်ရင် အမှုမလုပ်ဘူးတဲ့၊ ဟီး ….အီး…ငါ့သမီးလေးနဲ့ခွဲရတော့မှာပဲကွာ"

ဦးလေးဘမောင်ကို ပန်းအောင်သေချာကြည့်ပြီး စိတ်မကောင်းဖြစ်နေမိသည်။

"ချစ်တီး"

"ဘာလဲ ပန်းအောင်"

"ငမိုးရိပ်ဘူတာမှာ ကြီးစိုးနေတာ ဘယ်သူလဲ"

"ဘယ်လက်ဆိုတဲ့ကောင်၊ ဒီကောင်တွေက ဘူတာရဲ့ လမ်းတဝိုက်ကို အပိုင်စားယူထားကြတာလေ"

"ပန်းအောင် မင်းဝင်မလို့လား"

ချစ်တီးစကားကိုမဖြေသေးဘဲ အရက်ဝိုင်းပြတင်းပေါက်



www.burmeseclassic.com

www.burmeseclassic.com



မှအပြင်ဘက်ကို တစ်ချက်ငေးကြည့်လိုက်ပြီး…

"ဦးဘမောင်"

"ပြောပါ မောင်ပန်းအောင်"

"ဦးလေးဘမောင် ပိုက်ဆံတွေ ပြန်ရဖို့အတွက် ကျွန်တော် ကြိုးစားပေးမယ်"

"ဒါနဲ့ ဦးလေးဘမောင်က ပုလိပ်ကိုမတိုင်ဘူးလား"

"ဂါတ်ထဲမှာ အမှုတော့ဖွင့်ထားတာပဲကွယ်၊ သိပ်ပြီးတော့ အားကိုးလို့မရပါဘူး၊ မင်းတို့ သိတဲ့အတိုင်းလေ ပုလိပ်ဆိုတာ လူဆိုးတွေနဲ့ ပနံသင့်နေကြတာ သူတို့ဖမ်းချင်ရင်ဖမ်းတယ်၊ သူတို့မဖမ်းချင်ရင်မဖမ်းဘူး"

ပန်းအောင်တို့အတွက် ပုလိပ်ဆိုတာ အားကိုးဖွယ်မရှိသော ခေတ်ကလေးတစ်ခုပင်ဆိုရမည်။ အထူးသဖြင့် ပြည်သူအတွက် ကာကွယ်ပေးနိုင်တာ ဥပဒေဆိုတာ မရှိခဲ့ဘူး ငွေရှိသူ အာဏာရှိသူတွေသာ ထင်တိုင်းကြဲနေသည့်စနစ်အောက်မှာ ရောက်နေခဲ့ကြရတဲ့ခေတ်…

"မောင်ပန်းအောင် လူကလေး ဦးလေးကြောင့် မင်းတို့ အန္တရာယ်ဖြစ်စေမယ်ဆိုရင်တော့ မသွားပါနဲ့ကွယ်၊ ဦးလေးထိုက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးပဲရှိပါစေတော့ကွယ်''

''ဦးလေးဘမောင် ဘာမှမစိုးရိမ်ပါနဲ့၊ ကျွန်တော်တို့ အတွက် ဒီအလုပ်က လုပ်ကိုလုပ်ရမယ့် အလုပ်တစ်ခုပါ၊ မင်းတို့ သောက်တဲ့ကိစ္စပြီးသွားရင် သွားကြမယ်''

''ခု သွားမှာလား''

''အချိန်ပေးလို့မကောင်းဘူး၊ ခုတောင်ငွေတွေက ဘယ် လောက်အပြင်ကို ကျွံနေပြီလည်းမသိဘူး၊ ခုကတည်းကပြော ထားမယ်နော်၊ ဆန္ဒမပါရင် နေခဲ့လို့ရတယ်၊ ပွဲက ရင်းရမယ့်ပွဲ''

''ပန်းအောင် ငါတို့သွေးတွေက ခပ်ကြောင်ကြောင်တွေ မဟုတ်တော့ဘူး၊ ရာဇဝင်တစ်ခုကို ရေးထိုးမယ့်သွေးတွေဆိုတာ သဘောပေါက်''

''ကြားရတာ သိပ်ကိုကောင်းတဲ့စကားပဲ၊ ဦးလေး ဘမောင် ညနေကျမှ ပြန်ပြီးဆုံကြမယ်''

''မောင်ပန်းအောင်...ချစ်တီး''

ဦးလေးဘမောင် နောက်မှလှမ်းခေါ်ပေမဲ့ လက်ကလေး ပြပြီး အရက်ဆိုင်ပေါ်မှ ဆင်းခဲ့ကြသည်။ သံသုမာလမ်းမကြီး အတိုင်း မိုးရိပ်ဘူတာရုံဘက်ကိုလျှောက်ခဲ့ကြသည်။ တောင်ဥက္ကလာ

www.burmeseclassic.com



နယ်မြေဆုံးသွားတဲ့ သချိုင်းပင်မှ တစ်ဖက်သဃ်န်းကျွန်းပိုင် စံပြငမိုးရိပ်ဘက်သို့ ခြေလှမ်းတွေရောက်ရှိချိန်တွင်…

"ပန်းအောင် သတိတော့ထား၊ စံပြကကောင်တွေက ငါတို့ကို သိပ်ပြီးအစာကြေတာမဟုတ်ဘူး"

"ကျော်ဦး…ပန်းအောင်ဆိုတဲ့ကောင်က ကမ္ဘာကျော်လူမိုက်လုပ်ချင်နေတာကွ၊ ဘယ်လိုလူဆိုးလူမိုက်ဖြင့်ဖြင့် ဘယ်နေရာဖြစ်ဖြစ် တွေ့ပြီးသားပဲ"

စံပြ(၁)လမ်းထိပ်နားကိုရောက်တော့ အကြော်တဲလေးထဲမှ လူ(၃)ယောက်ထွက်လာပြီး ပန်းအောင်တို့ရှေ့တွင် ပိတ်ပြီးရပ်ကာ…

"နယ်ကျော်ရင် နယ်ကျော်ကြေးဆောင်ရတယ်ဆိုတာသဘောပေါက်"

"ရွှေဝင်း မင်းရှေ့ကနေ ဖယ်လိုက်နော်၊ ငါတို့လမ်းကြောင်းရှိတယ်"

ရွှေဝင်းမှာ စံပြငမိုးရိပ်လမ်းတွေမှာ မိုက်ကြေးခွဲနေသောလူမိုက်တစ်ယောက်၊ ပန်းအောင်နှင့် ကျိုက္ကစံဘုရားပွဲတွင် ပွဲတစ်ပွဲနွှဲဘူးသူလည်းဖြစ်သည်။ ဒီတုန်းကပန်းအောင် သက်သက်



www.burmeseclassic.com

www.burmeseclassic.com



ညှာညှာပဲ ပညာပေးလိုက်သည်။ ပန်းအောင် လက်ရည်ကိုကောင်း ကောင်းသိထားသူလည်းဖြစ်တာကြောင့် ရဲရဲတင်းတင်းရှေ့သို့ မတိုးရဲ၊ သူ့နယ်မြေထဲကိုရောက်နေတာမို့သာ ခုလိုရင်ဆိုင်ရဲတာ ဖြစ်သည်။

"ဒါ ငါတို့လောကရဲ့ရိုးရာပဲလေ"

"ရိုးရာတွေဘာတွေညာတွေ လာပြီးပြောမနေနဲ့၊ ငါ့ အတွက် ခရီးသွားလက်မှတ်မလိုဘူး၊ အခွန်မရှိဘူး၊ နယ်မခွေးဘူး ကွာ၊ မင်းဖယ်မလားမဖယ်ဘူးလား"

"မင်း ဘေးဘက်တွေကိုကြည့်လိုက်"

"ကြည့်စရာမလိုဘူး မင်းတို့နယ်မြေထဲကိုဖြတ်သွား မယ်လို့ ဆုံးဖြတ်ကတည်းက မင်းကောင်တွေ အယောက်(၁၀၀) လောက် ရှိလည်း ဂရုကိုမစိုက်ဘူး၊ ငါ့လက်နဲ့အနည်းဆုံး (၅) ယောက်တော့ ခေါ်သွားနိုင်တယ် ကြာတယ်ကွာ"

သခွပ်ပင်၊ ဘဝမြင့်ဘက်တွေ စီမံကိန်း(၁) စီမံကိန်း(၂) နယ်တစ်ပိုက်မကဘဲ တစ်ခြားသောနယ်မြေတွေမှာ ပန်းအောင် ၏အစွမ်းအစကို ဒွေးဝင်း ကြားထားသူမို့ ရဲရဲတင်းတင်းတော့ ရှေ့ကိုမတိုးဘဲ သူကောင်တွေကိုအချက်ပြပြီး တိုက်ခိုက်ဖို့ပြင်



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့်…

"အရင်ဆုံးမင်းကိုရှင်းရမှာကွ"

"ဖြောင်း…အင့်"

ပန်းအောင်နှင့်ရွှေဝင်း သိပ်ပြီးမဝေးတာကြောင့် ရွှေဝင်းဆီကိုခြေလှမ်းအားပြုပြီး ခုန်ကန်လိုက်သည်။ ချစ်တီး ကျော်ဦးနှင့်ချိုလေးတို့ကဘေးမှ (၂)ကောင်ကိုပါဆက်ပြီး ရှင်းလိုက်သည်။

"ရွှေဝင်း မင်းဓားက မင်းသွေးကို ပြန်ပြီးသောက်မလို့တဲ့"

"မ…မလုပ်ပါနဲ့ ပန်းအောင်"

ရွှေဝင်း ခါးကြားမှ ဓားမြှောင်ကို ပန်းအောင်ထုတ်ယူပြီး ရွှေဝင်း လည်ပင်းကိုတေ့ထားလိုက်သည်။

"မလုပ်လို့မရဘူး၊ မင်းကိုအရင်ဆုံးရှင်းပြီးမှ မင်းကောင်တွေဆက်ပြီးရှင်းရမှာကွ"

"ငါ… ငါတောင်းပန်ပါတယ်၊ ငါ့ကောင်တွေ တစ်ယောက်မဝင်စေရပါဘူး၊ မင်းတို့သွားချင်တဲ့ လမ်းကိုသွားပါ"

"မင်းကောင်တွေကို မင်းပဲပြောလိုက်"

"ဟေ့ကောင်တွေ နောက်ဆုတ်စမ်း"

www.burmeseclassic.com



“ငွေးဝင်း၊ ငါတို့ကိုရှုန်မမူတဲ့သူဆိုရင် ဘယ်တော့မှ ရှုန် မမူတတ်ဘူးဆိုတာ မင်းမှတ်ထား…လူမိုက်တော့ လူမိုက်ပဲ ဒါပေမဲ့ မိုက်ကြေးခွဲစားနေတဲ့ အောက်တန်းစားလူမိုက်တော့ မဟုတ်ဘူး သွားမယ်”

“အေးပါကွာ”

“ရော့ မင်းဓားမြှောင်”

“ချွင်”

ငွေးဝင်းဓားမြှောင်ကို မြေပေါ်သို့ချပေးလိုက်ပြီး ငမိုးရိပ် ဘူတာဘက်သို့ ဆက်ပြီးထွက်လာခဲ့ကြသည်။

×××××××××××



www.burmeseclassic.com

www.burmeseclassic.com

ဘူတာရုံသို့ရောက်ပေမဲ့ ဘယ်လက်နဲ့ပတ်သက်ပြီး စုံစမ်းလို့မရဖြစ်နေသည်။ ဘူတာရုံတွင်ရှိနေကြသော ဈေးသည်တွေမေးပေမဲ့ပြောရဲတဲ့သူမရှိကြ။

"ငါတို့ ဆက်ပြီးမေးလည်း ဘာမှထူးမှာမဟုတ်ဘူး"

"မတွေ့လို့တော့ မဖြစ်ဘူး"

"ဟော်ဘူ..."

ရန်ကုန်ဘက်ခြမ်းမှ တိုးကြောင်ကြီးဘက်ကိုလာနေသော မြို့ပတ်ရထားကိုလှမ်းပြီးတွေ့နေရသည်။

"ဟိုခုံမှာခဏထိုင်ပြီး စဉ်းစားကြတာပေါ့"

www.burmeseclassic.com



"မိုးချုပ်လို့တော့ မကောင်းဘူး ပန်းအောင်"

"ငါ သဘောပေါက်ပါတယ်"

မြို့ထဲဘက်မှလာနေသော ရထားကြီး ငမိုးရိပ်ဘူတာရုံသို့ဆိုက်ကပ်လာသဖြင့် ခရီးသည်တွေ ဆင်းနေကြတာကိုကြည့်နေစဉ်မှာပင်...

"ဟိုမှာ ဇင်မာ"

"အယ်"

ဇင်မာ သူတို့ဘက်သို့ တန်းတန်းမတ်မတ် လျှောက်၍လာနေသည်။

"ပန်းအောင်တို့ ဘာလုပ်နေကြတာလဲ"

"လူမိုက်တစ်ယောက်ကို လာပြီးရှာတာ"

"ဒီနယ်မြေက လူမိုက်ဆိုရင် ဘယ်လက်ပဲရှိတယ် သူ့ကို ရှာတာလား"

"ဟုတ်တယ် ဇင်မာ၊ နင်ဒီကောင်ကိုသိလား"

"ဇင်မာအတွက်ခုလို လူမိုက်တွေဟာ မဖြစ်မနေဆုံခဲ့ကြရတဲ့သူတွေပဲ"

"ဇင်မာ ငါတို့ကို ကူညီပေးပါ သိပ်ကိုအရေးကြီးနေလို့"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းအောင်နဲ့ဇင်မာကြားမှာ အကူအညီတောင်းစရာ မလိုပါဘူး၊ ခုချိန်ဘယ်လက် ဘယ်မှာရှိနိုင်မလဲဆိုတာသိဖို့ အတွက် ငါနဲ့လိုက်ခဲ့ကြ"

ဇင်မာ တိုးကြောင်ကြီးဘက်ကိုသွားတဲ့ ရထားသံလမ်း အတိုင်းလျှောက်လာခဲ့ကြသည်။

"ဇင်မာ နင်မြို့ထဲက ပြန်လာတာလား"

"ဟုတ်တယ် ပန်းအောင် အဖေ့အတွက် ပုစွန်တောင်မှာ ဆေးသွားဝယ်ပြီး ရထားနဲ့ပြန်လာတာ"

"နင် မျက်စိကောင်းသားပဲ၊ ငါတို့ကို မြင်တယ်"

"ရထားဘူတာရုံကိုစပြီးဝင်ကတည်းကတွေ့တာပါ"

စကားပြောရင်း လျှောက်ခဲ့ကြတာ ရန်မျိုးအောင်စေတီ ကြီးနားသို့ရောက်ခဲ့ကြသည်။

"နင်တို့ ဒီမှာစောင့်နေ ငါပြန်လာခဲ့မယ်"

ဇင်မာ သူတို့ကို ရထားလမ်းပေါ်မှာထားခဲ့ပြီး ဘုရား နောက်ဘက်မှ အိမ်စုလေးဆီသို့ ဝင်သွားသည်။ သိပ်တော့မကြာ ပြန်ထွက်လာပြီး…

"ဒီကောင်တွေ တံတားဘက်မှာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငမိုးရိပ် တံတားကြီးကိုပြောတာလား"

"ဟုတ်တယ် ဘယ်လက်ဆိုတဲ့ကောင်က ငါးမျှားတာ ဝါသနာကြီးတယ်၊ ညပိုင်းမှာ ဆက်ကြေးရှာပြီး မနက်ပိုင်းဆို အရက်နဲ့ငါးမျှားတံယူပြီး ငါးမျှားနေတတ်တဲ့ကောင်"

"သူ တစ်ယောက်တည်းလား"

"သူ့ဘေးမှာ သူ့ကောင်(၂)ယောက်(၃)ယောက်တော့ ရှိတယ်"

"သွားကြမယ် ဇင်မာ၊ နင်မလိုက်ပါနဲ့ အန္တရာယ်များတယ်"

"ပန်းအောင်ရယ်၊ ဇင်မာအတွက် အန္တရာယ်ဆိုတာ ကလေး ဆော့စရာတစ်ခုလိုပါပဲ"

"ကဲ…နင်သဘောပဲဇင်မာ"

ရထားသံလမ်းအတိုင်း ဆက်ပြီးလျှောက်လာပြီး ငမိုးရိပ် တံတားကြီးနားကိုရောက်တော့ ဘေးဘက်ကိုဆင်းပြီး တံတား အောက်ဘက်ကိုကြည့်တော့ တံတားကြီး၏ အလယ်အုတ်တိုင် တွင်ငါးမျှားနေသော ဘယ်လက်နှင့် သူ့ဘေးတွင် (၂)ယောက် ကိုတွေ့လိုက်ရသည်။



www.burmeseclassic.com

"တံတားပေါ်ကသွားလို့မရဘူးနဲ့တူတယ်၊ ပုလိပ်တွေ စောင့်နေတတ်တယ်"

တံတားထိပ်ဘက်ကင်းကို လှမ်းပြီးကြည့်တော့ အစောင့်ပုလိပ်တွေတစ်ယောက်မှ မတွေ့သဖြင့်…

"အခြေအနေကောင်းတယ် ကူးကြမယ်၊ တစ်ယောက်ချင်းတော့ကူးမယ်"

တံတားပေါ်မှ ရထားသံလမ်း ဇာလီဖာတုံးတွေကိုနင်းပြီး အလယ်တိုင်ဆီကို သွားခဲ့ကြသည်။ တံတားကြီးကို ထောက်ပေးထားတဲ့ တိုင်ကြီးတွေမှာ အောက်တွင်လူ(၅)ယောက်လောက် အိပ်ပြီးနေလို့ရတဲ့ နေရာရှိသည်။ အပေါ်တွင်သွားနေသော ရထားမှာလည်း အန္တရာယ်မဖြစ်စေတာကြောင့် ဘယ်လက်တို့အတွက် နေရာကောင်းတစ်ခုပင် ဆိုရမည်ဖြစ်သည်။ ဘယ်လက်တို့နားကို ရောက်တော့ (၃)ယောက်လုံး အရက်မူးပြီး အိပ်နေတာကိုတွေ့လိုက်ရသည်။

"ငွေပေါပေါနဲ့ သောက်လိုက်စားလိုက်ဖြစ်နေကြတာလဲ ငါတို့အတွက် အဆင်ပြေတာပေါ့ ဆင်းကြမယ်"

ဘယ်လက်တို့ (၃)ယောက် ပန်းအောင်ကိုဆင်းလာတာ

www.burmeseclassic.com



ကိုမသိကြပေ ပန်းအောင် ဘယ်လက်ဘေးတွင်ရပ်ပြီး...

"ဘယ်လက်"

"ရှိ...ဖြောင်း...အင့်"

ဘယ်လက်ဆိုသည့်ကောင်က ခေသူမဟုတ် သူ့ကိုအသံပြုလိုက်သည်နှင့် သူ့လက်ထဲမှ ဓါးမြှောင်ကဖွေ့ရမ်းပြီးထထိုင်ဖို့လုပ်ပေမဲ့ ပန်းအောင်လျှင်မြန်စွာနှင့် ဘယ်လက်ဓါးမြှောင်ကိုင်ထားသောလက်ကိုချုပ်ကိုင်ပြီး ခပ်ဆတ်ဆတ်လေးရိုက်ချလိုက်သည်။

"မင်း...မင်းတို့က ဘာကောင်တွေလဲကွ အီး...ငါ့လက်ကိုလွှတ်စမ်း"

ဘယ်လက်အသံကြောင့် မူးမူးနှင့်အိပ်နေသော(၂)ကောင်ပါထမည်အပြု ချစ်တီးနှင့်ချိုလေးက အကျီကုတ်တွေကိုဆွဲထားပြီး...

"ခွေးမသားတွေ လှုပ်ရင် လှုပ်သလိုချောင်းထဲကိုရောက်သွားမယ်နော်"

"မင်းတို့ ဘာလုပ်ချင်လို့လဲ"

"မင်းနဲ့ စကားပြောစရာရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာစကားလဲ ကျွတ်…ကျွတ်..လက်ကို လွှတ်ကွာ"

"လွှတ်လို့မဖြစ်သေးဘူး မေးတာကိုအရင်ဖြေကြည့်ဦး နားထောင်လို့မကောင်းရင်တော့ တစ်သက်လုံး ဒုက္ခိတဖြစ်သွားစေရမယ်"

ဘယ်လက်တို့ ဘယ်လိုမှ မမျှော်လင့်ထားသော တိုက်ခိုက်မှုအောက်ကို ရောက်သွားတာကြောင့် အရုပ်ကြိုးပြတ်တွေ ဖြစ်နေကြတော့သည်။

"မေး…မေးကွာ"

"လွန်ခဲ့တဲ့(၂)ရက်လောက်က မင်းတို့ခါးထောက်ပြီးလုသွားတဲ့ငွေတွေ ပြန်ပြီးလိုချင်တယ်"

"ဟာ…ငါတို့မသိဘူး…အီး…ကျွီး…ကျိုးပါပြီ"

"မင်းပြောတဲ့စကားက မချိုသာဘူးဖြစ်နေတယ်"

"ငါ…ငါတစ်ဝက်ပေးပါ့မယ်ကွာ…လက် လက်ကို လွှတ်ပါတော့"

"ငါ မင်းဆီကိုလာတာ မိုက်ကြေးခွဲဖို့လာတာ မဟုတ်ဘူး၊ မင်းတို့ လုယူလိုက်တဲ့လူတစ်ယောက်ရဲ့ ဘဝကိုလာပြီးကယ်တာပဲ ဘယ်လက်၊ မင်းတို့အတွက် ဒီငွေတွေဟာ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲသွားမှာ မဟုတ်ဘူးကွ၊ ဒါပေမယ့် တစ်ဖက်သားဘဝ တစ်ခုလုံးပျက်စီးသွားမယ်၊ လုတာတော့ လုတာပေါ့ကွာ…ငွေရရင်ပြီးရောဆိုပြီး လုတာတွေတော့ ရှောင်သင့်တယ်"

"ငါ့မှာ သိပ်မကျန်တော့ဘူး ဝေစုခွဲပေးလိုက်ရလို့ နည်းနည်းပဲကျန်တော့တယ်"

"ငါ့ကို ဈေးမဆစ်နဲ့ ဘယ်လက်၊ မင်းဆီက တစ်ပြားတောင်ချန်ထားလို့မရဘူး၊ ကျော်ဦး ငါ့ကို ဓါးမြှောင်ပေး"

"မင်း‥မင်း ဘာလုပ်မလို့လဲ"

"မင်းဆီက ငွေတွေပြန်မရမှတော့ မင်းတို့(၃)ယောက်လုံးရဲ့ မျက်လုံးတွေကို ဖောက်ယူပြီး တန်ရာတန်ကြေးလုပ်ရမယ်"

"မ…မလုပ်ပါကွာ ငါ့မှာရှိတာအကုန်ပေးနေတာပါ"

"ခုငွေတွေဘယ်မှာလဲ"

"အိမ်မှာ"

"မင်း အိမ်ကိုငါတို့က လိုက်ယူရမယ့်သဘောပေါ့"

"ခုမပါလာဘူး"

ပန်းအောင်အတွက် စဉ်းစားရကြပ်သွားသည်။

www.burmeseclassic.com



"ပန်းအောင် ခုကိစ္စကို ငါတာဝန်ထားလိုက်၊ နင်တို့ ဒီကောင်ကို ဒီမှာထိန်းထား၊ ငါ သူ့မယားငယ်အိမ်ကိုသွားမယ်"

ဇင်မာ တံတားပေါ်ကနေလှမ်းပြီးအော်ပြောနေခြင်း သည်။

"ဇင်မာ နင်သွားလို့ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် ငါနဲ့ရျော်နီလိုက်ခဲ့"

"အေး"

ရျော်နီ တံတားပေါ်သို့တက်သွားပြီး ဇင်မာနှင့်အတူ ဘယ်လက် မယားငယ်အိမ်ကို ထွက်သွားကြတော့သည်။

"မင်းတို့က ဦးသွားပြီဆိုတော့ လုပ်ထားဦးပေါ့ကွာ"

ဘယ်လက်ဘေးမှကောင်က မကျေမနပ်ဖြင့် ပြောတာ ကြောင့်...

"စကားများတဲ့ကောင်ပဲ..ကဲကွာ"

"ဖြောင်း...အား"

ချစ်တီး လက်ပြန်ရိုက်ချလိုက်ပြီး သံပေါင်နှင့်ဆောင့်ဖို့ လုပ်တာကြောင့် ပန်းအောင်လှမ်းပြီးတားလိုက်ရသည်။

"ချစ်တီး ဆန္ဒမစောနဲ့ဦး၊ ငမိုးရိပ်ချောင်းကို စောင့်တဲ့



www.burmeseclassic.com

www.burmeseclassic.com



နတ်ဘဝကိုမကြာခင်ပြောင်းလဲပေးမှာ ခဏလေးသည်းခံလိုက်စမ်းပါ"

နာရီဝက်နီးပါးကြာတော့ ဇင်မာနှင့်ကျော်ဦးပြန်လာကြသည်။ သူတို့လက်ထဲမှာ ပုဆိုးနှင့်ထုပ်ထားသော ငွေတွေပါလာသည်။

"ဇင်မာ ငွေအပြည့်ရရဲ့လား"

"ငွေကတော့ သိပ်ပြီးမပြည့်တော့ဘူး၊ သူ့မယားဆီက ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ်တွေကိုချွတ်ယူခဲ့တယ်၊ ဒါဆိုရင်တော့ ပြည့်လောက်ပါတယ်"

"ဘယ်လက် မင်းကောင်တွေဆီက ဝေစုငွေတွေကို မင်းကိုယ်တိုင်ပဲ သွားပြီးတောင်းတော့ကွာ"

ပန်းအောင် ချစ်တီးနှင့်ချိုလေးကိုမျက်ရိပ်ပြလိုက်သည်နှင့်..

"သွားတော့ကွာ"

"ဟာ...ဟော့ကောင်...ဝုန်း...ဝုန်း"

ကျောက်တိုင်အပေါ်ကနေ ငမိုးရိပ်ချောင်းထဲကို (၃) ယောက်လုံးကိုကန်ချလိုက်တော့သည်။

"သွားကြမယ်"

www.burmeseclassic.com



"ပန်းအောင် လမ်းမဘက်ကပြန်လို့ မကောင်းတော့ဘူး ရုံးဘက်ကပြန်မယ်"

"ဇင်မာ နင်ရော"

"အတူတူပဲပေါ့ဟာ"

ချောင်းနဘေးရိုးမှ သွားရမှာဖြတ်လမ်းအရ ဆူးတွေနှင့် ခြုံတွေကြားမှ တိုးဝှေ့ပြီးသွားကြရမှုဖြစ်သည်။

"ရှေ့နားမှာ ချောင်းလက်တက်တစ်ခုရှိတယ်နော်၊ အရင်ကတော့ ဝါးလုံးတံတားလေးတစ်ခု လုပ်ထားတယ်၊ မရောက်တာကြာတော့ရှိမရှိတော့ မသိဘူး"

စီမံကိန်း(၁)မှ စီမံကိန်း(၂)သို့ကူးရသော ဝါးတံတားလေးတစ်ခုပင်ဖြစ်သည်။ ချောင်းလက်တက်လေးမှာ သိပ်ပြီးမကျယ်ပေမယ့် ရေတက်နေလျှင် ကျယ်သလိုထင်ရသည်။ ချောင်းလက်တက်လေးနားသို့ ရောက်တော့ ရှေ့ဆုံးမှသွားနေသော ဂျော်နီ လှမ်းပြီးအော်ပြောကာ ဝါးတံတားလေးကို စပြီးဖြတ်ကျော်နေသည်။ ဝါးတံတားဆိုပေမယ့် ခိုင်ခိုင်ခန့်ခန့်ပြုလုပ်ထားတာတော့မဟုတ် ဝါးလုံးတစ်လုံးကိုဘေးမှ ဝါးလုံးထောက်ပြီး လက်ကိုင်ဝါးလုံးလေးနှင့်ကူးရသော တံတားလေးပင်ဖြစ်သည်။

www.burmeseclassic.com



"ဇင်မာ…ကူးရဲ့လား"

"မကူးရဲလည်း ဒီကပဲကူးရမှာပဲဟာ"

တစ်ဖက်ကမ်းကို တစ်ယောက်ချင်း ကူးသွားကြပြီး နောက်ဆုံး ပန်းအောင်နှင့်ဇင်မာတို့ (၂)ဦးသာ ကျန်ရစ်ခဲ့ကြသည်။

"ဇင်မာ ငါ့လက်ကိုဆွဲထား ကူးမယ်"

"အင်း"

ဇင်မာ ပန်းအောင်လက်ကလေးကိုဆုပ်ကိုင်ပြီး တစ်ဖက်ကမ်းကိုကူးခဲ့ကြသည်။ ပိုက်ဆံတွေကို ချစ်တီးက ယူသွားပြီဖြစ်သည်။

"ဂျွတ်…အယ်"

တံတား တစ်ဝက်နားသို့ရောက်တော့ ဝါးလုံးဆီမှအက်သံကိုကြားလိုက်ရသည်။

"ဇင်မာသတိထား"

"အား…"

"ဂျွတ်…ဂျွတ်…ဝုန်း"

"ဟာ…ဟိုက်"

ဇင်မာကိုပန်းအောင် လှမ်းပြီးသတိပေးလို့မဆုံးခင်မှာ ပင်



www.burmeseclassic.com

www.burmeseclassic.com



တံတားကျိုးကျပြီး ချောင်းထဲသို့နစ်ယောက်လုံး ပြုတ်ကျသွားတော့သည်။

"ဇင်မာ"

"ပန်းအောင် အု…အု"

ရေပေါ်တွင် ယက်ကန်ယက်ကန်ဖြစ်နေသော ဇင်မာကို ပန်းအောင်ဆွဲပြီး ကမ်းကမ်းဘက်ဆီသို့ ကူးခဲ့ရသည်။

"ဂူး…"

"ဇင်မာ…ဇင်မာ"

ပန်းအောင် အမေးစကားကို ဇင်မာပြန်ပြီးတော့ မထူးနိုင်ဘဲ ပါးစပ်ထဲမှရေတွေကို အန်ထုတ်ရင်း ပျော့ခွေသွားသည်။

"ဟာ…"

ပန်းအောင် ဘာလုပ်ရမည်ပင် မသိဖြစ်သွားပြီး ကျောင်းတွင် ရှေးဦးသူနာပြု သင်တန်းတက်ရောက်ခဲ့စဉ်က သင်ကြားခဲ့သည့် အတိုင်းဇင်မာနှုတ်ခမ်းဝလေးကို သူနှုတ်ခမ်းနှင့်ဖိကပ်ပြီး လေမှုတ် သွင်းလိုက်ရသည်။

ထိုနေ့သည် နှုတ်ခမ်းအဆိပ်သင့်ခဲ့သော နေ့ကလေးပင်။

××××××××××××



www.burmeseclassic.com

www.burmeseclassic.com

(၁၉၈၈ ခုနှစ်၊ ဩဂုတ်လ)

ကောင်းကင်ကြီးကို မော့ကြည့်သောအခါ တိမ်တိုက်တွေ အားလုံးကြေမွပျက်စီးသွားသလို ခံစားလိုက်ရသည်။ ပန်းအောင်၏နှလုံးသားတို့သည်လည်း တိမ်တိုက်တွေနှင့်အတူ တစ်စစီ ကြေမွပျက်စီးနေလေပြီ . . .

မနက်ဖြန်ဆို မိုးမြင့်မိုရ်တစ်ယောက်ကို သူ့မိဘတွေက ပြည်ဘက်ကိုပို့ကြတော့မှာဖြစ်သည်။ ပို့ရသောအကြောင်းရင်းမှာ သူနှင့်ပတ်သက်ပြီး မိုးမြင့်မိုရ်ဆက်သွယ်နေမှုကြောင့်ပင်ဖြစ်သည်။

တကယ်ဆို သူနှင့်မိုးမြင့်မိုရ်မှာ သူငယ်ချင်းသံယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com



ထက်ပိုသော ခင်တွယ်မှုမျိုးမရှိကြသေးပါ။ မိဘတွေဘက်က တော့သူတို့နှစ်ဦးကို ချစ်သူတွေလို့သတ်မှတ်ခဲ့ကြပြီး ခုလို စီစဉ် ခဲ့ကြခြင်းဖြစ်၏။

"ငါတို့နှစ်ယောက်အတွက် ခွဲခွာခြင်းဟာ အချိန်တန်ခဲ့ ပြီးလို့ပဲဆိုရမှာပေါ့…"

"မြင့်မိုရ်၊ ငါ ကျေနပ်နိုင်အောင်ကြိုးစားပါတော့မယ်၊ နှင်နဲ့ပတ်သက်ပြီး ငါရဲ့သတိရခြင်းတွေဟာ ဘယ်သောခါမှ ပျောက်ကွယ်သွားမှာ မဟုတ်ပါဘူးလေ…ငါတို့ နှစ်ယောက် အတွက်ကံကြမ္မာရဲ့ ဆုံစည်းပေးမယ့် နေ့ရက်တစ်ရက်တော့ ရှိလာ ဦးမှာပေါ့၊ အဲဒီအခါကျရင် နှင့်ရဲ့အပြုံးလေးကို တွေ့မြင်ခွင့်ရပါ ရစေ…"

သခွတ်ပင်တံတားကြီးပေါ်မှ အဝေးကြီးကိုငေးမောရင်း သူ့နှလုံးသားတွေကို အားပေးနှစ်သိပ်နေမိသည်။

"ပန်းအောင်"

"ဂျော်နီ"

တံတားပေါ်တွင် ဂျော်နီဝင်ထိုင်လိုက်ပြီး…

"မင်းအတွက်စိတ်မကောင်းပါဘူးကွာ"

www.burmeseclassic.com



"ဂျော်နီရာဘာမှ မတတ်နိုင်တဲ့ကိစ္စပေါ်မှာ ငါ ရှုးသွပ်စွာမခံစားပါဘူး၊ ရင်ထဲမှာကြေကွဲရုံသက်သက်ပါ"

"မြင့်မိုရ်မိဘတွေက မင်းနဲ့မြင့်မိုရ်ကို ကြိုက်နေကြတယ်လို့ထင်နေကြတာ၊ အဲဒါကြောင့် အဝေးကသူ့ဦးလေးတွေဆီကို ပို့တာ၊ သူတို့စွပ်စွဲတာကို မြင့်မိုရ်မဖြေရှင်းဘူးလား မသိဘူး"

"သူရှင်းပြလဲ လိမ်တာလို့ပဲထင်မှာပေါ့၊ ထားလိုက်ပါတော့ကွာ ဘယ်သူကိုမှ အပြစ်မတင်တော့ပါဘူး၊ ဖြစ်သမျှတွေဟာ ကိုယ့်ဘဝနဲ့ထိုက်တန်တဲ့ဖြစ်တည်မှုတွေပဲကွာ"

"ပန်းအောင်…မင်းကြားပြီးပြီလား"

"ဘာလဲကွ"

"ဒီနေ့ တစ်နိုင်ငံလုံးဆန္ဒပြမှုကြီးလုပ်မယ်လို့ BBC နဲ့ VOA အသံလွှင့်ဌာနတွေ သတင်းထုတ်လွှင့်ထားတယ်"

"ဟုတ်တယ်၊ မနေ့ကငါမြို့ထဲကိုရောက်တော့ ကျောင်းသားတွေ စာဝေတာကိုတောင် ငါယူခဲ့သေးတယ်"

"ဟာ..ပန်းအောင် မင်း မကြောက်မရွံ့ကွာ၊ စာဝေတဲ့သူရောစာယူတဲ့သူပါ ထောက်လှမ်းရေးကဖမ်းနေတာ"

"ဖမ်း ဖမ်းကွာ၊ ငါကတော့ ဒါဟာ တိုင်းပြည်ရဲ့အမှန်

www.burmeseclassic.com



တရားတိုက်ပွဲတစ်ခုလို့ထင်တယ်၊ ဆူးလေဘက်ကိုသွားမလို့"

"ဟာ…ဘာသွားလုပ်မှာလဲ"

"ဆန္ဒပြသူတွေ စတင်ပြီး စုရပ်လုပ်မယ့်နေရာကိုသွားမယ် မင်းလိုက်မှာလား"

"ပန်းအောင် မင်းပြောချင်သလို ပြောတော့ကွာ၊ ငါ မလိုက်ရဲဘူး"

"ဂျော်နီ မင်းတို့ဟာ ဘာမှမဟုတ်တဲ့ကိစ္စတွေပေါ်မှာတော့ လူစွမ်းကောင်းလုပ်နေကြတာ၊ ခုဟာက ငါတို့ ပြည်သူတွေအတွက် အရမ်းကိုအရေးကြီးတဲ့ တော်လှန်ရေးကွ မလိုက်ချင်နေကွာ၊ ငါကတော့သွားမှာ မင်းလမ်းမှာ ဇင်မာကိုတွေ့ရင်ပြောပြောလိုက် ငါဒီနေ့ဈေးလာမကြိုတော့ဘူးလို့"

"အေးပါ…မင်းကခုသွားတော့မှာလား"

"မသွားသေးဘူး၊ ချစ်တီးနဲ့ ချိုလေးကို လက်ဖက်ရည်ဆိုင်မှာ ခဏသွားစောင့်ရမယ်"

"သွားကြမယ်လေ"

ရသဝတီလမ်းထိပ်တွင်ဖွင့်ထားသော မင်းသားကြီးလက်ဖက်ရည်ဆိုင်သို့ လျှောက်လာကြရင်း



www.burmeseclassic.com

www.burmeseclassic.com



"ပန်းအောင် မင်းနဲ့ဇင်မာ အခြေအနေကဘယ်လိုလဲ"

"ဂျော်နီ မင်းစကားတွေထဲမှာ ထင်ယောင်ထင်မှား စကားတွေပါနေတယ်နော်၊ မင်းတို့အမြင်ပဲ ငါနဲ့ဇင်မာက ဘဝကို ရိုးသား စွာဖြတ်သန်းနေတာ"

"ဒါတော့ ငါတို့သိတာပေါ့၊ ခုပြောနေတာ နှလုံးသား လှမ်းကြောင်း.."

"ဇင်မာ ဘဝတစ်ခုလုံးကိုပြောင်းလဲပြီးရပ်တည်ခဲ့တာ ငါ့ကြောင့်ဆိုတာတော့ပြောပါတယ်... သူကိုယ်တိုင်လည်းငါ့ကို ချစ်တယ်လို့ပြောတယ်"

"ဟင်..."

"ဒါပေမဲ့ သူရဲ့ချစ်ခြင်းဟာ ငါ့ကိုပိုင်ဆိုင်ဖို့ မဟုတ်ဘူး၊ ချစ်နေရရင်ကျေနပ်တဲ့ ချစ်ခြင်းမျိုးနဲ့ချစ်တာ"

"သူ့ ချစ်ခြင်းကြီးက ဘယ်လိုလဲကွ"

"သူ့ရဲ့ ညစ်ပေနေတဲ့ ခန္ဓာကိုယ်ကြီးကိုငါ့ဘဝထဲမှာ ပေးမထားချင်ဘူးတဲ့"

"မင်းဘက်ကရောဘယ်လိုခံစားချက်ထားလဲ"

"ငါ့ဘက်ကတော့ ပြောစရာရွေးစရာစကားမရှိပါဘူး၊

www.burmeseclassic.com



လူဆိုတာ ခက်တော့ခက်တယ် ငါ့နှလုံးသားက တကယ်လက်ခံခဲ့တာတစ်ယောက်ပဲရှိတယ် ဂျော်နီ၊ ဘယ်သူဆိုတာတော့ မင်းတို့သိနေတာပဲ"

"မင်းတို့ (၂)ယောက်လုံးက ခံစားချက်ကတော့ တူနေကြတယ်နော်"

"ဟုတ်တယ် ပိုင်ဆိုင်ခြင်းကင်းမဲ့တဲ့ ချစ်ခြင်းမျိုးတွေနဲ့ချစ်ခဲ့ကြတာ"

"ဘယ်လိုပဲဖြစ်ဖြစ် မင်း ဇင်မာပေါ်မှာတော့ တစ်ခုခုဆုံးဖြတ်ပေးလိုက်ပါ"

"ငါဆုံးဖြတ်ပေးတာကို ဇင်မာက ဘယ်တော့မှလက်ခံမှာမဟုတ်ဘူး ဂျော်နီ၊ အရှင်းဆုံးပြောရရင် သူ့ပေါ်မှာ ငါ့ဘက်ကဆန္ဒရှိသလိုဆက်ဆံ ခွင့်တောင်းထားပါတယ်၊ ချစ်သူလိုရော ဇနီးမယားလိုရောပေါ့ကွာ၊ ဒါပေမဲ့ ခင်ပွန်းသည်ဘဝကိုတော့ သူကမပေးဘူး"

"မင်းနဲ့မြင့်မိုရ် ဇာတ်လမ်းရောသိလား"

"ငါ အားလုံးကိုပြောပြထားပါတယ်၊ သူလည်းသဘောတူတယ်"

www.burmeseclassic.com



"ဇင်မာက မြင့်မိုရ်ကိုတွေ့ဘူးလို့လား"

"ငါ မြင့်မိုရ်ကိုပြခဲ့ဖူးတယ်လေ၊ ဒါကလည်း သူက အရမ်းတွေ့ချင်တယ်ဆိုတာနဲ့ ပြခဲ့တာပါ…ဟူး"

ပန်းအောင် နှလုံးသားတွေမွန်းကျပ်နေသောသောကလှိုင်းကလေးတွေကိုမှုတ်ထုတ်ပြီး မြင့်မိုရ်နှင့်ပတ်သက်သော ပုံရိပ်တွေကိုသိမ်းဆည်းထားလိုက်သည်။ မင်းသားကြီးလက်ဖက်ရည်ဆိုင်ကိုရောက်တော့ ချစ်တီးနှင့်ချိုလေးတို့က ရောက်နေကြပြီဖြစ်သည်။

"ပန်းအောင် မင်းတို့မြို့ထဲမှာ ဈေးရောင်းတာ ပွင့်ကောင်းနေကြတယ်ဆို"

"ငါ့ကြောင့်မဟုတ်ပါဘူး ချစ်တီးရာ၊ ဇင်မာကနှုတ်ချိုတော့ အရောင်းအဝယ်ကောင်းတာ၊ ငါကမော်တင်က ကုန်စိမ်းတွေယူပေးရုံလောက်ပါပဲ"

"ကျန်တဲ့အချိန်တွေ မင်းက သူ့ဘေးမှာမနေဘူးလား"

"သူက မနေခိုင်းဘူး၊ လက်ဖက်ရည်ဆိုင်မှာသွားပြီးထိုင်ခိုင်းတာကွ၊ ထမင်းစားချိန်ကျမှ အတူတူလာပြီးစားတာ ငါကပျင်းရင်မြို့ထဲမှာ ရပ်ရှင်သွားကြည့်လိုက်၊ ဆူးလေဘုရားပေါ်

www.burmeseclassic.com



တက်လိုက်နဲ့ အချိန်ကုန်နေတာ ဈေးသိမ်းတော့မှ အတူတူပြန်ကြတာ"

"မင်းဘာလို့ ဇင်မာအိမ်လိုက်ပြီးမအိပ်တာလည်း"

"ချိုလေး ငါကအခွင့်ရေးသမားမဟုတ်ဘူး၊ ဇင်မာနဲ့ ငါ့ကြားမှာရှိတဲ့ ဆက်ဆံရေးကအဖြူရောင်သက်သက်"

"မင်းတို့ကသာ အဖြူရောင်လို့ပြောနေတာ၊ ပတ်ဝန်းကျင်ကအပြာရောင်လို့ ထင်နေကြတာ"

"ပတ်ဝန်းကျင်ဆိုတာ ဒီလိုစကားလုံးတွေ ပြောဖို့အတွက် ပတ်ဝန်းကျင်ဖြစ်ခဲ့ရတာပဲ၊ သိပ်ပြီးမထူးဆန်းပါဘူး၊ ဒါတွေထား မင်းတို့ ဒီနေ့တစ်နိုင်ငံလုံး ဆန္ဒပြပွဲကိုလိုက်မှာလား"

"ဟာ.."

"အဲ..."

ပန်းအောင်အမေးစကားကို ချစ်တီးနှင့် ချိုလေးတို့ဘက်မှဘာစကားမှထွက်မလာကြပေ...

"ငါသဘောပေါက်ပြီ၊ မင်းတို့ကောင်တွေက အမျိုးသားရေးစိတ်ဓာတ်မဲ့တဲ့ကောင်တွေပဲ၊ ထားလိုက်ပါလေ၊ တူညီတာကို ပေါင်းသင်းပြီးမတူညီတာကို မပေါင်းသင်းရုံပဲပေါ့၊ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



က သူငယ်ချင်းပါပဲ”

“ဟိုမှာ ဖင်မာလာနေပြီ”

သူတို့ထိုင်နေသော စားပွဲဝိုင်းဆီကို ဖင်မာဝင်လာပြီး ပန်းအောင်ဘေးတွင် ဝင်ထိုင်လိုက်ပြီး…

“ဖင်မာ ဒီနေ့ဈေးမထွက်ဘူးလား”

“ဟင့်အင်း ဒီနေ့မြို့ထဲမှာ ဆန္ဒပြပွဲတွေလုပ်မယ်လို့ သတင်းတွေထွက်နေတယ် ပန်းအောင်၊ ငါတို့လည်း ဆန္ဒပြတဲ့ သူတွေနဲ့အတူ ဆန္ဒပြကြရအောင်ဟာ”

“ဟင်…”

ပန်းအောင်၊ ဖင်မာကိုဆန္ဒပြဖို့ တစ်ခါမှတိုင်ပင်ထားခြင်း မရှိဘဲနှင့် ဆန္ဒချင်းသွားတူနေသည်။

“ငါက နင့်ကိုဒီနေ့ ဆန္ဒပြဖို့သွားမယ်၊ ဈေးမလိုက်တော့ ဘူးလို့ ပြောမလို့ ဖင်မာ”

“စိတ်ချင်းတော့ထပ်သွားပြီ၊ ရှင်တို့ပါလိုက်မှာလား”

“အလကားကောင်တွေ၊ လူတစ်ယောက်ဘဝအတွက် လူလာဖြစ်နေကြတာ၊ တိုင်းပြည်အတွက်နစ်နာတယ်”

“ပန်းအောင်ရေ ကြိုက်သလိုသာပြောတော့ဟေ့၊ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းဆက်ပြီး လူချင်းခုထိမဆက်သေးတဲ့ မင်းတို့(၂)ယောက် ပဲအမျိုးသားရေးကိုသွားပြီးလုပ်တော့၊ ငါတို့ကတော့ ဒီနေ့ ကောင်း ကောင်းကြီးအနားယူမယ်၊ ချိုလေး ညကပွဲအောင်ထားတယ် လေ”

“ဒါဆို ငါတို့ လက်ဖက်ဖိုးရှင်းစရာမလိုဘူးပေါ့”

“မလိုပါဘူးဗျာ၊ အမျိုးသားစိတ်ဓာတ်ရှိတဲ့ နှစ်ယောက် ကို ဂုဏ်ပြုလက်ဖက်ရည်လို့ သဘောထားလိုက်ပါ”

“ဇင်မာ ငါတို့သောက်ပြီးရင် သွားကြမယ်”

“အင်း…တော်ကြာနောက်ကျပြီး ဆန္ဒမပြလိုက်ရဘဲ ဖြစ်နေမယ်”

ဇင်မာလက်ဖက်ရည်ကို ခပ်သွက်သွက်လေးမော့သောက် ပြီး(၃)ကားဂိတ်ဘက်ကို ထွက်လာတော့…

“ဟယ်…ကားတွေမထွက်ဘူး”

ပန်းအောင်ကားဂိတ်မှူးကိုသွားပြီးမေးကြည့်တော့

“တာမွေဘက်မှာရော တခြားနေရာတွေမှာရော ဆန္ဒပြ တဲ့သူတွေ အုပ်စုလိုက် အုပ်စုလိုက်သွားနေကြတယ်၊ စစ်ကားတွေ ရော ရဲတွေရောရှုပ်နေလို့ ကားတွေမထွက်ရဲဘူးဖြစ်နေကြတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…"

နှစ်ဦးသား ဘာကားမှမရတာကြောင့် တစ်ယောက်လက်ကိုတစ်ယောက်ဆွဲပြီး ကားလမ်းအတိုင်းလျှောက်ခဲ့ရင်း လမ်းတွင်သူတို့လိုလူတွေထပ်ပြီး တွေ့လိုက်ရသည်။ တစ်ချို့လက်တွင် ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံတွေ မ·ဆ·လအလံကြီးကို ဓောက်ထိုးဆွဲပြီးကိုင်ထားတာတွေကို တွေ့ရတာကြောင့် ရှေ့ကသွားနေတဲ့ သပိတ်မှောက်အဖွဲ့ကိုမှီအောင် တစ်ခုခုလုပ်ရတော့မည်ဖြစ်သည်။

"ပန်းအောင် ဘယ်လိုလုပ်မလဲ"

ပန်းအောင်တစ်ချက် စဉ်းစားလိုက်ပြီး ရှေ့နားကိုကြည့်လိုက်တော့ ဟိုင်းလပ်အပြာတစ်စီးရပ်ထားတာကိုတွေ့လိုက်သည်။

"ဇင်မာ ဟိုကားကိုအကူအညီတောင်းမယ်"

"ပေးပါ့မလား ပန်းအောင်"

"ပြောကြည့်တာပေါ့ဟာ၊ အားလုံးဒီမှာခဏဆင်းကြပါ"

"ညီလေးကဘာလုပ်မလို့လဲ"

"ဟို…ဟိုင်းလတ်ကားကို အကူအညီသွားပြီးတောင်းမလို့"



www.burmeseclassic.com

www.burmeseclassic.com



"အေး…အေး"

ဇင်မာနှင့်ပန်းအောင်ကားနားကိုသွားပြီး ကားမောင်း သူကိုရှာတော့ အိမ်ထဲတွင် လူတစ်ယောက်ရပ်နေတာကို တွေ့ လိုက်ရသည်။

"နောင်ကြီး"

"ဘာလဲ ငါ့ညီ"

"ကျွန်တော်တို့က ဆန္ဒပြမယ့်သူတွေပါ၊ ရှေ့ကသွား တဲ့သူတွေကိုမှီအောင်လိုက်ဖို့ အကူ့ဆီကအကူအညီတစ်ခုပေးပါ"

"ငါက ဘာအကူအညီပေးရမှာလဲ"

"ရပ်ထားတာ အစ်ကို့ကားလား"

"ဟင့်အင်း ငါ့အဖေကားကွ ဘာလုပ်မလို့လဲ"

"ဒီကားနဲ့ လိုက်ပို့ခိုင်းမလို့ပါ"

ပန်းအောင်စကားကို ထိုလူတစ်ချက်စဉ်းစားပြီး

"ခဏနေဦး၊ ငါအိမ်ထဲဝင်ပြီး သော့ရှာလိုက်မယ် မင်းတို့ ရှေ့ကနေစောင့်နေကြ၊ ငါသော့ရတာနဲ့မောင်းပြီးထွက် လာမယ်"

"ကျေးဇူးတင်ပါတယ် အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ကွာ၊ ခုဟာတစ်နိုင်ငံလုံးနဲ့ သက်ဆိုင်တဲ့ အရေးပဲ"

ထိုလူကြီးအိမ်ထဲကိုဝင်သွားသည်နှင့် ပန်းအောင်တို့ ရှေ့နားကစောင့်နေလိုက်ကြသည်။ သိပ်မကြာ ထိုလူပြန်ထွက်လာပြီးကားကိုမောင်းလာခဲ့တော့သည်။

"တက်ကြဟေ့ ခပ်မြန်မြန်လေး"

"ဟုတ်ကဲ့"

ကားပေါ်အားလုံးတက်ပြီးသည်နှင့် မောင်းထွက်ခဲ့တော့သည်။ ၁၉၈၈ ခုနှစ်၊ (၈)လေးလုံးအရေးတော်ပုံကြီးထဲကို ပန်းအောင်နှင့်ဇင်မာစတင်ပြီး ဝင်ရောက်ခဲ့သော နေ့တစ်နေ့ပင် ဖြစ်သည်။

××××××××××××



www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်သိမ်းခန်း

ဆန္ဒပြသူတွေနှင့်အတူ ပန်းအောင်တို့လိုက်ပါဆန္ဒပြနေခဲ့တာ(၁၅)ရက်ပင်ဖြစ်ခဲ့ပြီးဖြစ်သည်။ အိမ်ကိုတစ်ရက်မှပြန်မရောက်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး သပိတ်စခန်းတွင် နေထိုင်ခဲ့ကြသည်။ ပြည်သူတွေကပေးတဲ့ အစားအစာတွေကိုစားသောက်ပြီး တော်လှန်ရေးကြီးပေါ်မှာ နှစ်ယောက်လုံးနောက်မဆုတ်တမ်းတိုက်ပွဲဝင်နေကြသည်။

တစ်ဖက် မ·ဆ·လအစိုးရဘက်မှ တစ်ပါတီစနစ်ကြီးကိုဖျက်သိမ်းပြီး ပါတီစုံစနစ်ကိုကူးပြောင်းဖို့လုပ်နေချိန်မှာ ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးစောမောင်မှ တိုင်းပြည်အာဏာကို ထိန်း



www.burmeseclassic.com

www.burmeseclassic.com



သိမ်းလိုက်ပြီးမှ အခြေအနေတွေကတင်းမာလာတော့သည်။

လမ်းမပေါ်တွင် ပစ်ခတ်သူတွေ ဘားဆီးမှုတွေနှင့် သပိတ်စခန်းတွေကို တပ်မတော်မှသိမ်းလိုက်ပြီဖြစ်သည်။

ပန်းအောင်တို့သပိတ်စခန်းကို မနက်ပိုင်းတွင်ဝင်ပြီးသိမ်းတာကြောင့် နောက်ကိုဆုတ်ပေးရတော့မယ့် အခြေအနေကို ရောက်နေသည်။

"ပန်းအောင် စစ်တပ်ကစပြီးပစ်နေပြီ၊ ဆေးရုံမှာသေတဲ့သူတွေရော ဒဏ်ရာရတဲ့သူတွေရော မနည်းတော့ဘူး"

ရန်ကုန်ဆေးရုံကြီးအနီး သရက်တောကျောင်းတိုက်ထဲတွင်ပန်းအောင်တို့ ရှိနေချိန်ဖြစ်သည်။

"ဒါ့ထက်ပိုဆိုးတာကတော့ ဘယ်လိုမှထိန်းသိမ်းလို့မရဖြစ်နေကြပြီး အချင်းချင်းသတ်ဖြတ်မှု တွေတောင်ဖြစ်နေပြီ... အစိုးရဂိုဒေါင်တွေဖောက်ပြီး လုယက် နေကြတာ မကောင်းဘူး"

"လူတွေငတ်လာတော့ လုပ်မိလုပ်ရာလုပ်နေကြတာပေါ့ အရေးကြီးတာ ငါတို့ဘာဆက်ပြီးလုပ်မလဲ၊ သရက်တောကျောင်းဝန်းထဲကိုစစ်တပ်ကဝင်ပြီး စီးတော့မယ်"

"ဖင်မာ ငါကတော့ သပိတ်စခန်းကနေဆုတ်ပြီး ငါတို့



www.burmeseclassic.com

www.burmeseclassic.com



နေရာကိုပြန်ရှောင်နေရင်မကောင်းဘူးလား"

"နှင့်သဘောပဲ ပန်းအောင်၊ နှင်ရောဂါရောအအိပ်ပျက် အစားပျက်ဖြစ်နေတော့ အနားပြန်ပြီးယူသလိုပေါ့ဟာ"

"ဒါဆိုသွားကြမယ်"

"ညီလေး ပန်းအောင်"

"ဩော်...ကိုသြဘာ လာလေဗျာ"

သူတို့(၂)ယောက်ဆီသို့ သပိတ်ခေါင်းဆောင်ကိုသြဘာ ရောက်လာပြီး ဘေးတွင်ဝင်ပြီးထိုင်သည်။

"ဘာကိစ္စပြောချင်လို့လဲ"

"ငါတို့သပိတ်လှန်တော့မယ်"

"ဟင်"

"ငါတို့လူတွေကို အကြောင်းမဲ့အသေမခံနိုင်ဘူး၊ ကိုယ့်နေရာကိုယ်ပြန်ပြီး နောက်ပိုင်းလုပ်စရာရှိတာတွေကို လုပ်ရမယ်"

"တစ်နိုင်ငံလုံး သပိတ်စခန်းတွေလှန်မှာလား"

"ဆက်ပြီးရပ်နေမယ့်သူတွေလည်း ရှိဦးမှာပါ၊ စစ်တပ်ဘက်ကစစ်ဆင်ရေးတစ်ရပ်ကို လုပ်နေပြီလေ"

"ဘယ်အချိန်ဒီကနေ ထွက်ရမှာလည်း ကိုသြဘာ"



www.burmeseclassic.com

www.burmeseclassic.com



"အပြင်ဘက်မှာ စစ်တပ်ကပိတ်ဆို့ထားလိုက်ပြီဆိုတော့ အုပ်စုလိုက်ထွက်လို့တော့ မရတော့ဘူး၊ နှစ်ယောက်တစ်တွဲ ထွက်နိုင်အောင် ကြိုးစားရမယ်"

"ကျွန်တော် စောင့်နေမယ်ကိုသြဘာ"

"ဒါဆို သွားကြတော့"

ပန်းအောင်နှင့်သြဘာတစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ပြီး နှုတ်ဆက်လိုက်ကြတော့သည်။

"ဖင်မာ သွားကြမယ်"

"အင်း"

ကျောင်းဝင်းကြီးထဲမှ အပြင်ကိုထွက်မည်အပြု

"စစ်တပ်တွေဝင်လာပြီ"

"ဟင်…ဟယ်"

"ဒကာလေး ဒီဘက်ကိုလာခဲ့ကြ"

ဦးပဥ္စင်းတစ်ပါး လှမ်းပြီးခေါ်တဲ့ဘက်ကို အပြေးကလေးသွားလိုက်ကြပြီး…

"ဒီကျောင်းနောက်မှာ အပြင်ကိုထွက်တဲ့ လမ်းကြားရှိတယ်၊ ဖြည်းဖြည်းသွားကြတော့"

www.burmeseclassic.com



"တင်ပါ့ဘုရား"

ဖင်မာ ပန်းအောင်လက်မောင်းကိုဆုပ်ကိုင်ပြီး ဦးပဥ္စင်းညွှန်ပြလိုက်သောလမ်းကြားအတိုင်း ခပ်သုတ်သုတ်လေးလျှောက်လာကြရင်း...

"ဒိုင်း...ဒိုင်း"

"ဟာ..."

အပြင်လမ်းမပေါ်တွင် သေနတ်သံတွေကို ကြားနေရတော့သည်။

"ကျွီ"

ပိတ်ထားသော သံတံခါးကိုတွန်းဖွင့်ပြီးကြည့်လိုက်တော့ ဆန္ဒပြသူတွေကို လူစုခွဲဖို့ သေနတ်ဖောက် သတိပေးနေသော စစ်တပ်ကိုတွေ့လိုက်ရသည်။

"အခြေအနေတွေက ကြမ်းနေပြီ ဖင်မာ"

"ဟုတ်တယ်..ဟယ်...မျက်ရည်ယိုဗုံးတွေ သုံးကုန်ပြီ"

"ဝုန်း...."

"ပြေး..ပြေး...ပြေး..."

ဆန္ဒပြ အုပ်စုကြီးလည်း တစ်ဖက်မှ ဖြိုခွဲမှုကြောင့်

www.burmeseclassic.com



ရုတ်ရုတ်သဲသဲဖြစ်သွားပြီး ပြေးသူကပြေး၊ မိသူကမိဖြင့် ကဏ္ဍရာ လမ်းမ ပေါ်တွင်ရှုပ်ထွေးနေသည်။

"ဇင်မာ.. ငါတို့ ရထားလမ်းဘက်ကိုထွက်မယ်"

ပန်းအောင်...ဇင်မာလက်ကိုဆွဲပြီး ရထားကုန်းတံတား ဘက်သို့ပြေးခဲ့ရတော့သည်။ သူတို့နောက်တွင် အော်ဟစ်သံတွေ သေနတ်သံတွေကြားနေရသည်။ (၈)လေးလုံးအရေးတော်ပုံကြီး၏ တိုက်ပွဲကြီးက အပြင်းထန်ဆုံး ထိပ်တိုက်တွေ့မှုလမ်းကြောင်းပေါ် သို့ ရောက်နေခဲ့ပြီဖြစ်သည်။

ရထားလမ်းအတိုင်းပြန်လာခဲ့ပြီး သူတို့ရပ်ကွက်ကိုရောက် တော့ မှောင်စပျိုးနေပြီဖြစ်သည်။ ဇင်မာကိုအိမ်သို့ပို့ပြီး ပန်းအောင် သူ့ရပ်ကွက်ကိုပြန်တော့ လမ်းထိပ်တွင် ဂျော်နီကိုတွေ့လိုက် သဖြင့်...

"ပန်းအောင်"

"ဂျော်နီ"

"ဟာကွာ ငါကမင်းတို့ သေသွားပြီလို့တောင် ထင်နေ တာ ဇင်မာရော"

"သူ့အိမ်ကိုပို့ထားခဲ့ပြီ ဒါနဲ့ ဟို(၂)ကောင်ရော"



www.burmeseclassic.com

www.burmeseclassic.com



ပန်းအောင်အမေးစကားကို ဂျော်နီချက်ချင်းမဖြေဘဲ မျက်နှာ ညှိုးသွားတာကြောင့်…

"ဂျော်နီ ဟိုကောင်တွေဘာဖြစ်လို့လဲ"

"ပြောရမှာ စိတ်မကောင်းစရာဘဲပန်းအောင်၊ ချစ်တီး ချိုလေးနဲ့ငါက သမဆိုင်ဂိုဒေါင်ဖောက်တဲ့နေရာကို သွားပြီးပစ္စည်း တွေသယ်ကြတာ စစ်တပ်နဲ့တိုးပြီး ချိုလေးရော ချစ်တီးပါ သေနတ်မှန်ပြီး သေသွားကြပြီ…

"ဘာ"

"အလောင်းတောင်မရလိုက်ပါဘူးကွာ"

"ဂျော်နီရာ မင်းတို့…မင်းတို့"

ပန်းအောင် ဘာစကားမှမပြောတော့ဘဲ ခေါင်းငိုက်စိုက် ကျသွားတော့သည်။

သူ့အနေဖြင့် သူငယ်ချင်းတွေကို အပြစ် မပြောလိုပေ။

ခေတ်အခြေအနေက ပေးလာသောပေါ်မှာ လောဘနှင့် ဆက်နွယ်ခဲ့ပြီးဖြစ်ပေါ်ခဲ့ရသော ရလာဒ်တစ်ခုဆိုပေမဲ့ ခံရခက်ဆုံး ကတော့ လက်နက်မဲ့ပြည်သူတွေပေါ်မှာ ပစ်ခတ်ခဲ့သော သေနတ် ကျည်ဆံတွေပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဪ မင်းကိုပြောရဦးမယ် ဟိုတစ်လောက မိုးမြင့်မိုရ် ဆီကစာလာတယ်"

"ဟင်"

"ဘာတွေရေးထားတယ်ဆိုတာတော့ ငါမသိဘူး မင်းကို ပေးဖို့ပဲရေးထားတယ် ရော့"

ဂျော်နီလက်ထဲက စာအိတ်ကလေးကိုလှမ်းယူပြီး အိတ်ကပ်ထဲကိုထည့်လိုက်သည်။

"မင်းမဖတ်တော့ဘူးလား ပန်းအောင်"

"မဖတ်ချင်တော့ပါဘူးကွာ ဖတ်လည်း ငါ့အတွက်ဘာမှ ထူးလာမှာ မဟုတ်ဘူး...ဪ ဂျော်နီ မင်းကိုငါ့ရဲ့ ဆုံးဖြတ်ချက် တစ်ခုကိုပြောမယ်"

"ဘာများလဲပန်းအောင်"

"ငါ ဖင်မာကိုလက်ထပ်ယူတော့မယ်"

"ဟာ မင်းတကယ်ပြောတာလား"

ပန်းအောင် ခေါင်းလေးပဲညိတ်ပြလိုက်မိသည်။ သူ့ဘဝ နှင့် လိုက်ဖက်ဆုံးသူမှာ ဖင်မာပင်မဟုတ်လား...

× × × × × × × × × × × ×

www.burmeseclassic.com

"ပန်းအောင် ပန်းအောင်"

"ဟင်"

ပန်းအောင်အိပ်နေသောအရက်ဆိုင်ကို ဂျော်နီအပြင်ကနေ လှမ်းပြီးခေါ်သံကြောင့် အိပ်နေရာမှထလိုက်ရသည်။ အိပ်ရေးပျက်ရက်တွေများခဲ့တာကြောင့် ခေါင်းချတာနှင့်အိပ်ပျော် သွားပြီး အပြင်လောကကြီးနှင့်အဆက်အသွယ်ပြတ်သွားသလို ဖြစ်သွားခဲ့ရသည်။

"ဂျော်နီ ဘာဖြစ်လို့လဲကွ"

"အပြင်မှာ ဘာတွေဖြစ်နေတယ်ဆိုတာမင်းမသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး"

"ဒါဆို မြန်မြန်ထွက်ခဲ့ အသံတွေကြားတယ်မဟုတ်လား"

"ဟာ"

ရဲဘ်နီပြောမှ ပန်းအောင်အသံတွေကိုနားစွင့်လိုက်တော့ အော်ဟစ်သံတွေကိုကြားနေရသည်။

"ဒါဘာဖြစ်တာလဲ"

"ကျောင်းသားခေါင်းဆောင်တွေကို စီမံကိန်းထဲကဖမ်းထားလို့အပြင်က လူထုနဲ့ကျောင်းသား၊ သံဃာတွေ ပြန်လွှတ်ဖို့တောင်း ဆိုနေကြတာကွ"

"ဟာကွာ လာလာသွားကြရအောင်"

စီမံကိန်းအဝင်လမ်းမကြီးတွင် ရဟန်းသံဃာတွေ ကျောင်းသားတွေနှင့် လူထုကြီးကအရမ်းကိုများပြားနေသည်။ ပြီးတော့ လက်ထဲမှာလည်း လက်နက်ကိုယ်စီနှင့် ကျောင်းသားတွေကို ပြန်ပြီး လွှတ်ပေးရန် တောင်းဆိုနေကြသည်။ တစ်ဖက်မှ တောင်းဆိုမှုတွေကိုဘာမှတုံ့ပြန်ခြင်းမရှိဘဲ ပြန်လည်တိုက်ခိုက်ဖို့တောင် ပြင်ဆင်နေတာကိုတွေ့နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပြီးသည်းမခံနိုင်တော့ဘူး၊ ကျုပ်တို့ဝင်ပြီးတိုက်မှ ဖြစ် မယ်"

"နောက်ဆုံးအချိန်သတ်မှတ်ပေးလိုက်ပါ"

"ကောင်းတယ် နောက်ဆုံးသတ်မှတ်ပေးလို့မှ ပြန်ပြီး မလွှတ်ပေးဘူးဆိုရင် ဝိတ်ဆို့ပြီးရပ်ကွက်ထဲကိုဝင်ပြီး တိုက်မယ်"

"သဘောတူတယ်၊ သဘောတူတယ်"

အော်ဟစ်သံတွေ ဆူညံပွက်လောရိုက်ချိန်တွင် ပန်းအောင် ဖင်မာအတွက် ပူပန်သွားသည်။ ခုနေ သူရပ်ကွက်ထဲကိုဝင်ဖို့ မလွယ်ပေ… သူ့အနေဖြင့် နောက်ဆုံးဆုတောင်းရုံတစ်ခုပဲရှိတော့၏။ ဖမ်းဆီးထားသော ကျောင်းသား သံဃာတွေကို ပြန်ပြီး လွှတ်ပေးမှသာ အခြေအနေမှာ အဆိုးဝါးဆုံးမဖြစ်မှာ တစ်ဖက် လူထုကြီးမှ နောက်ဆုံး (ည ၁း၀၀)နာရီ သတ်မှတ်ပေးလိုက်ပြီး ဖြစ်သည်။ ထို့အပြင် နောက်ထပ်ရပ်ကွက်တွေ မြို့နယ်တွေမှ ထိုသတင်းကိုကြားပြီး ရောက်လာသူတွေက မနည်းလှပေ။

"ပန်းအောင် မင်းဒီအတိုင်းနေတော့မှာလား ဖင်မာတို့ကို ခေါ်မထုတ်တော့ဘူးလား"

"ဂျော်နီ ခုကိစ္စကဘယ်လိုမှ မလွယ်တော့ဘူး ငါဝင်



www.burmeseclassic.com

www.burmeseclassic.com



သွားတာနဲ့ သစ္စာဖောက်ဆိုပြီး ရန်ပြုကြမှာကွ"

"မင်းပြောတာလည်း ဟုတ်ပါတယ် ခက်တာပဲကွာ၊ ရပ်ကွက်ထဲကကောင်တွေ ဘာသဘောနဲ့လုပ်ကြတာလဲ မသိဘူး"

"နောက်ကွယ်ကနေ တစ်ဖက်ကြိုးကိုင်ပြီး ခိုင်းတာနေမှာပေါ့၊ ရော့်နို ဘယ်နှစ်နာရီထိုးပြီလဲ"

"၁း၀၀နာရီထိုးဖို့ (၅)မိနစ်ပဲလိုတော့တယ်"

လော်စပီကာနှင့် နောက်ဆုံးချိန်ရောက်ခါနီးပြီဖို့ သတိပေးမှုတွေလုပ်နေသလို ဓာတ်ဆီပုံးတွေ မီးတုတ်တွေ လက်နက်တွေနှင့်ဝင်ပြီး တိုက်ခိုက်ဖို့ပါ ပြင်ဆင်နေကြသည်။ ပန်းအောင်စိတ်တွေအရမ်းကို မွန်းကြပ်နေတော့သည်။

"ရှီး...ဖြောင်း"

"ဝင်တိုက်ကြတော့"

"ဟင်...ဟာ..."

အချက်ပေးသံနှင့်အတူ လူအုပ်ကြီးမှ စီမံကိန်းအကွက်ထဲသို့ တရှိန်ထိုးပြေးဝင်သွားကြတော့သည်။

"ဖြောင်း...ဗိုး"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှလည်းပြန်ပြီး ခုခံပေမဲ့အင်အားချင်းမှာ လုံးဝကွာနေတာကြောင့် ပြေးလွှားကုန်သည်။

"မီးရှို့ဟေ့"

"ဝုန်း"

ဓာတ်ဆီလောင်းသူကလောင်း မီးရှို့သူကရှို့နှင့် အိမ်တွေမီးလောင်ပြီး လောင်ကျွမ်းနေသလို ပြေးလွှားသူတွေနှင့် တကယ့်ကိုကမ္ဘာပျက်နေသလားထင်ရသည်။

ပန်းအောင်မှာဂျော်နီနှင့် အတူတူဝင်ခဲ့ပေမဲ့ လူရှုပ်တွေးမှုတွေ ကြားမှာ လူစုကွဲသွားတော့သည်။ ပန်းအောင်သူ့အမိကထားပြီး သွားနေသောနေရာမှာ ဇင်မာအိမ်ပင်ဖြစ်သည်။ မီးတွေမှာလောင်ကျွမ်းနေသလို လမ်းပေါ်တွင်သေဆုံးနေသူတွေပါ တွေ့နေရသည်။

"ဇင်မာ ဇင်မာ"

"ပန်းအောင် မလာနဲ့"

"ဟင်..."

"သိပ်ပြီးကောင်းတဲ့ပွဲပဲကွ၊ ငါ့သူငယ်ချင်း မောင်မောင်နိုးကို ဘဝပျက်အောင်လုပ်ထားတဲ့ မင်းတို့(၂)ယောက်လုံးကို အပြတ်



www.burmeseclassic.com

www.burmeseclassic.com



ရှင်းဖို့စောင့်နေတာ၊ ခုတော့ကွက်တိပဲ"

"ကျွဲပေါက်"

ဇင်မာကိုနောက်မှ ဓားမြှောင်နှင့်ထောက်ပြီး ထွက်လာသောကျွဲပေါက်နှင့် ထိပ်တိုက်တွေ့လိုက်ရခြင်းဖြစ်သည်။

"ကျွဲပေါက်…မောင်မောင်စိုးကို ရှင်းတာငါ၊ ဇင်မာ မဟုတ်ဘူး၊ မင်းရှင်းချင်ရင် ငါနဲ့ရှင်းမယ်"

"တစ်ယောက်တည်းရှင်းရတာ အရသာမရှိဘူး၊ နှစ်ယောက်လုံးကို တစ်ပြိုင်တည်းရှင်းချင်တာကွ"

"ပန်းအောင်…ငါ့စကားကို နားထောင်ပါ၊ နင်ပြန်တော့"

"မပြန်ဘူး ဇင်မာ၊ တစ်ခုခုဖြစ်ရင် ကျွဲပေါက် မင်းနဲ့ငါ အသက်ချင်းထပ်သွားမယ်…"

"သိပ်ကြိုက်တဲ့ စကားပဲဟေ့"

ပန်းအောင် ဘာလုပ်ရမယ်ဆိုတာကို စဉ်းစားပြီး ကျွဲပေါက်နားကို ကပ်သွားချိန်တွင်

"ကဲကွာ…အား…"

"ဟင်…"

www.burmeseclassic.com



"ဟာ…"

ကျွဲပေါက် ဓားမြှောင်မှာ ဇင်မာဆီသို့ ထိုးမစိုက်ခင် ကျွဲပေါက်ရှေ့ကိုစိုက်ပြီး ကျသွားသည်။ ကျောတွင် ဓားရှည်တစ်ချောင်းစိုက်ဝင်လျက်…

"ကျော်ဦး…သူငယ်ချင်း.."

"ငါ့ဘဝမှာ ဒါဟာ ပထမဦးဆုံး လူသတ်ခြင်းပဲကွာ၊ အချိန်မရှိဘူး ထွက်ကြတော့"

"ဟော့… တစ်ယောက်မှ မလွတ်စေနဲ့"

အသံနက်ကြီးနှင့်အော်ဟစ်ပြီးဝင်လာသော လူထုကြီးကို တွေ့လိုက်ရသဖြင့် ကျော်နီနှင့်သူခွဲပြီး ဇင်မာလက်ကိုဆွဲကာ ပြေးထွက်ခဲ့လေသည်။

"ပန်းအောင်…"

"ဘာများလဲ ဇင်မာ.."

"ခု ဆုပ်ကိုင်ထားတဲ့လက်တွေကို ဘယ်တော့မှ လွှတ်မှာလဲဟင်.."

"ဘဝရဲ့ နောက်ဆုံးချိန်မှ လွှတ်မယ်"

"ဒါပေမဲ့ဟာ ငါတို့ဘဝတွေက ရှေ့ဆက်ပြီး သွေးမြစ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲ စီးဆင်းနေကြရဦးမှာ..."

"ဖင်မာရယ်.. ဒီသွေးမြစ်ဝန်းထဲထိ ဒို့နှစ်ယောက်ဘဝကို အနိုင်မာဆုံး ရင်ဆိုင်သွားမယ်ဆိုတာတော့ နှင်ယုံလိုက်ပါ"

"တကယ်.."

"တကယ်ပေါ့..."

သူတို့နှစ်ယောက်၏ နောက်ဖက်မှာတော့ မီးခိုးလုံးကြီးတွေနှင့် အော်ဟစ်သံတွေကတော့ ကြောက်မက်ဖွယ် ကောင်းအောင်တွေ့နေရပါတော့သည်။

*ပရိသတ်များကိုအစဉ်လေးစားလျက်*

ရွှေဘဝင်